ရေကြေးမှန်

The Mirror Daily

Established in 1957

၁၉၅၇ ခေါ် ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၁၈ ခုနှစ်၊ နယုန်လဆန်း ၅ ရက်၊ အင်္ဂါနေ့။ Tuesday, 23 May 2023 ၁၁၁၀၄

ဆွေမျိုးတို့နှင့် နေရသကဲ့သို့

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်းဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုဓဝဂ်(ဓမ္မပဒ-၂၀၇)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သမိုင်းဝင်ကျိုက်ပညာယျစေတီတော်မြတ်ကြီးအား လှည့်လည်ဖူးမြော်ကြည်ညိုရ၍ ပြုပြင်မွမ်းမံခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပဲခူးမြို့ရှိ ရှေးဟောင်းသမိုင်းဝင် တန်ခိုးကြီးဘုရားစေတီများသို့ သွားရောက်ဖူးမြော်ကြည်ညိုကမ္ဘာဇေယျာဒီရွှေနန်းတော်ကြီး ထိန်းသိမ်းထားရှိမှုအား ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၂

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဇနီး ဒေါ်ကြူကြူလှ၊ ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထိန်ဝင်းနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ရှိ ရှေးဟောင်းသမိုင်းဝင် တန်ခိုးကြီးဘုရားစေတီများသို့ သွားရောက်ဖူးမြော်ကြည်ညိုသည်။

နှစ်ပေါင်း ၁၀၀၀ ကျော်သက်တမ်းရှိ သမိုင်းဝင်ကျိုက်ပညာယျစေတီတော်မြတ်ကြီး

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ပဲခူးမြို့နယ် ဥသမြို့သစ် ပဲခူးတက္ကသိုလ် အနီးတွင် တည်ထားကိုးကွယ်သည့် နှစ်ပေါင်း ၁၀၀၀ ကျော်သက်တမ်းရှိပြီဖြစ်သော သမိုင်းဝင်ကျိုက်ပညာယျစေတီတော်မြတ်ကြီး ပြုပြင်မွမ်းမံခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုကာ စေတီတော်မြတ်ကြီးအား ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူပူဇော်သည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

ယနေ့ ဖတ်စရာ

မြန်မာနိုင်ငံရှိ မိုခါမုန်တိုင်းဘေးသင့်ပြည်သူများထံသို့ အာဆီယံနိုင်ငံများမှပေးပို့သည့် အကူအညီပစ္စည်းများ ဒုတိယအသုတ်လွှဲပြောင်းလက်ခံ

စာမျက်နှာ » ၉

အွန်လိုင်းလူမှုကွန်ရက်စာမျက်နှာ၌ စက်ရုံတွင် အလုပ်သမားအပေါ် ဥပဒေချိုးဖောက်မှုရှိသည်ဟူသော သတင်းဖော်ပြချက်နှင့်ပတ်သက်၍ သတင်းမှန်ထုတ်ပြန်ခြင်း

စာမျက်နှာ » ၁၁

ကြေးမှုံ

ပညာရေးနှင့် မဝေးစေရေး ကျောင်းအမြန်အပ်နှံပေး

၂၀၂၃-၂၀၂၄ ပညာသင်နှစ် ကျောင်းအပ်လက်မှတ်ခံခြင်း သီတင်းပတ်အစီအစဉ် အနေဖြင့် မေ ၂၃ ရက်နေ့မှ ၃၁ ရက်နေ့အထိ ကျောင်းအပ်လက်မှတ်ခံရေးကို စတင်ဆောင်ရွက်နေပြီဖြစ်သည်။ "ကျောင်းနေအရွယ်ကလေးအားလုံး ပညာရေးမဝေးဖို့ ကျောင်းအမြန်အပ်နှံစို့" ဆောင်ပုဒ်နှင့်အညီ တစ်နိုင်ငံလုံးရှိ ကျောင်းနေအရွယ်ကလေးငယ်များအားလုံး ပညာတတ်မြောက်ရေးအတွက် မိဘအုပ်ထိန်းသူများအားလုံးက ကျောင်းအပ်နှံပေးရမည်ဖြစ်သည်။

နိုင်ငံတစ်ဝန်းရှိ ငါးနှစ်အရွယ်ကလေးများအားလုံးကို သူငယ်တန်း (KG) သို့ လည်းကောင်း၊ ခြောက်နှစ်အရွယ်ကလေးများကို ပထမတန်း (Grade-1) သို့ လည်းကောင်း အပ်နှံရမည်ဖြစ်ပြီး ယခုပညာသင်နှစ်တွင် နဝမတန်း (Grade-9) နှင့် ဒွါဒသမတန်း (Grade-12) အတန်းများကို သင်ရိုးသစ်ဖြင့် သင်ကြားသွားမည်ဖြစ်သည်။ ထို့အပြင် ၂၀၂၃-၂၀၂၄ ယခုပညာသင်နှစ်မှစတင်၍ နိုင်ငံတစ်ဝန်းရှိ ခရိုင် ၅၀ တွင် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း ၅၁ ကျောင်းကို ဖွင့်လှစ်သွားမည်ဖြစ်ရာ KG+9 အလယ်တန်းပညာရေး ပြီးဆုံးအောင်မြင်သူများအနေဖြင့် အသက်မွေးဝမ်းကျောင်း အခြေခံရရှိရေးအတွက် Grade-10၊ Grade-11၊ Grade-12 အတန်းများတွင် စိုက်ပျိုး၊ မွေးမြူ၊ စက်မှုနည်းပညာရပ်များကို သင်ယူနိုင်ကြမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ကျောင်းနေအရွယ်ကလေးများ အားလုံး အရည်အသွေးကောင်းမွန်ပြီး အဆင့်မီသည့် ပညာသင်ယူနိုင်ခွင့်ရရှိအောင် ဖန်တီးဖော်ဆောင်ပေးနေသည်။ Education for All အားလုံးအတွက် ပညာရေးဆိုသည့်အတိုင်း ပညာကို လူတိုင်းလူတိုင်း သင်ယူခွင့်ရရှိနိုင်အောင် ဆောင်ရွက်ပေးနေသည်။ သုတေသနတွေ့ရှိချက်များအရ ကလေးများကို ကျောင်းထားရန် စိတ်ဆန္ဒနည်းပါးကြသည့် မိဘအုပ်ထိန်းသူများအား ပညာ၏တန်ဖိုး၊ ပညာ၏အကျိုးကျေးဇူးတို့ကို နားလည်သဘောပေါက်အောင် အသိပညာပေးစည်းရုံးပြီး လူမှုပတ်ဝန်းကျင်အသိုင်းအဝိုင်းက ကူညီပံ့ပိုးပေးရန် အသင့်ရှိနေသည်ကို ယုံကြည်လာအောင် ဆောင်ရွက်ပေးနိုင်ပါက ကလေးများအားလုံး ကျောင်းနေလာကြမည်ဖြစ်သည်။

၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းအရ ကျောင်းသားအများစုသည် မူလတန်းပြီးဆုံးချိန်တွင် ကျောင်းထွက်သွားကြကြောင်းသိရပြီး အသက် (၁၂) နှစ်မှစ၍ ကျောင်းတက်နှုန်း စတင်ကျဆင်းလာကာ အသက် (၁၄)နှစ်နောက်ပိုင်း အလယ်တန်းပညာပြီးဆုံးချိန်တွင် သိသိသာသာကျဆင်းလာသည်ဟု သိရသည်။ ပညာဆက်လက်မသင်ကြားသူ ၁၀ ဦးအား မေးမြန်းလေ့လာမှုအရ သုံးဦးသည် မိသားစုကို ကူညီနေရသောကြောင့်ဟုဖြေဆိုပြီး နှစ်ဦးမှာ ကျောင်းဆက်တက်ရန် ငွေကြေးမတတ်နိုင်သောကြောင့်ဟု ဖြေဆိုကြသည်။ အသက်သုံးနှစ်မှ (၅၀) နှစ်အတွင်းရှိ လူဦးရေ၏ ကျောင်းဆက်မတက်ရခြင်း အဓိကအကြောင်းရင်းကိုဖြေဆိုကြသည်မှာ မကျန်းမာခြင်း၊ မသန်စွမ်းခြင်းကြောင့် ၁ ဒသမ ၉ ရာခိုင်နှုန်း၊ ငွေမတတ်နိုင်သူများမှာ ၂၁ ဒသမ ၅ ရာခိုင်နှုန်း၊ အိမ်အလုပ်ကူရသည်မှာ ၂၉ ဒသမ ၂ ရာခိုင်နှုန်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကူရသည်မှာ ၇ ဒသမ ၂ ရာခိုင်နှုန်း၊ စာမေးပွဲကျခြင်း၊ စာမလိုက်နိုင်ခြင်းနှင့် စိတ်မဝင်စားခြင်းမှာ ၁၂ ဒသမ ၂ ရာခိုင်နှုန်း၊ ကျောင်းဝေးလွန်းသည်မှာ ၄ ဒသမ ၅ ရာခိုင်နှုန်းဖြစ်နေသည်ကိုတွေ့ရသည်။ ကျောင်းမနေသူအားလုံးနှင့်ပတ်သက်၍ အနှစ်ချုပ်ဆိုလျှင် ဆင်းရဲမွဲတေမှုကြောင့်ဖြစ်ရသည်မှာ အများစုဖြစ်နေသည်ကို တွေ့ရသည်။

ထို့ကြောင့် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းတက်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရက အဘက်ဘက်မှ ပံ့ပိုးကူညီအားပေးလျက်ရှိသည်ကို တွေ့ရမည်ဖြစ်သည်။ ပညာရေးသည် မိမိမိသားစုဘဝ တိုးတက်မြင့်မားရေးနှင့် နိုင်ငံတော်တည်ဆောက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်သည်။ ပညာမတတ်သည့်နိုင်ငံသားများပြီး ပညာရေးနိမ့်ကျသည့်နိုင်ငံသည် မတိုးတက်နိုင်ဟု လက်ခံထားကြသည်။ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်ရာတွင် ပညာကို အဓိကတည်ဆောက်ကြသည်။ နိုင်ငံရေးတည်ငြိမ်မှု၊ ရင့်ကျက်မှု၊ စီးပွားရေးတိုးတက်မှုတို့သည် ပညာတတ်ပေါများမှုနှင့် တိုက်ရိုက်အချိုးကျသည်။ အခြေခံအားဖြင့် အားလုံးပညာသင်ကြားနိုင်ရေးအတွက် နိုင်ငံတော်အစိုးရက အခြေခံပညာရေးကို အခမဲ့ပညာသင်ကြားနိုင်ရေး ဖြည့်ဆည်းဆောင်ရွက်ပေးနေသည်။

သာမန်လုပ်ကိုင်စားသောက်နိုင်ရန် အနည်းဆုံး အလယ်တန်းပညာ ပြီးဆုံးအောင် ကြိုးစားသင်ယူကြရမည်ဖြစ်သည်။ မိဘအုပ်ထိန်းသူများနှင့် လုပ်ကိုင်နိုင်စွမ်းရှိသည့် နိုင်ငံသားအားလုံးက မျိုးဆက်နိုင်ငံသားအားလုံး၏ အနာဂတ်အတွက် ခိုင်မာသည့်လမ်းခင်းပေးရန်လိုအပ်သည်။ မိမိတို့ရင်သွေးငယ်များ အနာဂတ်ကို မြော်တွေး၍ မဖြစ်မနေဆောင်ရွက်ကြပါလျှင် မျှော်မှန်းချက်များ အောင်မြင်လာမည်ဖြစ်သည်။ သို့ဖြစ်ရာ မြန်မာနိုင်ငံတွင် ကျောင်းနေအရွယ်ကလေးအားလုံး ပညာသင်ယူခွင့်ရရှိရေး၊ အနည်းဆုံး အလယ်တန်းအဆင့် KG+9 ပြီးမြောက်သည်အထိ ပညာသင်ယူနိုင်ရေးနှင့် အနာဂတ်ပညာရေး ပိုမိုကောင်းမွန်လာစေရန် အမျိုးသားရေးတာဝန်အဖြစ် တက်ညီလက်ညီကြိုးပမ်းဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်
ရာပြည့်အထိမ်းအမှတ်အခမ်းအနား
၂၀၂၃ ခုနှစ် မေလ ၂၆ ရက်
MONREC
UFES
CENTENARY OF FORESTRY
မြန်မာနိုင်ငံတက္ကသိုလ်အဆင့် သစ်တောပညာကို ၁၉၂၃ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်၌
စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၂၃ ခုနှစ်တွင် နှစ် (၁၀၀) ပြည့်မြောက်သဖြင့်
ရာပြည့်အထိမ်းအမှတ် အခမ်းအနားအား ၂၀၂၃ ခုနှစ် မေလ ၂၆ ရက်နေ့တွင်
သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၌ ကျင်းပပါမည်။

တရားမအထူးအယူခံမှု လေးမှု စီရင်ချက်ချမှတ် တရားမအထူးအယူခံမှု သုံးမှု ရုံးထိုင်ကြားနာ

နေပြည်တော် မေ ၂၂

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ ဖြစ်ကြသော ဦးမျိုးတင့်၊ ဦးတင်ဟုန်၊ ဦးသိန်းကိုကို၊ ဒေါ်သင်းသင်းနွဲ့ တို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ တရားမအထူးအယူခံမှု အမှတ် ၁၀၃/ ၂၀၁၉ (မန္တလေး)၊ ၂၀/၂၀၂၁ (ကချင်)၊ ၄၁ / ၂၀၂၂ (ပဲခူး) နှင့် ၄၂ / ၂၀၂၂ (ပဲခူး) စုစုပေါင်း တရားမအထူးအယူခံမှု လေးမှုတို့ကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် တရားမအထူးအယူခံမှု အမှတ် ၅၁/၂၀၂၂ (မန္တလေး)၊ ၁၆/၂၀၂၂ (မန္တလေး) နှင့် ၃၀/၂၀၂၂ (မန္တလေး) စုစုပေါင်း တရားမအထူးအယူခံမှု သုံးမှုတို့ကို ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးညွှန်ကြားချက်များနှင့်အညီ ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၂ - ၅ -၂၀၂၃)

ကုမ္ဍဏီ အမည်	အဖွင့်ဈေး (ကျပ်)	အဝိတ်ဈေး (ကျပ်)	ရှယ်ယာ စောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၈,၁၀၀	၈,၂၀၀	၁,၈၇၁	၁၅,၃၂၂,၃၀၀
MTSH	၂,၉၅၀	၂,၉၅၀	၃၀၄	၈၈၈,၉၅၀
MCB	၇,၀၀၀	၇,၀၀၀	၄၅	၃၁၅,၀၀၀

FPB	၁,၄၅၀	၁,၄၅၀	၁၆	၂၃,၂၀၀
TMH	၂,၄၀၀	၂,၄၀၀	၅၀	၁၂၀,၀၀၀
EFR	၂,၅၅၀	၂,၅၅၀	၀	၀
AMATA	၄,၇၀၀	၄,၇၀၀	၀	၀

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် မေ ၂၂

နိုင်ငံခြားငွေလဲလှယ်နှုန်း							
				(ဆ) ဩစတြေးလျ	တစ်ဒေါ်လာ	=	၁၃၉၅.၁
(က)အမေရိကန်	တစ်ဒေါ်လာ	=	၂၁၀၀.၀	(ဇ) စင်ကာပူ	တစ်ဒေါ်လာ	=	၁၅၆၀.၉
(ခ) ဥရောပ	တစ်ယူရို	=	၂၂၇၂.၀	(ဈ) ဂျပန်	တစ်ရာယန်း	=	၁၅၂၂.၈
(ဂ) တရုတ်	တစ်ယွမ်	=	၂၉၈.၇၀	(ည) တောင်ကိုရီးယား	တစ်ရာဝမ်	=	၁၅၉.၆၀
(ဃ) ထိုင်း	တစ်ဘတ်	=	၆၀.၉၆၇				
(င) မလေးရှား	တစ်ရင်းဂစ်	=	၄၆၁.၉၄				
(စ) အိန္ဒိယ	တစ်ရူပီး	=	၂၅.၃၅၁				

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမှုံ

စာတည်းမှူးချုပ်	- ဦးစိုးစိုးနိုင်	အကြီးတန်း သတင်းထောက်များ	- ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဌ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
စာတည်းမှူး	- ဦးဝင်းနိုင်		
စာတည်းများ	- ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး	အင်ယတန်း သတင်းထောက်များ	- ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
		သုတေသန	- ဒေါ်ဇင်မာဝင့်
ဘာသာပြန်	- ဦးနိုင်လင်းကြည်၊	စာပြင်	- ဒေါ်နှင်းယုလှိုင်နှင့်အဖွဲ့
စာတည်းများ	ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ	စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	- ဦးခိုင်ဝင်းနှင့်အဖွဲ့
		အီးမေးလ်နှင့် အွန်လိုင်း	- ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀ဖြ၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀ဂ၇၇)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၅၊ စီမံ/ဌေစာရင်း ၀၁-၂၉၁၄၅၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့်အဖွဲ့ဝင်များ ဆုတောင်းပြည့်စွယ်တော်ရှင်မဟာစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် "ရှင်ပင်သာလျောင်း" ခေါ် "ရွှေသာလျောင်း" ရုပ်ပွားတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ဖူးမြော်ကြည်ညိုစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ ဆုတောင်းပြည့်စွယ်တော်ရှင် မဟာစေတီတော်မြတ်ကြီးအတွက် ဘက်စုံအလှူငွေများ ပေးအပ်လှူဒါန်းစဉ်။

☆ ရှေ့ဖုံးမှ

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က စေတီတော်ကြီးအတွက် ဘက်စုံအလှူငွေများကို ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လက်ခံရယူသည်။

ထို့နောက် သမိုင်းဝင်စေတီတော်မြတ်ကြီးအား ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြုပြင်မွမ်းမံခြင်း လုပ်ငန်းများကို ဆောင်ရွက်ရာတွင် ရေရှည်ကိုမျှော်မှန်း၍ စနစ်တကျတွက်ချက်ဆောင်ရွက်ရန်လိုကြောင်း၊ လက်ရှိစေတီတော်ကြီး၏ရင်ပြင်တော်မှာ ဘုရားဖူးအများအပြား လာရောက်ပါက အဆင်ပြေနိုင်မည်မဟုတ်သောကြောင့် အထက်ပစ္စယံ၊ အလယ်ပစ္စယံနှင့် အောက်ပစ္စယံတို့ကို ဆောင်ရွက်သွားရန်လိုကြောင်း၊ စေတီတော်ကြီး ပရိဝုဏ်အတွင်း သန့်ရှင်းသာယာလှပရေးတို့ကို ဆောင်ရွက်ရန်လိုပြီး ရေဝင်ရေထွက် ကောင်းမွန်ရေးကိုပါ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မွန်ဘုရားဖြစ်သည့်အတွက် မွန်လက်ရာများလည်း ပါဝင်ရန်လိုကြောင်း၊ နှစ်ပေါင်း ၁၀၀၀ ကျော် သက်တမ်းရှိပြီဖြစ်သည့် သမိုင်းဝင်ကျိုက်ပညာယျ စေတီတော်မြတ်ကြီး ပြုပြင်မွမ်းမံမည့် လုပ်ငန်းကဏ္ဍများ၌ ရဟန်း၊ ရှင်လူ၊ အများပြည်သူတို့ ပါဝင်ကုသိုလ်ယူနိုင်ရေးအတွက်လည်း နိဗ္ဗာန်အကျိုးမျှော်၍ နှီးဆော်ရန်လိုကြောင်း မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စေတီတော်မြတ်ကြီးအား လက်ယာရစ် လှည့်လည်ဖူးမြော်ကြည်ညိုရှိ၍ ပြုပြင်မွမ်းမံခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များလမ်းညွှန်မှာကြားသည်။

ဆုတောင်းပြည့်စွယ်တော်ရှင်မဟာစေတီတော်မြတ်ကြီး

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပဲခူးမြို့မဇင်းရပ်ကွက်ရှိ ဒုတိယမြန်မာနိုင်ငံတော်ကြီးကို တည်ထောင်တော်မူခဲ့သော ဟံသာဝတီဆင်ဖြူများရှင် ဘုရင့်နောင်မင်းတရားကြီး ကိုယ်တော်တိုင် တည်ထား ကိုးကွယ်ခဲ့သည့် ဆုတောင်းပြည့် စွယ်တော်ရှင်မဟာ စေတီတော်မြတ်ကြီးသို့ ရောက်ရှိကြပြီး စေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူပူဇော်သည်။ ထို့နောက် စေတီတော်မြတ်ကြီးအတွက် ဘက်စုံအလှူငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပက အဖွဲ့က လက်ခံရယူပြီး ဓမ္မလက်ဆောင်များ ပြန်လည်ပေးအပ်သည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စေတီတော်မြတ်ကြီး ဇည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပူဇော်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ဖူးမြော်ကြည်ညိုပြီး စေတီတော်မြတ်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် လိုအပ်သည့် ပြုပြင်မွမ်းမံ ထိန်းသိမ်းမှုများကို မပြတ်ဆောင်ရွက်သွားရန် တာဝန်ရှိသူများကို မှာကြားသည်။

ရွှေသာလျောင်းရုပ်ပွားတော်မြတ်ကြီး

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် "ရှင်ပင်သာလျောင်း" ခေါ် "ရွှေသာလျောင်း" ရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူပူဇော်သည်။ ယင်းနောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က ဘက်စုံအလှူငွေများ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူပြီး ဓမ္မလက်ဆောင် ပြန်လည်ပေးအပ်သည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဇည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရုပ်ပွားတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ဖူးမြော်ကြည်ညိုပြီး ရုပ်ပွားတော်မြတ်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် သန့်ရှင်းသာယာလှပပြီး လာရောက်ဖူးမြော်သူများ ကြည်ညိုသပ္ပာယ်ဖွယ်ဖြစ်စေရေး လိုအပ်သည့် ပြုပြင်ထိန်းသိမ်းမှုများကို အမြဲမပြတ် ဆောင်ရွက်ရန်လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ၦင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အာရုံခံတန်ဆောင်းအတွင်းရှိ သာသနာရေးဆိုင်ရာ ပစ္စည်းများနှင့် **စာမျက်နှာ ၄ သို့** ☆

☆ စာမျက်နှာ ၃ မှ

ရိုးရာလက်မှုပစ္စည်း အရောင်းဆိုင်များကို လှည့်လည်ကြည့်ရှုအားပေးသည်။

ရွှေမော်ဓော စေတီတော်မြတ်ကြီး

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရွှေမော်ဓောစေတီတော်မြတ်ကြီးသို့ ရောက်ရှိဖူးမြော်ကြပြီး ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူပူဇော်သည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က ဘက်စုံအလှူငွေများ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူပြီး ဓမ္မလက်ဆောင်များ ပြန်လည်ပေးအပ်သည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စေတီတော်မြတ်ကြီး ဇည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပူဇော်သည်။

ဎင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စေတီတော်မြတ်ကြီး အထက်ပစ္စယံရှိ ဆုတောင်းပြည့်ဘီလူးရန်နိုင် ဘုရားအား ဖူးမြော်ကြည်ညြိုသည်။

ထို့နောက် စေတီတော်မြတ်ကြီးရှိ ရွှေမော်ဓောစေတီတော်သမိုင်းပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ရှေးဟောင်းလက်ရာ ဗုဒ္ဓရုပ်ပွားတော်များ၊ လက်ဝတ်ရတနာများ၊ အသုံးအဆောင်ပစ္စည်းများကို ကြည့်ရှုပြီး ရှေးဟောင်းလက်ရာများသည် သမိုင်းကို ပြသနေခြင်းပင်ဖြစ်သည့်အတွက် မပျောက်ပျက်၊ မပျက်စီးအောင် စနစ်တကျ ထိန်းသိမ်းကြရန်နှင့် အခြားလိုအပ်သည်များကို မှာကြားကာ စေတီတော် မြတ်ကြီးအား လက်ယာရစ် လှည့်လည်ဖူးမြော်ကြည်ညြိုခဲ့ကြသည်။

ကမ္ဘောဇသာဒီ ရွှေနန်းတော်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် ကမ္ဘောဇသာဒီ ရွှေနန်းတော်သို့ ရောက်ရှိကြပြီး ရွှေနန်းတော်အတွင်း ယခင်မြေနန်းပြာသာဒ် ဆောင်နေရာမှ တူးဖော်ရရှိသည့် ကျွန်းတိုင်များကို ပြသထားရှိမှု၊ နန်းတော်အားပြန်လည် ပြုပြင်ထိန်းသိမ်းရန် ဆောင်ရွက်လျက်ရှိမှု၊ နန်းတော်ပြတိုက်အတွင်း ရှေးဘုရင်များ အသုံးပြုခဲ့သည့် အသုံးအဆောင်ပစ္စည်းများ ပြသထားရှိမှုများကို လည်းကောင်း၊ ဟံသာဝတီ ရှေးဟောင်းသုတေသန ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ နှင့် ရှေးဟောင်းအသုံးအဆောင်ပစ္စည်းများကို လည်းကောင်း၊ ဘာမရာသနပလ္လင်တော်ဆောင်အတွင်း ခင်းကျင်းထားရှိမှုများကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများ အပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကမ္ဘောဇသာဒီ ရွှေနန်းတော်ကြီးအား ပြန်လည်ပြုပြင်ထိန်းသိမ်းမှုများကို အမြန်ဆုံးဆောင်ရွက်ရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း သမိုင်းမှတ်တမ်းမှတ်ရာများ၊ မြေနန်းပြာသာဒ်မှ တူးဖော်ရရှိသည့် ရှေးလက်ရာများ အတိုင်း ပြန်လည်ပြုပြင်ထိန်းသိမ်းဆောင်ရွက်ရန်လိုကြောင်း၊ ပြတိုက်အား လာရောက်လေ့လာသူများ အလွယ်တကူ လေ့လာနိုင်ရေး ခေတ်နှင့်လျော်ညီစွာ ခင်းကျင်းပြသထားရှိရန်လိုကြောင်း၊ ဘုရင့်နောင်မင်းတရားကြီး စီးနင်းအသုံးပြုခဲ့သည့် ရထားတော်ကြီး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရွှေမော်ဓောစေတီတော် သမိုင်းပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ရှေးဟောင်းလက်ရာ ဗုဒ္ဓရုပ်ပွားတော်များ၊ လက်ဝတ်ရတနာများ၊ အသုံးအဆောင်ပစ္စည်းများကို ကြည့်ရှုစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ ရွှေမော်ဓောစေတီတော်မြတ်ကြီးအတွက် ဘက်စုံအလှူငွေများ ပေးအပ်လှူဒါန်းစဉ်။

ကို မူလအရွယ်အစားအတိုင်းရှေးမူမပျက် ပြန်လည်တည်ဆောက်၍ ပြသထားရန်လိုကြောင်း၊ ကမ္ဘောဇသာဒီ ရွှေနန်းတော်ကြီးအတွင်း သန့်ရှင်းသာယာလှပစေရေး အမြဲမပြတ် ဆောင်ရွက်နေရန်လိုကြောင်း၊ ဟံသာဝတီမြို့တော်ဟောင်းနေရာအား ပြန်လည်ဖော်ထုတ်ထိန်းသိမ်းနိုင်ရေး တာဝန်ရှိသူများအနေဖြင့် ဆောင်ရွက်ရန်လိုကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်သည် ကမ္ဘောဇသာဒီ ရွှေနန်းတော်ရှိ ဇည့်သည်တော် မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

မြန်မာသက္ကရာဇ် ၉၁၅ (အေဒီ ၁၅၅၃) ခုနှစ်တွင် ဘုရင့်နောင်မင်းတရားကြီးသည် ဟံသာဝတီဒေသ၌ အကျယ်အဝန်း ၃၄၀၀ စတုရန်းမီတာရှိကာ မြို့ရိုးပတ်လည် တစ်ဖက်တစ်ချက်စီတွင် မြို့တံခါး ငါးပေါက်ပါရှိပြီး စုစုပေါင်း မြို့တံခါး ၂၀ ဖြင့် တည်ဆောက်ထားသည့်ကြီးကျယ်ခမ်းနားသည့် နန်းတော်သစ်တစ်ခုကို တည်ဆောက်ခဲ့ပြီး "ကမ္ဘောဇသာဒီ"ဟု ခေါ်တွင်စေခဲ့ကြောင်း၊ မြန်မာသက္ကရာဇ် ၉၄၃ ခုနှစ်(အေဒီ ၁၅၈၁)ခုနှစ် သက်တော် ၆၆ နှစ်တွင် ဘုရင့်နောင်မင်းတရားကြီး နတ်ရွာစံခဲ့ပြီး သားတော်နန္ဒဘုရင် လက်ထက်တွင် ဟံသာဝတီမြို့ ပျက်စီးခဲ့ရကာ "ကမ္ဘောဇသာဒီ" နန်းတော်ကြီးမှာလည်း မီးရှို့ဖျက်ဆီးခံခဲ့ရကြောင်း၊ ထို့နောက် နှစ်ပေါင်း ၄၀၀ ကျော်ခန့် အပျက်အစီးများအောက်တွင် တိမ်မြုပ်ပျောက်ကွယ်ခဲ့ရသည့် "ကမ္ဘောဇသာဒီ" နန်းတော်ကြီးကို ရှေးဟောင်းသုတေသနဦးစီးဌာနက ၁၉၉၀ ပြည့်နှစ် နှစ်ဆန်းပိုင်းမှ ၁၉၉၇ ခုနှစ်အထိ သုတေသနပြုတူးဖော်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း၊ မြေနန်းပြာသာဒ်ဆောင်နေရာအား ၁၉၉၃ ခုနှစ် ဒီဇင်ဘာ ၁၃ ရက်တွင်စတင်သုတေသနပြုတူးဖော်ခဲ့ရာ မြေနန်းပြာသာဒ်ဆောင်၊ စနုဆောင်၊ လက်ဝဲဝင်းဆောင်နှင့် လက်ယာဝင်းဆောင်တို့၏ အုတ်ခုံပန္နက်များကို တွေ့ရှိခဲ့ကြောင်း၊ အဆိုပါနေရာများမှ ကျွန်းတိုင်လုံး အကြွင်းအကျန်များကို တွေ့ရှိခဲ့ရပြီး အချို့ကျွန်းတိုင်များတွင် ပေးပို့ဆက်သသူများ၏ အမည်များ ရေးထိုးထားသည်ကို တွေ့ရှိရကြောင်း၊ ဘုရင့်နောင်မင်းတရားကြီး၏ မြေနန်းပြာသာဒ်ဆောင်၊ လက်ဝဲဝင်းဆောင်၊ လက်ယာဝင်းဆောင်နှင့် စနုဆောင်တို့ကို ပုံစံတူ ပြန်လည် တည်ဆောက်ရေးအတွက် တူးဖော်တွေ့ရှိရသည့် ပန္နက်ပုံ၊ မှတ်တမ်းအထောက်အထားများနှင့် ညှိနှိုင်း၍ ပုံစံတူ ပြန်လည် တည်ဆောက်ထားခြင်းဖြစ်ကြောင်းနှင့် ပြည်တွင်း ပြည်ပမှ လာရောက်လေ့လာသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကမ္ဘောဇသာဒီရွှေနန်းတော်ပြတိုက်အတွင်း ရှေးဘုရင်များအသုံးပြုခဲ့သည့် အသုံးအဆောင်ပစ္စည်းများ ပြသထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME)လုပ်ငန်းရှင်များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားစဉ်။

နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်လာစေရေး ပြည်တွင်းကုန်ထုတ်လုပ်မှုကို အားပေးဆောင်ရွက် အဓိကအားဖြင့် အလုပ်လုပ်ရန်နှင့် အလုပ်လုပ်နိုင်ရန် ဖန်တီးပေးရမည်

ကုန်ထုတ်လုပ်မှုများ ဆောင်ရွက်နိုင်ခြင်းဖြင့် ဝင်ငွေများ ပိုမိုကောင်းမွန်လာမည်ဖြစ်ပြီး ပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်မြင့်မားလာမည်

နေပြည်တော် မေ ၂၂

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များအား ပဲခူးမြို့ မြို့တော်ခန်းမ၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာများနှင့် စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အတူ ကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ ကာကွယ်ရေးဦးစီးချုပ် ရုံးမှ တပ်မတော် အရာရှိကြီးများ၊ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထိန်ဝင်း၊ ဒုတိယဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိ၊ မြို့ဖများ၊ ပဲခူးတိုင်းဒေသကြီး အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

MSME လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် လိုအပ်ချက်များအား တစ်ဦးချင်း တင်ပြဆွေးနွေး

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပဲခူးတိုင်းဒေသကြီးအတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း (MSME)များ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိမှု၊ ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ အကြီးစား၊ အလတ်စားနှင့် အငယ်စားစက်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသည့် MSME လုပ်ငန်းရှင်များက ဆွေးနွေးတင်ပြကြရာတွင် ပဲခူးတိုင်းဒေသကြီး ဆန်စက်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးပြည့်ဖြိုးအောင်၊ ဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမိုးသက်၊ ပန်းပုလုပ်ငန်းရှင်များ ကိုယ်စား ဦးအောင်ကျော်ဆန်း၊ Light House ကော်ဖီ (တောင်ငူ) လုပ်ငန်းရှင် ဦးဇေယျာမင်း၊ သံရည်ကျို လုပ်ငန်းရှင်များ ကိုယ်စား ဦးဌေးဝင်း၊ ပဲခူးမြို့ မြို့မိ မြို့ဖ ဦးဆန်နီနှင့် တက်ရောက်လာကြသူများက ဆန်စက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် အရင်းအနှီးများနှင့် နည်းပညာများကို နိုင်ငံတော်မှ ကူညီဆောင်ရွက်ပေးစေလိုမှု၊ ဒေသတွင်း စျေးကွက်လိုအပ်ချက်ရှိသည့် စားအုန်းဆီလုပ်ငန်းတိုးချဲ့ဆောင်ရွက်လိုမှု၊ ဒေသတွင်းအောင်မြင်လျက်ရှိသည့် ပန်းပုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်တွင်း၊ ပြည်ပ လက်မှုအနုပညာပြပွဲများသို့ ပါဝင်ပြသနိုင်ရေးအတွက် နိုင်ငံတော်မှ လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးလိုမှု၊ ဒေသတွင်း လည်ပတ်လျက်ရှိသည့် အသေးစား၊ အငယ်စား၊ အလတ်စားလုပ်ငန်းများအတွက် လိုအပ်သည်များကူညီဆောင်ရွက်ပေးစေလိုမှု၊ စိုက်ပျိုးမွေးမြူရေး မြို့နယ်အဆင့် ကုန်စည်ဒိုင်များဖြစ်ပေါ်လာမည်ဆိုပါက အကျိုးအမြတ်များ ဖြစ်ပေါ်လာနိုင်မှု၊ လူစွမ်းအားအရင်းအမြစ်ကောင်းများ ပေါ်ထွက်လာရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို အသီးသီး တင်ပြဆွေးနွေးကြရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ ပြန်လည် မေးမြန်းဆွေးနွေးပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေး

ဆက်လက်ပြီး လုပ်ငန်းရှင်များ၏ တစ်ဦးချင်း ရှင်းလင်းတင်ပြမှုများနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးများက ဝန်ကြီးဌာနအလိုက် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံတော်အနေဖြင့် ချေးငွေများကို ခေါင်းစဉ်အမျိုးမျိုးဖြင့် ထုတ်ချေးပေးထားပြီး ၎င်းချေးငွေများ ပြန်လည်ရရှိမှသာလျှင် ရင်းနှီးမတည်ငွေများ ပြန်လည်ထုတ်ပေးနိုင်မည်ဖြစ်သဖြင့် မှန်မှန်ကန်ကန် ဖြင့် ဆောင်ရွက်ရန် လိုအပ်မှု၊ လုပ်ငန်းများအတွက် ချေးငွေများ ရရှိလိုမှုနှင့်ပတ်သက်၍ လုပ်ငန်းရှင်များအနေဖြင့် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ တင်ပြလျှောက်ထားနိုင်ပြီး မှန်မှန်ကန်ကန် ဆောင်ရွက်ရန်လိုအပ်မှု၊ လုပ်ငန်းတိုးချဲ့ဆောင်ရွက်နိုင်ရေးတို့အတွက် လုပ်ငန်းအလိုက် အတိုးနှုန်းသက်သာသည့် ချေးငွေများ ရရှိနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိမှု၊ ချေးငွေများ ရယူပြီးပါက လုပ်ငန်းများ အောင်မြင်အောင်ဆောင်ရွက်ပြီး သတ်မှတ်ကာလအတွင်း ပြန်လည်ပေးဆပ်သွားရန်လိုအပ်မှု၊ ပဲခူးတိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်သဖြင့် သက်ဆိုင်ရာဦးစီးဌာနများ မှတစ်ဆင့် ဆက်သွယ်ဆောင်ရွက်နိုင်မှု၊ ဒေသတွင်း စိုက်ပျိုးမွေးမြူရေး လုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးလုပ်ငန်းများ အဆင်ပြေချောမွေ့မှုရှိစေရေးနှင့် လိုအပ်သည့် စက်ကိရိယာများ၊ ယာဉ်ယန္တရားများ၊ အရင်းအနှီးများနှင့် နည်းပညာ လိုအပ်ချက်များကို သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ကူညီဆောင်ရွက်ပေးမည် ဖြစ်သဖြင့် သက်ဆိုင်ရာဦးစီးဌာနများ မှတစ်ဆင့် ဆက်သွယ်ဆောင်ရွက်နိုင်မှု၊ ပဲခူးတိုင်းဒေသကြီးအတွင်း သစ်တောဖုံးလွှမ်းမှုပမာဏ ယခုထက် ပိုမိုမြင့်တက်လာစေရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို ဒေသခံများ အားလုံးက အလေးထားဆောင်ရွက်ကြရန်လိုအပ်မှု၊ ဒေသမှ ထွက်ရှိသည့် ထုတ်ကုန်များ စျေးကွက်ရရှိရေးအတွက် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME)ပြပွဲ၊ ပြိုင်ပွဲများတွင် ဝင်ရောက်ပြသခြင်းနှင့် MSME လုပ်ငန်းကော်မတီနှင့် အမြဲမပြတ် ဆက်သွယ်ဆောင်ရွက်မှုရယူရန် လိုအပ်မှုတို့နှင့် ပတ်သက်၍ ဆွေးနွေးပြောကြားသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များ ဆောင်ရွက်ပေးနိုင်ရန် လာရောက်ခြင်းဖြစ်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာများနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားရာတွင် မိမိတို့နိုင်ငံ၏ စီးပွားရေးလုပ်ငန်းများကို မြှင့်တင်နိုင်ရန်အတွက် လိုအပ်သည်များကို ဆွေးနွေးပြောကြားနိုင်ရန်၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်များ၏ လိုအပ်ချက်များကို စာမျက်နှာ ၆ သို့ »»

☆ **နိုင်ငံတော်အနေဖြင့် အလုပ်အကိုင်များဖန်တီးပေးနိုင်ရေးနှင့် အလုပ်လုပ်နိုင်ရန်အခွင့်အရေးများ ဖော်ဆောင်ပေးလျက်ရှိကြောင်း၊ တိုင်းပြည်၏အားသည် ပြည်တွင်းမှာသာရှိကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံအခက်အခဲဖြစ်ပေါ်ချိန်တွင် မိမိတို့နိုင်ငံ၏အားဖြင့်သာ ဆောင်ရွက်ရမည်**

☆ **မိမိတို့အနေဖြင့် ရွေးကောက်ပွဲ ပြန်လည်ကျင်းပ၍ ရွေးကောက်ခံအစိုးရထံသို့ နိုင်ငံ့တာဝန်များ ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေးအတွက် မဖြစ်ဖြစ်အောင် ဆောင်ရွက်သွားမည်**

»» စာမျက်နှာ ၅ မှ

ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် ယခုကဲ့သို့ လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုတွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများ၏ တင်ပြချက်များအပေါ် နိုင်ငံတော်အနေဖြင့် မည်ကဲ့သို့ ဆောင်ရွက်ပေး၍ရနိုင်မည်ကို စဉ်းစားဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း၊ ပဲခူးတိုင်းဒေသကြီးသည် ပြည်နယ်နှင့် တိုင်းဒေသကြီးများအားလုံး၌ မွန်ပြည်နယ်ပြီးပါက စီးပွားရေးအားကောင်းသည့် တိုင်းဒေသကြီးတစ်ခုဖြစ်သည်ကို အချက်အလက်များအရ သိရှိရကြောင်း၊ နိုင်ငံတော်၏ စီးပွားရေးအတွက် အားကိုးအားထားရသည့် တိုင်းဒေသကြီးတစ်ခုဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ စီးပွားရေးသည် ၂၀၁၈ ခုနှစ်မှ စတင်၍ ကျဆင်းခဲ့ကြောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် ကိုဗစ်-၁۹ ရောဂါဖြစ်ပေါ်ခဲ့မှုများကြောင့် စီးပွားရေးပိုမိုကျဆင်းခဲ့ရကြောင်း၊ ၂၀၂၁ ခုနှစ်တွင် ကိုဗစ်-၁۹ ရောဂါဖြစ်ပေါ်မှုနှင့် နိုင်ငံရေး ပဋိပက္ခများကြောင့် စီးပွားရေးသည် အနုတ်လက္ခဏာဖြစ်ခဲ့ကြောင်း။

စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို အားပေးဆောင်ရွက်

ယခင်က ပြည်တွင်းကုန်ထုတ်လုပ်မှုကို အားပေးမှု နည်းပါးခဲ့ကြောင်း၊ နိုင်ငံအနေဖြင့် ရောင်းချ၍ရသည့် ထုတ်ကုန်ပစ္စည်းများကို လုံလောက်စွာ ထုတ်လုပ်နိုင်ရန် လိုကြောင်း၊ စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်များ၊ မြေသယံဇာတ ပစ္စည်းများ၊ ရေသယံဇာတပစ္စည်းများကို ထုတ်လုပ်ရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းသည် ပိုမိုအောင်မြင်နိုင်သည့် အခြေခံခိုင်မာပြီးဖြစ်သော ကုန်ထုတ်လုပ်ငန်း ဖြစ်သဖြင့် မိမိတို့အနေဖြင့် အားပေးဆောင်ရွက်နေခြင်းဖြစ်ပြီး အလုပ်လုပ်နိုင်ရန် အဓိကအားဖြင့် လိုအပ်ကြောင်း၊ မိမိတို့နိုင်ငံတွင် မိုးစပါးစိုက်ဧက ၁၅ သန်းရှိပြီး လယ်စိုက်ဧကမှာ ၁၃ သန်းကျော်ရှိကြောင်း၊ အဆိုပါမြေများ၌ မိုးစပါးစိုက်ပျိုးပြီး သီးထပ်များကို စိုက်ပျိုးမည်ဆိုပါက သီးထပ်စွမ်းအားများ တိုးတက်လာမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မျိုး၊ မြေ၊ ရေ၊ နည်းဟူ၍ရှိပြီး အားလုံး ပြည့်စုံကောင်းမွန်နေရန်လိုကြောင်း၊ မျိုးကောင်းမျိုးသန့်များရရှိရန်လိုအပ်သကဲ့သို့ မြေဆီမြေဩဇာ ကောင်းမွန်အောင်ဆောင်ရွက်ရန်လည်း လိုကြောင်း၊ အလားတူ စိုက်ပျိုးရေးအတွက် အဓိကလိုအပ်သည့် အောင်ရေများ လုံလောက်စွာရရှိရန်လည်းလိုကြောင်း၊ စိုက်ပျိုးနည်းစနစ်များလည်း မှန်ကန်ရန် လိုအပ်ကြောင်း၊ ထိုကဲ့သို့ဆောင်ရွက်နိုင်မှသာလျှင် တစ်ဧကချင်းအထွက်နှုန်းများ တိုးတက်လာမည်ဖြစ်ကြောင်း၊ အလားတူ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် စက်မှု၊ လက်မှု ထုတ်ကုန်ပစ္စည်းများကို ကြည့်ရှုလေ့လာစဉ်။

မွေးမြူရေး လုပ်ငန်းများတွင်လည်း မျိုးကောင်းမွန်ရန် လိုအပ်သကဲ့သို့ မွေးမြူရေးစနစ်များနှင့် တိရစ္ဆာန် အစားအစာများကို လုံလောက်စွာ ကျွေးမွေးနိုင်ရန် လိုကြောင်း။

စိုက်ပျိုးရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် သီးထပ်စွမ်းအားများကို မြှင့်တင်ဆောင်ရွက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် ဒေသထွက်ကုန်ပစ္စည်းများကို ကြည့်ရှုလေ့လာစဉ်။

ခြင်းဖြင့် နိုင်ငံအတွက် စိုက်ပျိုးရေးထုတ်ကုန်များကို ပိုမိုထုတ်လုပ်နိုင်ပြီး နိုင်ငံအတွက်ဝင်ငွေများ ပိုမိုရရှိစေမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ယခုထက်ပိုမိုတိုးတက်အောင်ဆောင်ရွက်ပြီး အထွက်နှုန်းများတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ပဲခူးတိုင်းဒေသကြီး၏ ဝင်ငွေများ ပိုမိုရရှိလာမည်ဖြစ်ကြောင်း။

MSME လုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး ကုန်ကြမ်းပစ္စည်း၊ လျှပ်စစ်ဓာတ်အား၊ သွင်းအားစုများနှင့် လူသားအရင်းအမြစ်ကောင်းများ လိုအပ်

MSME လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကုန်ကြမ်းများ လိုအပ်ကြောင်း၊ အလားတူ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ရန် အတွက် လျှပ်စစ်ဓာတ်အားများ လိုအပ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ယခင်ကတည်းက လျှပ်စစ်ဓာတ်အားပေးစီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးဖြင့် နောင့်နှေးခြင်းနှင့် ရပ်တန့်ခဲ့ရမှုများရှိကြောင်း၊ ထို့ကြောင့် လျှပ်စစ်ဓာတ်အားလိုအပ်ချက်များ ယခုအချိန်အထိ ဖြစ်ပေါ်နေခြင်းဖြစ်ကြောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဆည်များ တည်ဆောက် ထားသော်လည်း PDF အမည်ခံအကြမ်းဖက်သမားများအပါအဝင် လက်နက်ကိုင် အဖွဲ့အစည်းအချို့၏ ဖျက်ဆီးမှုများကို ကြုံတွေ့နေရကြောင်း၊ ထို့ကြောင့်လည်း လျှပ်စစ်ဓာတ်အားနှင့်ပတ်သက်၍ လိုအပ်ချက်များရှိနေခြင်းဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် ဓာတ်မြေသြဇာများလည်း လိုအပ်သဖြင့် ပြည်ပမှ ဝယ်ယူနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံခြားငွေရှိမှသာ ပြည်ပမှ ဝယ်ယူနိုင်မည်ဖြစ်သဖြင့် နိုင်ငံခြားငွေရရှိရေး ပြည်တွင်းကုန်ထုတ်လုပ်မှု လုပ်ငန်းများကို ပိုမိုတိုးတက်အောင် ပိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း။

MSME လုပ်ငန်းများအတွက် လိုအပ်သည့်ရင်းနှီးမတည်ငွေများကို မိမိတို့အနေဖြင့် သတ်မှတ်ချက်များနှင့်အညီ ထုတ်ချေးပေးလျက်ရှိကြောင်း၊ အလားတူ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများအတွက် လိုအပ်သည့် လူသားအရင်းအမြစ်များ လုံလောက်စွာ ရရှိစေရေး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုအထက်တန်း ကျောင်းများကို စတင်ဖွင့်လှစ် သင်ကြားလျက်ရှိကြောင်း၊ မိမိတို့နိုင်ငံတွင် အတန်းပညာ တတ်မြောက်မှုများ နည်းပါးနေသေးကြောင်း၊ အတန်းပညာ တတ်မြောက်မှသာ အတတ်ပညာများကို သင်ကြားနိုင်မည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင် နို့ထွက်ပစ္စည်းများကို ပြည်ပမှ နှစ်စဉ်တင်သွင်းနေရကြောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်း နွားမွေးမြူရေးလုပ်ငန်းများကို အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်၍ နို့ထွက်ပစ္စည်းထုတ်လုပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်နိုင်သည်ကို တွေ့ရှိရကြောင်း၊ အလားတူ ရန်ကုန်တိုင်းဒေသကြီးအတွက် လိုအပ်သည့် အသား၊ ငါး၊ ဥများကို ထုတ်လုပ်၍ ရောင်းချနိုင်မည်ဆိုပါက ဒေသဝင်ငွေများ ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း၊ ပြည်တွင်း၌ ထုတ်လုပ်၍ ရောင်းချနိုင်သကဲ့သို့ တန်ဖိုးမြှင့် ထုတ်ကုန်များ ထုတ်လုပ်ပြီး ပြည်ပသို့ပါ တင်ပို့နိုင်သဖြင့် ပဲခူးတိုင်းဒေသကြီးအတွက် အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း။

ပဲခူး တိုင်းဒေသကြီးအတွင်း ရော်ဘာစိုက်ပျိုးမှု ဧက ၅၀၀၀၀ ခန့်ရှိသည်ကို တွေ့ရှိရကြောင်း၊ ဒေသတွင်းမှထွက်ရှိသည့် ရော်ဘာများကို အခြေခံ၍ ဒေသအတွက် လိုအပ်သည့် မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်တာယာများ၊ အခြား လူသုံးကုန်ပစ္စည်းများကို ထုတ်လုပ်နိုင်ရန် လိုကြောင်း၊ အလားတူ ဒေသတွင်း ဆန်ဖူလုံမှုရှိသည်ကို တွေ့ရှိရကြောင်း၊ စပါးကြိတ်ခွဲရာမှထွက်ရှိလာသည့် ဖွဲ၊ ဆန်ကွဲများကိုလည်း တိရစ္ဆာန်အစာအပါအဝင် အကျိုးရှိစွာ အသုံးချနိုင်ရန်လိုကြောင်း၊ ဆီထွက်သီးနှံများကိုလည်း အမှန်တကယ် ဖြစ်ထွန်းအောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသတွင်း စားသုံးဆီလိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် စားသုံးဆီများကို ပြည်ပမှ နှစ်စဉ် နိုင်ငံခြားငွေများ အသုံးပြု၍ ဝယ်ယူနေရကြောင်း၊ သီးထပ်များ စိုက်ပျိုးရာတွင် ဆီထွက်သီးနှံများကို အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်ပမှ စားသုံးဆီ တင်သွင်းရမှုများ လျော့ကျသွားမည် ဖြစ်ကြောင်း၊ ထို့ကြောင့် ပဲခူးတိုင်းဒေသကြီးအတွင်း ဆီထွက်သီးနှံများကို အောင်မြင် ဖြစ်ထွန်းအောင် ဆောင်ရွက်ကြ စေလိုကြောင်း၊ ကုန်ထုတ်လုပ်မှုများကို ဆောင်ရွက်နိုင်ခြင်းဖြင့် ဝင်ငွေများ ပိုမိုကောင်းမွန်လာမည်ဖြစ်ပြီး ပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက် မြင့်မားလာမည်ဖြစ်ကြောင်း။

အလုပ်လုပ်ရန်နှင့် အလုပ်လုပ်နိုင်အောင် ဖန်တီးပေးရန် အဓိကလိုအပ်

နိုင်ငံ့စီးပွားရေး ကောင်းမွန်အောင် ဆောင်ရွက်ရမည်ဖြစ်သဖြင့် သက်ဆိုင်ရာ လုပ်ငန်းရှင်များ အနေဖြင့် ပိုင်းဝန်း၍ တိုးတက်အောင်ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ အဓိကအားဖြင့် အလုပ်လုပ်ရန်နှင့် အလုပ်လုပ်နိုင်အောင် ဖန်တီးပေးရန်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် အလုပ်အကိုင်များဖန်တီးပေးနိုင်ရေးနှင့် အလုပ်လုပ်နိုင်ရန် အခွင့်အရေးများ ဖော်ဆောင်ပေးလျက်ရှိကြောင်း၊ တိုင်းပြည်၏အားသည် ပြည်တွင်းမှာသာရှိကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံ အခက်အခဲဖြစ်ပေါ်ချိန်တွင် မိမိတို့နိုင်ငံ၏အားဖြင့်သာ ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ **မိမိတို့အနေဖြင့် ရွေးကောက်ပွဲ ပြန်လည်ကျင်းပ၍ ရွေးကောက်ခံ အစိုးရထံသို့ နိုင်ငံ့တာဝန်များ ပြန်လည်လွှဲပြောင်း ပေးအပ်နိုင်ရေးအတွက် မဖြစ်ဖြစ်အောင် ဆောင်ရွက်သွားမည်ဟု အာမခံ**ကြောင်း၊ ထို့ကြောင့် တိုင်းပြည်တည်ငြိမ်အေးချမ်းအောင် ဦးစွာ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ **တိုင်းပြည်အတွက် ကောင်းမွန်သည့်စိတ်ဖြင့် ဆောင်ရွက်မည် ဆိုပါက မည်သူ့ကိုမဆို လက်တွဲ ဆောင်ရွက်သွားမည်ဖြစ်သည်ကို အသိပေးလို**ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော်ကို ကောင်းမွန်အောင် ဆောင်ရွက်လိုသည့်စိတ်ဖြင့်သာ လုပ်ဆောင်နေခြင်းဖြစ်သဖြင့် အောင်မြင်မှုများရရှိမည်ဟု ယုံကြည်ပါကြောင်း ဆွေးနွေးတိုက်တွန်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် တက်ရောက်လာကြသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME) လုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ခင်းကျင်းပြသထားသည့် ဒေသထွက်ကုန်ပစ္စည်းများ၊ စားသောက်ကုန်၊ လူသုံးကုန်၊ စက်မှုလက်မှုထုတ်ကုန်၊ ရိုးရာလက်မှုထုတ်ကုန်များ၊ အဝတ်အထည်များ စသည့် ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားရှိမှုများကို ပြကွက်တစ်ခုချင်းစီ အလိုက် စိတ်ဝင်တစားဖြင့် လေ့လာခဲ့ပြီး ဈေးကွက်ရရှိမှု အခြေအနေများကို မေးမြန်းဆွေးနွေးရာ လုပ်ငန်းအလိုက် စီးပွားရေး လုပ်ငန်းရှင်များက လိုက်လံရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

သတင်းစဉ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့်အဖွဲ့ စစ်တွေမြို့နယ်အတွင်း မုန်တိုင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နေမှုအား ကြည့်ရှုစစ်ဆေး

စစ်တွေ မေ ၂၂

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းတို့နှင့်အတူ ယနေ့ နံနက်ပိုင်းတွင် စစ်တွေမြို့အတွင်း မုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အပျက်အစီးများ အား ပူးပေါင်းအဖွဲ့များဖြင့် ရှင်းလင်းဖယ်ရှားနေမှုကို လိုက်လံ ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဦးစွာ ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် အဖွဲ့သည် စစ်တွေမြို့ ပြည်တော်သာရပ်ကွက် သတ္တဌာနလမ်းဘေးဝဲယာရှိ သစ်ပင်ကြီးများ ပြိုလဲပိတ်ဆို့နေမှုကို မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် လူမှုကူညီရေး အသင်းအဖွဲ့များ ပူးပေါင်းရှင်းလင်းဖယ်ရှားနေမှုကို ကြည့်ရှုပြီး လိုအပ်သည်များကို မှာကြားသည်။

အင်အား ၂၁၈၈ ဦး

မုန်တိုင်း အဓိကဖြတ်သန်းဝင်ရောက်ပြီး ပျက်စီးမှုများပြားခဲ့သည့် စစ်တွေမြို့တွင် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ ဝန်ထမ်း ၃၃၀၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် ၁၀၁၁ ဦး၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင် ၃၇၈ ဦး၊ တပ်မတော်(ကြည်း)နှင့် (ရေ)တို့မှ စစ်သည် ၄၆၉ ဦး စုစုပေါင်း အင်အား ၂၁၈၈ ဦးဖြင့် အပျက်အစီးများ ရှင်းလင်းရေးလုပ်ငန်းကို နေ့စဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့နောက် ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် အဖွဲ့သည် စစ်တွေမြို့ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး ပင်မကျောင်းဆောင်နှင့် ဆက်စပ်အဆောက်အအုံများ ထိခိုက်ပျက်စီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး အမြန်ဆုံး ပြန်လည်ပြုပြင်နိုင်ရေး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

ယင်းနောက် စစ်တွေမြို့ ဦးဥတ္တမခန်းမ ထိခိုက်ပျက်စီးမှုနှင့် ပန်းခြံအတွင်း သစ်ပင်ကြီးများ ပြိုလဲနေမှုအား မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းရှင်းလင်းနေမှုကို ကြည့်ရှုကာ လိုအပ်သည်များ မှာကြားပြီး စစ်တွေမြို့ပတ်လမ်းတစ်လျှောက် မုန်တိုင်းဒဏ်ကြောင့် လဲပြိုကျနေသော သစ်ပင်များနှင့် အပျက်အစီးများ ရှင်းလင်းဖယ်ရှားနေမှု၊ သန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်နေမှု၊ လျှပ်စစ်မီးတိုင်များနှင့် မီးကြိုးများ ပြန်လည်ပြုပြင်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နည်းပညာတက္ကသိုလ်(စစ်တွေ)သို့ ရောက်ရှိပြီး ပင်မသုံးထပ်ဆောင်နှင့် ဆက်စပ်အဆောက်အအုံများ ပျက်စီးမှုအခြေအနေကို လှည့်လည်ကြည့်ရှုကာ ဆရာ ဆရာမများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ နှုတ်ဆက်အားပေးစကားပြောကြားသည်။

ထို့နောက် အားကစားနှင့် ကာယပညာသိပ္ပံ (စစ်တွေ) သို့ ရောက်ရှိပြီး အဆောက်အအုံများ ပျက်စီးမှုအခြေအနေနှင့် အပျက်အစီးများ ရှင်းလင်းနေမှုကို လှည့်လည်ကြည့်ရှု စစ်ဆေးကာ ဗိုလ်ချုပ်ကြီးတင်အောင်စန်းက ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ အမြန်ဆုံး စတင်ဆောင်ရွက်သွားရန်၊ အဆောက်အအုံများ ပြန်လည်ပြုပြင်ရာတွင် ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် သဘာဝဘေးဒဏ် ခံနိုင်ရေးအတွက်ပါ ထည့်သွင်းတွက်ချက် ဆောင်ရွက်သွားရန်၊ စာပေသင်ကြားရေးလုပ်ငန်းများ သတ်မှတ်ချိန်တွင် ပုံမှန်ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်သွားရန် တာဝန်ရှိသူများကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးရခိုင်ဌာနခွဲရုံး သင်္ဘောကျင်းနှင့် ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှူဦးစီးဌာနစစ်တွေ သင်္ဘောကျင်းတို့သို့ သွားရောက်ပြီး ရုံးအဆောက်အအုံများ၊ သင်္ဘောကျင်းနှင့် အလုပ်ရုံများ၊ သဘာဝဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ မုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးသွားသော အဆောက်အအုံများကို မိုးမကျမီ အမိုးအကာများ ပြုပြင်ခြင်းကို အမြန်ပြီးစီးအောင်ဆောင်ရွက်ရေး၊ သင်္ဘောကျင်း၌ ပျက်စီးသွားသည့် မြေထိန်းနံရံများ စနစ်တကျ ပြန်လည်ပြုပြင်တည်ဆောက်သွားရေး၊ ဌာနပိုင် သင်္ဘောများ သန့်ရှင်းသပ်ရပ်မှုရှိစေရေး ပြင်ဆင်ဆောင်ရွက်ထားရေးတို့နှင့် စပ်လျဉ်း၍ တာဝန်ရှိသူများကို မှာကြားသည်။

မွန်းလွဲပိုင်းတွင် ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့် အဖွဲ့သည် ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ ဘိုးဘွားရိပ်သာသို့ သွားရောက်၍ မုန်တိုင်းဒဏ်ကြောင့် ဘိုးဘွားအိပ်ဆောင်များ၊ ထမင်းစားဆောင်၊ ဓမ္မာရုံနှင့် ဆေးခန်း ပျက်စီးမှုအခြေအနေများကို မေးမြန်းကြည့်ရှုပြီး ရခိုင်ပြည်နယ် ဘိုးဘွားရိပ်သာအသင်းဥက္ကဋ္ဌ၏ ရှင်းလင်းတင်ပြမှုအပေါ် ပြန်လည်ထူထောင်ရေး ဆောင်ရွက်ရန် သွပ်ပြားနှင့် သစ်တို့ကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

စာမျက်နှာ ၈ သို့ *

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရုံး၌ ကျင်းပသည့် သဘာဝဘေးပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့်အဖွဲ့ဝင်များ နည်းပညာတက္ကသိုလ်(စစ်တွေ)၌ ပင်မသုံးထပ်ဆောင်နှင့် ဆက်စပ်အဆောက်အအုံများ ထိခိုက်ပျက်စီးမှုအား ကြည့်ရှုစစ်ဆေးစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့်အဖွဲ့ဝင်များ စစ်တွေမြို့ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း၌ ပင်မကျောင်းဆောင်နှင့် ဆက်စပ်အဆောက်အအုံများ ထိခိုက်ပျက်စီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။

စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ နယ်မြေခံတပ်မတော်သားများနှင့် ဌာနဆိုင်ရာများက စားသောက်ကုန်ပစ္စည်းများအား ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးနေစဉ်။

*** စာမျက်နှာ ၇ မှ**

ယင်းနောက် အဘိုးအဘွားများ အတွက် ဆန်၊ ဆီနှင့် အလှူငွေကျပ် သိန်း ၄၀ ကို ဘိုးဘွားရိပ်သာအသင်း ဥက္ကဋ္ဌထံ ထောက်ပံ့ပေးအပ်ပြီး ဆေးဝါးနှင့် စားသောက်ဖွယ်ရာများကို အဘိုးအဘွားများအား တစ်ဦးချင်း လက်ရောက်ပေးအပ် လှူဒါန်းသည်။

ထို့နောက် ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် ဒုတိယ ဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် တို့သည် ရခိုင်ပြည်နယ်အစိုးရ အဖွဲ့ရုံး၌ ကျင်းပသည့်သဘာဝဘေး ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

အစည်းအဝေးတွင် ကော်မတီ အလိုက် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေ များနှင့်စပ်လျဉ်း၍ နောက်ဆုံး အခြေအနေများနှင့် ဆက်လက် ဆောင်ရွက်သွားမည့်လုပ်ငန်းများ ကို ရှင်းလင်းတင်ပြကြပြီး ဒုတိယ ဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း နှင့် ဒုတိယဝန်ကြီးများက လိုအပ် ချက်များကို အကြံပြုဖြည့်စွက် ဆွေးနွေးကြသည်။

ညှိနှိုင်းဆောင်ရွက်

တင်ပြချက်များအပေါ် ဗိုလ်ချုပ်ကြီး တင်အောင်စန်းက ဒေသ အတွင်းရှိ စက်၊ ယာဉ်ယန္တရား များကို လိုအပ်သည့်နေရာများတွင် အပြည့်အဝ ထိရောက်အကျိုးရှိစွာ အသုံးချနိုင်ရေး စီမံဆောင်ရွက် သွားရန်၊ စားရေရိက္ခာနှင့် ထောက်ပံ့ ရေးပစ္စည်းများ ဆောလျင်စွာ ရောက်ရှိစေရေးနှင့် ဒေသခံ ပြည်သူလက်ဝယ်သို့ အမြန်ဆုံး ဖြန့်ခွဲရောက်ရှိစေရေး စီမံဆောင် ရွက်သွားရန်၊ လုပ်ငန်းကော်မတီ အလိုက် ပေးအပ်ထားသည့် လုပ်ငန်းတာဝန်များကို လျင်လျင် မြန်မြန်တာဝန်ယူမှု၊ တာဝန်ခံ မှုဖြင့် ဆောင်ရွက်သွားရန် လမ်းညွှန် မှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေး သည်။

မုန်တိုင်းအလွန်ကာလ ရခိုင် ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ် သင့်ဒေသများတွင် ပြည်သူလူထု ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အတွက် ပေါက်တောမြို့နယ်တွင် အရေးပေါ်တုံ့ပြန်ရေးအဖွဲ့ နှစ်ဖွဲ့၊ ရသေ့တောင် မြို့နယ်တွင် အရေးပေါ် တုံ့ပြန်ရေးအဖွဲ့နှစ်ဖွဲ့၊ ကျောက်တော်မြို့နယ်တွင် အထူး ကုဆေးအဖွဲ့တစ်ဖွဲ့၊ မင်းပြား မြို့နယ်တွင် အရေးပေါ်တုံ့ပြန်ရေး အဖွဲ့တစ်ဖွဲ့နှင့် အထူးကုဆေးအဖွဲ့ တစ်ဖွဲ့၊ မောင်တောမြို့နယ်တွင် အရေးပေါ်တုံ့ပြန်ရေးအဖွဲ့ တစ်ဖွဲ့၊ ဘူးသီးတောင်မြို့နယ်တွင် အရေး ပေါ်တုံ့ပြန်ရေးအဖွဲ့ တစ်ဖွဲ့နှင့် မြေပုံမြို့နယ်တွင် အရေးပေါ်တုံ့ပြန် ရေးအဖွဲ့တစ်ဖွဲ့ စေလွှတ်၍ ကျန်းမာ ရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး သန့်ရှင်း သောသောက်သုံးရေ ရရှိရေး အတွက် ရေကန်များ၌ ရေသန့် ဆေးခတ်ခြင်း၊ ကူးစက်ရောဂါ မဖြစ်ပွားစေရေးအတွက် ကာကွယ် ရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်ခြင်း၊ ပြည်သူလူထု ဝမ်းပျက်ဝမ်းလျှောရောဂါမဖြစ် ပွားစေရေးအတွက် ရေတွင်း ရေကန်များအား ကလိုရင်းဆေး ခတ်ပေးခြင်းနှင့် ကျန်းမာရေး ပညာပေးခြင်းတို့ကို ဆောင်ရွက် ပေးလျက်ရှိသည်။

ထို့ပြင် သဘာဝဘေးဒဏ်ခံခဲ့ရ သည့် ရခိုင်ပြည်နယ်အတွင်းရှိ ပြည်သူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ စားသောက်ရေး အဆင်ပြေစေရန်နှင့် စားသောက် ကုန်ပစ္စည်းများကို ဈေးနှုန်းချိုသာ စွာဖြင့် ဝယ်ယူစားသောက်နိုင်ရန် နယ်မြေခံတပ်မတော်သားများနှင့် ဌာနဆိုင်ရာများက စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက် ပစ္စည်းများ၊ ဟင်းသီးဟင်းရွက် များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ နှင့် တပ်မတော်စက်ရုံများမှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများကို ပြင်ပပေါက်ဈေးထက်သက်သာ သောဈေးနှုန်းများဖြင့် ရောင်းချ ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

ကျိုက်လတ်၌ ကမ္ဘာ့ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ကျိုက်လတ် မေ ၂၂

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်တွင် မြို့နယ်သစ်တောဦးစီးဌာန၏စီစဉ်မှုဖြင့် ကမ္ဘာ့ဇီဝမျိုးစုံ မျိုးကွဲများ ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် ၂၀၂၃ ခုနှစ် မိုးရာသီအကြိုသစ်ပင်စိုက်ပျိုးပွဲကို ဆူးဂဏာန်းကျေးရွာအုပ်စု ကျိုက်လတ်-မအူပင်ကားလမ်းမကြီးဘေး၊ မိုင်တိုင်အမှတ် (၁၄/၇)တွင် ယနေ့နံနက် ၇ နာရီခွဲက ကျင်းပသည်။

ဦးစွာ စိုက်ပျိုးမည့် ပျိုးပင်များအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းအောင်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် ဒေသခံ ပြည်သူများ စုစုပေါင်းအင်အား ၁၅၀ ခန့် တက်ရောက်ခဲ့ကြ ကြောင်း သိရသည်။

ကျိုက်လတ်ကြီးမြို့ရှိ ကမ္ဘာ့ဇီဝမျိုးစုံ ကျေးရွာ၊ ကျေးရွာ့ဝန်ထမ်း ကျောင်းသားများ ပါဝင်ပူးပေါင်းကာ ကမ္ဘာ့ဇီဝမျိုးစုံ ကျေးရွာ ကျောင်းသားများ ပြိုင်ပွဲ ကျင်းပ ကျိုက်လတ်ခ၌ ကမ္ဘာ့ဇီဝမျိုးစုံ ကျေးရွာ ကျောင်းသားများ ပြိုင်ပွဲ ကျင်းပ

ကျိုက်လတ်ခ၌ ကမ္ဘာ့ဇီဝမျိုးစုံ ကျေးရွာ ကျောင်းသားများ ပြိုင်ပွဲ ကျင်းပ

ကျိုက်လတ်ခ၌ ကမ္ဘာ့ဇီဝမျိုးစုံ ကျေးရွာ ကျောင်းသားများ ပြိုင်ပွဲ ကျင်းပ

ကျိုက်လတ်ခ၌ ကမ္ဘာ့ဇီဝမျိုးစုံ ကျေးရွာ ကျောင်းသားများ ပြိုင်ပွဲ ကျင်းပ

ကျိုက်လတ်ခ၌ ကမ္ဘာ့ဇီဝမျိုးစုံ ကျေးရွာ ကျောင်းသားများ ပြိုင်ပွဲ ကျင်းပ

ကျိုက်လတ်ခ၌ ကမ္ဘာ့ဇီဝမျိုးစုံ ကျေးရွာ ကျောင်းသားများ ပြိုင်ပွဲ ကျင်းပ

ကျိုက်လတ်ခ၌ ကမ္ဘာ့ဇီဝမျိုးစုံ ကျေးရွာ ကျောင်းသားများ ပြိုင်ပွဲ ကျင်းပ

ကျိုက်လတ်ခ၌ ကမ္ဘာ့ဇီဝမျိုးစုံ ကျေးရွာ ကျောင်းသားများ ပြိုင်ပွဲ ကျင်းပ

ကျိုက်လတ်ခ၌ ကမ္ဘာ့ဇီဝမျိုးစုံ ကျေးရွာ ကျောင်းသားများ ပြိုင်ပွဲ ကျင်းပ

ညောင်လေးပင်မြို့နယ်၌ ၂၀၂၃ ခုနှစ် မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ညောင်လေးပင် မေ ၂၂

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်၌ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည် လှပရေးအတွက် ၂၀၂၃ ခုနှစ် မိုးရာသီအကြိုသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၈ နာရီခွဲက မြို့နယ်သစ်တောဦးစီးဌာနမှကြီးမှူး၍ နဘဲပင်-ဝင်္ဂေါ်ကျေးရွာချင်းဆက်လမ်း၊ လမ်းဘေးဝဲ-ယာတွင် စိုက်ပျိုးခဲ့ကြောင်း သိရသည်။

အဆိုပါ မိုးရာသီအကြိုသစ်ပင်စိုက်ပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ သစ်တော ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သက်ပိုင်ဦးနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရွာသူရွာသားများ၊ လူမှုရေးအသင်းအဖွဲ့များ စုစုပေါင်းအင်အား ၇၅ ဦးခန့်သည် ကျွန်း၊ မဟော်ဂနီ၊ မန်ကျန်ရှား၊ ယူကလစ်သစ်မျိုးများ စုစုပေါင်း အပင် ၂၀၀ အား စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

ခင်မောင်လွင်(ညောင်လေးပင်)

ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများ လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံတွင် ၁၄-၅-၂၀၂၃ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် အလွန်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင် ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA -011834 နှင့် နိုင်ငံခြား ငွေစာရင်းအမှတ် 1DA- 0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ကြေညာရာတွင် အခြားသော အီလက်ထရောနစ် ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှု စနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည် ဟု ပါရှိပါသည်။

၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့် အကောင့်သို့ လှူဒါန်းမှု ပြုနိုင်ရေး ကြေညာထားပြီး ဖုန်းနံပါတ်ဖြင့် လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ် အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီး ဖြစ်ပါသည်။

၄။ KBZ Pay ၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay ၊ Wave Money တို့၏ QR အား Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများ လှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများ အသုံးပြုမှုများပြား သည့် CB Pay ၊ AYA Pay နှင့် OK $ တို့ဖြင့်လည်း လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR အား Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်း လှူဒါန်းနိုင်ပါသည်-

နေပြည်တော်	ရန်ကုန်မြို့	မန္တလေးမြို့
ဒေါလဲ့လဲ့အေး ညွှန်ကြားရေးမှူးချုပ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ၀۱۶-၃၄၀၄၀၅ ၀۱۶-၂၀၂၃۶۵	ဦးသန်းစိုး ညွှန်ကြားရေးမှူး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး ၀۱۶-၂၅၁၁၁၃၈၈၅	ဦးအေးမင်းသူ ညွှန်ကြားရေးမှူး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး ၀۱۶-۶၂၀၇၀၈၈၂၇
ဦးဝင်းရွှေ ဒုတိယညွှန်ကြားရေးမှူးချုပ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ၀۱۶-၃۶၀۶၀۶၈ ၀۱۶-၂၅۶၁၇၀၀၁	ဒေါသန်းသန်းဝင်း ဒုတိယညွှန်ကြားရေးမှူး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး ၀۱۶-۶၂၀۷۶၀၁၆၀	
ဒေါ်ဖြူဖြူဝင်း ညွှန်ကြားရေးမှူး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ၀۱۶-၃۶၀۶၃၁၆ ၀۱۶-۶۶၀၅۶၈۶۶		



အမျိုးသားသဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် စစ်တွေမြို့နယ်ရှိ ကုံကော်ကျွန်း-ဇော်မတက်-ချောင်းနွယ်လမ်း မုန်တိုင်းဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့သည့် ရုံးနှင့်သင်တန်းကျောင်း ပြန်လည်ပြင်ဆင်နေမှု ကြည့်ရှုစစ်ဆေး

စစ်တွေ မေ ၂၂

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်သည် တာဝန်ရှိသူများနှင့်အတူ စစ်တွေမြို့နယ်ရှိ ကုံကော်ကျွန်း-ဇော်မတက်-ချောင်းနွယ် ကျေးရွာချင်းဆက်လမ်း (၅/ဂ)မိုင် လမ်းပေါ်တွင် နယ်စပ်ရေးရာဝန်ကြီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ခွင့်ပြုငွေကျပ် ၂၆၀ ဒသမ ၉၄၈ သန်းဖြင့် ကွန်ကရစ်လမ်းတစ်မိုင် ဆောင်ရွက်ပြီးစီးမှု၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ခွင့်ပြုငွေကျပ် ၂၉၄ ဒသမ ၇၇၈ သန်းဖြင့် တည်ဆောက်ခဲ့သည့် ဇော်မတက်ချောင်းကူးတံတား ပေ ၁၅၀ ၏ ကြံ့ခိုင်မှု အခြေအနေများကိုလည်းကောင်း၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ခွင့်ပြုငွေကျပ် ၃၀၇ ဒသမ ၈၇၅ သန်းဖြင့် ဆက်လက်အကောင်အထည်ဖော်မည့် ကွန်ကရစ်လမ်းအူကြောင်း အခြေအနေကိုလည်းကောင်း အသေးစိတ်ကြည့်ရှုစစ်ဆေးပြီး အဆိုပါလမ်းကို ၁၈ ပေအကျယ် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်နိုင်ရေးအတွက် စနစ်တကျကွင်းဆင်း စိစစ်တွက်ချက်တင်ပြရန် တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နယ်စပ်ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး ဝန်ထမ်းအိမ်ရာနှင့် ရုံးသို့ရောက်ရှိခဲ့ပြီး မုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့သည့် ဝန်ထမ်းအိမ်ရာများ၊ ရုံးအဆောက်အအုံများတွင် အပျက်အစီးများ ရှင်းလင်းဖယ်ရှားပြီးစီးမှုနှင့် ပြုပြင်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသည်။ ထို့နောက် ဝန်ထမ်းများနှင့် မိသားစုဝင်များကို ရင်းရင်းနှီးနှီးတွေ့ဆုံ အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာနှင့်ထောက်ပံ့ငွေများ ပေးအပ်သည်။

ယင်းနောက် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ ရောက်ရှိပြီး သတ်မှတ်ကာလအတွင်း ကျောင်းများဖွင့်လှစ်နိုင်ရေးအတွက် အိပ်ဆောင်များ၊ စားရိပ်သာများ၊ စာသင်ဆောင်များ ရှင်းလင်းဆောင်ရွက်နေမှု၊ ပျက်စီးမှုများကို အမြန်ဆုံးပြုပြင်ဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးရ၍ ဝန်ထမ်းများအား စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

မြန်မာနိုင်ငံရှိ မိုခါမုန်တိုင်းဘေးသင့်ပြည်သူများထံသို့ အာဆီယံနိုင်ငံများမှပေးပို့သည့် အကူအညီပစ္စည်းများ ဒုတိယအသုတ် လွှဲပြောင်းလက်ခံ

ရန်ကုန် မေ ၂၂

မိုခါမုန်တိုင်းဒဏ်သင့် မြန်မာပြည်သူများထံသို့ အာဆီယံနိုင်ငံများမှပေးပို့သည့် စုစုပေါင်းအမေရိကန်ဒေါ်လာ ခန့်မှန်း ၆၀၀၀၀ ကျော်တန်ဖိုးရှိ အရေးပေါ်အကူအညီပစ္စည်းများ တန်ချိန်စုစုပေါင်း ၁၅၅၅၀ ကီလိုဂရမ်ကျော်ကို သယ်ဆောင်လာသည့် စင်ကာပူလေတပ်မှ C-130 လေယာဉ်နှစ်စင်းတို့သည် ယနေ့မွန်းလွဲပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိသည်။

လွှဲပြောင်းပေးအပ်

ယခုဒုတိယအသုတ်အဖြစ် ရောက်ရှိလာသည့် အကူအညီပစ္စည်းများကို သဘာဝဘေးဆိုင်ရာ လူသားချင်းစာနာမှုအကူအညီများအတွက် အာဆီယံညှိနှိုင်းရေးဌာန(AHACenter) တာဝန်ရှိသူများ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာနမှ တာဝန်ရှိသူများထံ လွှဲပြောင်းပေးအပ်ခဲ့ပြီး မုန်တိုင်းဒဏ်သင့်ဒေသများရှိ ပြည်သူများထံသို့ ဆက်လက်ပေးပို့နိုင်ရေး လွှဲပြောင်းပေးအပ်သွားမည်ဖြစ်သည်။

လာမည့်ရက်များတွင်လည်း အာဆီယံနိုင်ငံများ၏ သဘာဝဘေးကူညီရေးပစ္စည်းများ ဆက်လက်ရောက်ရှိလာနိုင်ရန်ရှိပြီး ပထမအသုတ်နှင့် ယခုဒုတိယအသုတ်အပါအဝင် အကူအညီစုစုပေါင်း၏ တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၅ သန်းခန့်ရှိမည်ဟု သိရှိရသည်။ အဆိုပါပစ္စည်းများကို အာဆီယံအရေးပေါ်ထောက်ပံ့မှုအစီအစဉ် (Disaster Emergency Logistics System)၏ မလေးရှားနိုင်ငံ ဆူဘန်းမြို့နှင့် ထိုင်းနိုင်ငံ ချိုင်နတ်မြို့တို့ရှိ ဂိုဒေါင်များမှတစ်ဆင့် ထိုင်း၊ စင်ကာပူ၊ အင်ဒိုနီးရှားတပ်မတော်လေယာဉ်များဖြင့် စုစုပေါင်း ၁၉ ခေါက်ခန့် ကူညီသယ်ယူ ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အာဆီယံ၏ One ASEAN, One Response မူအရ အာဆီယံနိုင်ငံများမှ မုန်တိုင်းဒဏ်သင့်ပြည်သူများထံ ပေးအပ်လှူဒါန်းထောက်ပံ့ခြင်းဖြစ်ပြီး နိုင်ငံတော်အစိုးရအနေဖြင့် ကယ်ဆယ်ရေးနှင့် အကူအညီများ ပံ့ပိုးရာတွင် ဘေးသင့်ပြည်သူ တစ်ဦးတစ်ယောက်မျှ မကျန်ရှိစေရေးမူကို လက်ကိုင်ထား၍ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန၏ ကြီးကြပ်မှုနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၊ ဝန်ကြီးဌာနအသီးသီးနှင့် အချိန်နှင့်တစ်ပြေးညီ ပူးပေါင်းညှိနှိုင်းဆောင်ရွက်လျက်ရှိပြီး AHA Centre သက်ဆိုင်ရာ နိုင်ငံတကာ အဖွဲ့အစည်းများနှင့်လည်း အပြည့်အဝ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

ဒုတိယဝန်ကြီး ဦးမြင့်စိုး ပုဏ္ဏားကျွန်းမြို့ရှိ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဝန်ထမ်းများနှင့်တွေ့ဆုံ

နေပြည်တော် မေ ၂၂

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် မေ ၂၁ ရက် နံနက်ပိုင်းတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ပုဏ္ဏားကျွန်းမြို့သို့သွားရောက်၍လေဘေးသင့်ခဲ့သည့်ရုံးများကို ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းအိမ်ရာများနှင့် ရုံးအဆောက်အအုံများ ပြုပြင်ဆောင်ရွက်ရေး၊ ရုံးနှင့် အိမ်ရာပတ်ဝန်းကျင် ရှင်းလင်းဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ယင်းနောက် ပုဏ္ဏားကျွန်းမြို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနအသီးသီးမှ ဝန်ထမ်းများနှင့် တွေ့ဆုံကာ အားပေးစကားပြောကြား၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ဒုတိယဝန်ကြီးသည် ပုဏ္ဏားကျွန်းမြို့ သမဝါယမဦးစီးဌာနရုံး၊ ကျောက်တော်မြို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးနှင့် သမဝါယမဦးစီးဌာနရုံးများသို့ သွားရောက်ပြီး ပျက်စီးဆုံးရှုံးမှုများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ရခိုင်ပြည်နယ် မင်းပြားမြို့နယ်၌ သန့်ရှင်းသောသောက်သုံးရေရရှိရေး ဆောင်ရွက်ပေးလျက်ရှိ

မင်းပြား မေ ၂၂

ရခိုင်ပြည်နယ် မင်းပြားမြို့နယ်အတွင်းရှိ မိုခါဆိုင်ကလုန်းမုန်တိုင်းကြောင့် သောက်သုံးရေအခက်အခဲဖြစ်နေသည့် ပြည်သူများအား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယမန်နေ့ညနေ ၄ နာရီတွင် ရေသန့်စင်ကားဖြင့် သန့်ရှင်းသောသောက်သုံးရေရရှိရေးဆောင်ရွက်ကာ ရေသန့်များ ဖြန့်ဝေပေးခဲ့သည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

မင်းပြားမြို့နယ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ရောက်ရှိနေသည့် ဗိုလ်မှူးချုပ်ခင်ဇော်နှင့်အဖွဲ့သည် မင်းပြားမြို့နယ် မြို့သစ်ရပ်ကွက်နေပြည်သူများသို့ သန့်ရှင်းသောသောက်သုံးရေများ ဖြန့်ဝေပေးနေသည့်နေရာသို့ ရောက်ရှိပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်ပေးနေသည့် တာဝန်ရှိသူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ အားပေးစကားပြောကြားသည်။

မြို့နယ်(ပြန်ဆက်)

ပြည်ထောင်စုဝန်ကြီးဦးမောင်မောင်အုန်း (၁၈)ကြိမ်မြောက် အာရှမီဒီယာထိပ်သီးအစည်းအဝေး တက်ရောက်ရန် ထွက်ခွာ

ရန်ကုန် မေ ၂၂

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးမောင်မောင်အုန်းသည် အင်ဒိုနီးရှားနိုင်ငံ ဘာလီ၌ကျင်းပမည့် (၁၈) ကြိမ်မြောက် အာရှမီဒီယာထိပ်သီးအစည်းအဝေး (18th Asia Media Summit) သို့ တက်ရောက်ရန် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

မေ ၂၃ ရက်မှ ၂၅ ရက်အထိ ကျင်းပမည်

အဆိုပါ အစည်းအဝေးကို UNESCO, ITU, UNDP တို့၏ ကြီးကြပ်ပံ့ပိုးမှုဖြင့် ၁၉၇၇ ခုနှစ်က စတင်တည်ထောင်ခဲ့သည့် နိုင်ငံတကာ ရုပ်သံနှင့် လုပ်ငန်းဖွံ့ဖြိုးရေးဆိုင်ရာ အဖွဲ့အစည်းကြီးဖြစ်သော "အာရှ-ပစိဖိတ် ရုပ်သံဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့အစည်း (Asia-Pacific Institute For Broadcasting Development -AIBD)က မျက်မှောက်ခေတ် နိုင်ငံတည်ဆောက်ရေးနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ရုပ်သံမီဒီယာများ၏ အခန်းကဏ္ဍနှင့် စွမ်းဆောင်ရည်များ တိုးမြင့်စေရေး၊ ပြည်တွင်းနှင့် ဒေသတွင်းရှိ ရုပ်သံလွှင့်မီဒီယာများ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသတွင်းနိုင်ငံများအကြား ယဉ်ကျေးမှုအစဉ်အလာနှင့် ဓလေ့ထုံးစံများ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊ ကျွမ်းကျင်မှုပိုင်းနှင့် ကျင့်ဝတ်ပိုင်းဆိုင်ရာ စံသတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရေး၊ ပြည်သူ့အကျိုးပြု ရုပ်သံလွှင့်မီဒီယာများ၏ အခန်းကဏ္ဍအား မြှင့်တင်ကာကွယ်ရေး၊ လူမှုကွန်ရက်မီဒီယာများအနေဖြင့် မီဒီယာရေရှည်ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် စနစ်တကျ အထောက်အကူပြု ပါဝင်လာနိုင်ရေး၊ နိုင်ငံတကာမှ ရေဒီယိုနှင့် ရုပ်မြင်သံကြားဌာနများနှင့် ရုပ်သံလွှင့်လုပ်ငန်းအဖွဲ့အစည်းများမှ ကျွမ်းကျင်သူများ၊ အရာရှိများ၊ မန်နေဂျာများနှင့် အာရှမီဒီယာ ထိပ်သီးဆွေးနွေးပွဲတွင် စုပေါင်းဆွေးနွေးအဖြေရှာရေး ရည်ရွယ်ချက်ဖြင့် နှစ်စဉ် စီစဉ်ကျင်းပလျက်ရှိရာ ယခုအစည်းအဝေးကို မေ ၂၃ ရက်မှ ၂၅ ရက်အထိ ကျင်းပမည်ဖြစ်သည်။

AIBD တွင် မြန်မာနိုင်ငံအပါအဝင် တင်းပြည့်အဖွဲ့ဝင်ပေါင်း ၂၆ နိုင်ငံမှ MRTV အပါအဝင် ရုပ်သံလွှင့်အဖွဲ့အစည်း ၄၃ ဖွဲ့ရှိပြီး တွဲဖက်ရုပ်သံလွှင့်အဖွဲ့ဝင်ပေါင်း ၅၀ ရှိကြောင်း၊ စုစုပေါင်း နိုင်ငံနှင့် ဒေသပေါင်း ၄၆ ခုမှ ရုပ်သံလွှင့်အဖွဲ့အစည်းပေါင်း ၉၃ ခု အဖွဲ့ဝင်အဖြစ် ပါဝင်လျက်ရှိပြီး အာရှ-ပစိဖိတ်၊ ဥရောပ၊ အာဖရိက၊ အာရပ်နိုင်ငံများ၊ မြောက်အမေရိကနိုင်ငံများမှ ရုပ်သံလွှင့်အဖွဲ့အစည်းပေါင်း ၅၀ ကျော်ဖြင့် မိတ်ဖက်ဆက်ဆံရေး ထူထောင်ထားရှိကြောင်း၊ ယင်းအစည်းအဝေးတွင် AIBD ၏ တစ်နှစ်တာ Activities & Projects များကို သုံးသပ်ဆွေးနွေးခြင်း၊ အဖွဲ့ဝင်နိုင်ငံအလိုက် အဆိုပါ မီဒီယာဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်း လိုအပ်ချက်များကို တင်ပြဆွေးနွေးခြင်းနှင့် နောင်တစ်နှစ်တွင် ဆောင်ရွက်မည့်သင်တန်းနှင့် Projects များနှင့် လုပ်ငန်းစဉ်များကို ဆွေးနွေး

အတည်ပြုခြင်းများ ဆောင်ရွက်ကြမည်ဖြစ်သည်။

ယင်းအစည်းအဝေးသို့ AIBD အဖွဲ့ဝင်နိုင်ငံများနှင့် ရုပ်သံလွှင့်အဖွဲ့အစည်းများ၊ မိတ်ဖက်အဖွဲ့အစည်းများ၊ ဖိတ်ကြားထားသူများအပြင် လေ့လာသူများလည်း တက်ရောက်ကြမည်ဖြစ်ပြီး နိုင်ငံအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မီဒီယာဆိုင်ရာ အကြီးအကဲများနှင့် CEO များ တက်ရောက်ကြမည်ဖြစ်ရာ မြန်မာနိုင်ငံမှပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အတူ ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇေယျာ၊ ဒုတိယညွှန်ကြားရေးမှူး ဦးဟန်ဝင်းအောင်၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီအဖွဲ့ဝင် ဦးအေးချမ်းတို့လည်း အစည်းအဝေး တက်ရောက်ရန် လိုက်ပါသွားကြသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဦးလှမိုး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မည့် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်

နေပြည်တော် မေ ၂၂

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန၏ လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါရုံး စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီး/ ပြည်နယ်မှ ညွှန်ကြားရေးမှူးများ၊ ကျေးလက်နေ မိသားစုဝင်ငွေတိုးရေး ဆောင်ရွက်မည့် ဝန်ထမ်းများ၊ ကျေးရွာအဖွဲ့ခေါင်းဆောင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနအနေဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်မှစတင်၍ "အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေ

မိသားစုဝင်ငွေတိုးရေး စီမံကိန်းလုပ်ငန်း"များကို ရုံးချုပ်၊ ပြည်ထောင်စုနယ်မြေ အပါအဝင် တိုင်းဒေသကြီး/ ပြည်နယ် ၁၅ ခုရှိ ကျေးရွာ ၁၅၅ ရွာကို ရွေးချယ်ပြီး စီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ **စီမံကိန်းအောင်မြင်ရေးအတွက် ဌာနတွင် သင်တန်းတက်ရောက် အောင်မြင်ပြီးသူများ အား ဆက်လက်ရပ်တည်နိုင်ရေး လိုအပ်သည့် အရင်းအနှီးများ၊ စက်ပစ္စည်းများ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း၊ အမှန်တကယ် အောင်မြင်နိုင်မည့် လုပ်ငန်းများကို ရွေးချယ်လုပ်ကိုင်စေပြီး အောင်မြင်သူများကို ထိုက်တန်စွာ ဆုများပေးအပ်ချီးမြှင့်မည်ဖြစ်ကြောင်း၊** စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် စီမံကိန်းကို ဦးဆောင်မည့်ဌာနက စီမံကိန်းတာဝန်ခံဝန်ထမ်းများနှင့် ကျေးရွာ ၁၅၅ ရွာမှ ရွေးချယ်ထားသော ကျေးရွာအဖွဲ့ခေါင်းဆောင်များကို ခေါ်ယူပြီး စီမံကိန်းလုပ်ငန်းဆိုင်ရာ စွမ်းဆောင်ရည် မြှင့်တင်ရေး သင်တန်းကို ဖွင့်လှစ်ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ထို့ကြောင့် စီမံကိန်းလုပ်ငန်းများ အောင်မြင်ရန် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း၊ တိုင်းဒေသကြီး/ ပြည်နယ် ဦးစီးမှူးများအနေဖြင့် မိမိတို့ တာဝန်ယူဆောင်ရွက်နေသည့် ဒေသများ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ဒေသတွင်းပြည်သူများ အလုပ်အကိုင်ရရှိပြီး ဝင်ငွေတိုးပွားစေရေးတို့အတွက် စီမံကိန်းလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်၍ မိမိတို့ ရွေးချယ်ထားသော ကျေးရွာခေါင်းဆောင်များကို ပရဟိတစိတ်မွေးကြရန်၊ ခေါင်းဆောင်အင်္ဂါရပ်များနှင့်အညီ ဦးဆောင်ကြရန်နှင့် စီမံကိန်းအောင်မြင်အောင် ထကြွနိုးကြားစိတ်ဖြင့် ဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားလိုပါကြောင်း၊ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခက်အခဲများ ကြုံတွေ့လာပါက သက်ဆိုင်ရာ အဖွဲ့အစည်းအဆင့်ဆင့် ဖွဲ့စည်းထားပြီးဖြစ်၍ အားလုံးပူးပေါင်း ဖြေရှင်းဆောင်ရွက်ကြရန်နှင့် မိမိတို့ဝန်ကြီးဌာနအနေဖြင့် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများ အားလုံးဝန်ကြီးဌာနက ချမှတ်ထားသော မူဝါဒများ၊ လုပ်ငန်းလမ်းညွှန်ချက်များအတိုင်း မိမိတို့ ကျရာတာဝန်များကို ကျေပွန်စွာ ထမ်းဆောင် ကြရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေရေး၊ ပြည်သူ့ဘဝတိုးတက်စေရေး၊ လူနေမှုအဆင့် မြင့်မားစေရေးတို့အတွက် မိမိတို့တတ်စွမ်းသည့် အတတ်ပညာ၊ အသိပညာများအား အသုံးချ ဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း၊ ပြည်သူမှ ပေါက်ဖွားလာသည့် ပြည်သူ့ဝန်ထမ်းကောင်းပီသစွာဖြင့် ပြည်သူ့အတွက် မဆုတ်မနစ်သော ဇွဲ၊ လုံ့လဖြင့် ဆက်လက်ကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အခမ်းအနားသို့ တက်ရောက်လာသူများ၊ စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်မည့် ဝန်ထမ်းများ၊ ကျေးရွာအဖွဲ့ခေါင်းဆောင်များကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

လင်းခေး၌ မိုးရာသီအကြို စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

လင်းခေး မေ ၂၂

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးမြို့နယ်တွင် ယနေ့ နံနက် ၈ နာရီက မိုးရာသီအကြို စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်ကို ပုန်းထွန်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ရှိ ကျောင်းစိုက်ကွင်း၌ ကျင်းပသည်။

အဆိုပါ သစ်ပင်စိုက်ပွဲသို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ခရိုင်/ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ခရိုင်/ မြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးမှူးများနှင့် ဝန်ထမ်းများ စုစုပေါင်းအင်အား ၁၄၀ တို့က စုစုပေါင်းပျိုးပင် ၆၀၀ ကို တပျော်တပါး စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရင်း။

ပေါက်ခေါင်းမြို့နယ်၌ ၂၀၂၃ ခုနှစ် မိုးရာသီအကြို စုပေါင်းသစ်ပင်စိုက်ပျိုး

ပေါက်ခေါင်း မေ ၂၂

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်တွင် မြို့နယ်သစ်တောဦးစီးဌာနမှဦးဆောင်၍ သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်စေရေး၊ သစ်ပင်များ စိုက်ပျိုးခြင်းဖြင့် ဒေသတွင်း အပူချိန်လျော့ကျလာစေရန်နှင့် သစ်တောသစ်ပင်ပြုန်းတီးမှု မဖြစ်ပေါ်စေရန်ရည်ရွယ်၍ ၂၀၂၃ ခုနှစ် မိုးရာသီအကြိုသစ်ပင်စိုက်ပျိုးပွဲကို မေ ၂၀ ရက် နံနက် ၈ နာရီခွဲက တောင်ဇင်းဝအနီး သဖန်းချိုကျေးရွာအုပ်စု ဝေဠုဝန်ကျေးရွာ ကျေးရွာပိုင်မြေပေါ်တွင် ကျင်းပခဲ့သည်။

အဆိုပါ မိုးရာသီအကြိုသစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ရဲမှူးကိုကိုနိုင်နှင့် အဖွဲ့ဝင်များ၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်ဇော်ဦး၊ သစ်တောဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေမျိုးဝင်းနှင့် ဝန်ထမ်းများ၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဝင်များနှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဝင်များ စုစုပေါင်းအင်အား ၁၂၀ ခန့်ဖြင့် သစ်ပင် ၅၀၀ အား စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

အွန်လိုင်းလူမှုကွန်ရက်စာမျက်နှာ၌ စက်ရုံတွင် အလုပ်သမားအပေါ် ဥပဒေချိုးဖောက်မှုရှိသည်ဟူသော သတင်းဖော်ပြချက်နှင့်ပတ်သက်၍ သတင်းမှန်ထုတ်ပြန်ခြင်း

အွန်လိုင်းလူမှုကွန်ရက် စာမျက်နှာများ၌ စက်ရုံများတွင် အလုပ်သမားများအပေါ် ဥပဒေချိုးဖောက်မှုများရှိသည်ဟူသော သတင်းဖော်ပြမှုနှင့်ပတ်သက်ပြီး အလုပ်ရုံနှင့်အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာနအနေဖြင့် အလုပ်သမားရေးရာပေါင်းစပ်အဖွဲ့ဖြင့်လည်းကောင်း၊ စည်းကြပ်ဥပဒေများဖြင့်လည်းကောင်း မှန်ကန်မှုရှိ/မရှိ စိစစ်၍ အလုပ်သမားများရပိုင်ခွင့်များရရှိအောင် ဆောင်ရွက်ပေးလျက်ရှိသည်။

Myanmar Labour News ၏ ၄-၅-၂၀၂၃ ရက်စွဲပါ စာမျက်နှာ၌ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရွှေပြည်သာစက်မှုဇုန်(၄)၊ စက်ဆရာဦးထွန်းလမ်း၊ အမှတ်(၉၀)ရှိ ဦးမြတ်ဆွေ(မြန်မာနိုင်ငံသား)ပိုင် Lucky Fortune Garment အထည်ချုပ်စက်ရုံရှိ အလုပ်သမားများအား လစာပေးချေရာတွင် ပွင့်လင်းမြင်သာမှုမရှိဘဲ လစာအမှန်/အမှားကို ပြောခွင့်မရှိကြောင်း၊ အလုပ်ချိန်မတိုင်ခင် ၁၅ မိနစ်စော၍ လုပ်ငန်းခွင်သို့ ဝင်ရောက်လုပ်ကိုင်ရပြီး ဝင်ရောက်မလုပ်ကိုင်ပါက မခံမရပ်နိုင်အောင် ပြောဆိုခြင်း၊ အော်ဟစ်ခြင်းများရှိကြောင်း၊ ထမင်းစားချိန်အဖြစ် မိနစ် ၃၀ ရရှိသော်လည်း ၁၀ မိနစ်ဖြင့် ထမင်းအမြန် စားခိုင်းပြီး အထည်ချုပ်ခိုင်းကြောင်း၊ ၁၀ မိနစ်ဖြင့် ထမင်းစားမပြီးပါက စူပါ၊ အောစူပါများမှပြောဆိုခြင်း၊ အော်ဟစ်ခြင်း၊ ဆဲဆိုခြင်းများရှိခြင်းကြောင့် ထမင်းစားချိန် မိနစ် ၃၀ အပြည့်အဝရရှိလိုကြောင်း၊ အလုပ်သမားများ မချုပ်လုပ်နိုင်သောစံချိန်များကို တောင်းခံသဖြင့် ရေသောက်ချိန်၊ အပေါ့အပါးသွားချိန် မရရှိသည်အထိ ချုပ်လုပ်နေရပြီး စံချိန်မပြည့်ပါက ဆဲဆိုခြင်း၊ အော်ဟစ်ခြင်း၊ ရိုင်းစိုင်းစွာ ပြောဆိုခြင်းများရှိကြောင်း၊ ကိုယ်ဝန်ဆောင်အလုပ်သမားများကိုလည်း သက်သာစွာခိုင်းစေခြင်းမရှိဘဲ အခြားအလုပ်သမားများနှင့်တန်းတူ အထည်များ တောင်းခံခြင်း၊ ကိုယ်ဝန်ဆောင်အလုပ်သမားများမှာ ဖယ်ရီကားစီးရာတွင်လည်း အန္တရာယ်ကင်းစွာစီးနိုင်ရန် ဆောင်ရွက်ပေးမှုမရှိကြောင်း၊ စက်ရုံတွင် သောက်ရေပြတ်တောက်ခြင်း၊ ရေမသန့်ခြင်းများရှိကြောင်း၊ လုပ်ငန်းခွင်အတွင်း ထိခိုက်ဒဏ်ရာရရှိပါက ဆေးခန်းတွင် မည်သည့်ဆေးမျှမရှိဘဲ အလုပ်သမားများမှာ မိမိတို့ပိုက်ဆံစု၍ ဝယ်သုံးရကြောင်း၊ ဆေးခန်းတွင် ဥပဒေနှင့်အညီ ဆေးများ စီစဉ်ဆောင်ရွက်ပေးစေလိုကြောင်း၊ ဥပဒေပါခွင့်ခံစားခွင့်များမရရှိကြောင်း၊ ခွင့်တိုင်ကြားသော်လည်း ခွင့်မပေးဘဲ ဒေးကြေး ၅,၂၀၀/- ကျပ်၊ ရက်မှန်ကြေး ၁၀,၀၀၀/- ကျပ် စုစုပေါင်း ၁၅,၂၀၀/- ကျပ် ဖြတ်တောက်ခံရသဖြင့် ဥပဒေပါခွင့်ခံစားခွင့်များ ရရှိလိုကြောင်း၊ အချိန်ပိုလုပ်ကိုင်ရာတွင်လည်း အလုပ်သမားများ၏ သဘောဆန္ဒကို မေးမြန်းခြင်းမရှိဘဲ အလုပ်ရှင်နှင့် WCC တို့မှ ပူးပေါင်းလုပ်ဆောင်ပြီး အလုပ်သမားများမသိအောင် လက်မှတ်ရေးထိုး၍ အချိန်ပိုခွင့်ပြုမိန့်ရရန် လုပ်ဆောင်လျက်ရှိကြောင်း ဖော်ပြပါရှိပါသည်။

အဆိုပါသတင်းဖော်ပြချက်နှင့်ပတ်သက်၍ ၁၁-၅-၂၀၂၃ ရက်နေ့တွင် အလုပ်ရုံနှင့် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ လူမှုဖူလုံရေးအဖွဲ့၊ အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန၊ အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာနတို့မှ တာဝန်ခံအရာရှိများသည် စက်ရုံသို့သွားရောက်၍ စက်ရုံမှူး၊ မန်နေဂျာ၊ HR မန်နေဂျာ၊ WCC အဖွဲ့ဝင် အလုပ်သမား ကိုယ်စားလှယ်များ၊ ကိုယ်ဝန်ဆောင်အလုပ်သမားများနှင့် အခြားအလုပ်သမားများ၊ စုစုပေါင်း ၂၁ ဦးတို့အား စစ်ဆေးမေးမြန်းခဲ့ရာ အောက်ပါအတိုင်း စစ်ဆေးတွေ့ရှိရပါသည်-

(က) အလုပ်သမားများ၏ လုပ်ခလစာကို လကုန်ပြီးလဆန်း(၅)ရက်နေ့၌ ရှင်းလင်းပေးချေပြီး လစာကို ပြည့်ဝမှန်ကန်စွာရရှိပါကြောင်း၊

(ခ) အလုပ်စချိန်မှာ (၀၈:၀၀)နာရီဖြစ်ပြီး အလုပ်စတင်ချိန်မတိုင်မီ (၀၇:၄၅)နာရီမှစ၍ အထည်ချုပ်ခိုင်းခြင်းမရှိကြောင်း၊

(ဂ) စက်ရုံမှတောင်းခံသည့်စံချိန်မှာ ချုပ်လုပ်နိုင်သည့် စံချိန်ဖြစ်ပါကြောင်းနှင့် စံချိန်တောင်းခံရာတွင် မခံမရပ်နိုင်အောင် ပြောဆိုခြင်းမရှိပါကြောင်း၊

(ဃ) ကိုယ်ဝန်ဆောင်အမျိုးသမီးများ မချုပ်လုပ်နိုင်သော စံချိန်တောင်းခံခြင်းမရှိပါကြောင်းနှင့် ကိုယ်ဝန်ဆောင်အမျိုးသမီးများ ဖယ်ရီကားစီးရာတွင် အဆင်ပြေမှုရှိရန် နေရာစီစဉ်ပေးထားပါကြောင်း၊

(င) စက်ရုံအလုပ်သမားများအတွက် သောက်ရေပြတ်တောက်ခြင်းနှင့် ရေမကောင်းခြင်း မရှိပါကြောင်း၊

(စ) လုပ်ငန်းခွင်အတွင်း ထိခိုက်မှုရှိပါက ကုသပေးနိုင်ရန် စက်ရုံတွင် ဆေးခန်း(၁)ခန်း ထားရှိပြီး သူနာပြုသင်တန်းဆင်းလက်မှတ်ရဆရာမ ဒေါ်နန်းကလျာလှိုင်အား ခန့်အပ်ထားရှိပါကြောင်းနှင့် သူနာပြုဆေးပစ္စည်းများ ပါဝင်သော သူနာပြုဆေးသေတ္တာ (၂၇)လုံး စီစဉ်ထားရှိပါကြောင်း၊

(ဆ) ခွင့်မတိုင်ဘဲ ခွင့်မဲ့ပျက်ကွက်ပါက ဒေးကြေး ၅,၂၀၀/- ကျပ်၊ ရက်မှန်ကြေး ၁၀,၀၀၀/- ကျပ်၊ စုစုပေါင်း ၁၅,၂၀၀/- ကျပ် ဖြတ်တောက်ခြင်းခံရပါကြောင်း၊

(ဇ) အချိန်ပိုလုပ်ကိုင်ရာတွင်လည်း အလုပ်သမားများ သဘောဆန္ဒနှင့်အညီ လက်မှတ်ထိုး၍ လုပ်ကိုင်ရပြီး WCC အလုပ်သမားကိုယ်စားလှယ်များ ခန့်အပ်ရာတွင် အလုပ်သမားများ၏ သဘောဆန္ဒအရ ရွေးချယ်ပါကြောင်းနှင့် WCC အဖွဲ့ဝင်များ သိရှိပါကြောင်း။

သို့ဖြစ်ပါ၍ Myanmar Labour News တွင် ဖော်ပြပါရှိသော Lucky Fortune Garment အထည်ချုပ်စက်ရုံနှင့်ပတ်သက်သည့် သတင်းဖော်ပြထားမှုအပေါ် မှန်ကန်မှု ရှိ/မရှိ အလုပ်ရှင်နှင့် အလုပ်သမားတို့အား စစ်ဆေးမေးမြန်းမှုအရ မှန်ကန်မှုမရှိကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

အလုပ်သမားဝန်ကြီးဌာန

အွန်လိုင်းလူမှုကွန်ရက်စာမျက်နှာ၌ စက်ရုံတွင် အလုပ်သမားအပေါ် ဥပဒေချိုးဖောက်မှုရှိသည်ဟူသော သတင်းဖော်ပြချက်နှင့်ပတ်သက်၍ သတင်းမှန်ထုတ်ပြန်ခြင်း

အွန်လိုင်းလူမှုကွန်ရက်စာမျက်နှာများ၌ စက်ရုံများတွင် အလုပ်သမားများအပေါ် ဥပဒေချိုးဖောက်မှုများရှိသည်ဟူသော သတင်းဖော်ပြမှုနှင့်ပတ်သက်ပြီး အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာနအနေဖြင့် အလုပ်သမားရေးရာ ပေါင်းစပ်အဖွဲ့ဖြင့်လည်းကောင်း၊ စည်းကြပ်ဥပဒေများဖြင့်လည်းကောင်း မှန်ကန်မှု ရှိ/ မရှိ စိစစ်၍ အလုပ်သမားများ ရပိုင်ခွင့်များရရှိအောင် ဆောင်ရွက်ပေးလျက်ရှိသည်။

Myanmar Labour News ၏ ၄-၅-၂၀၂၃ ရက်စွဲပါ စာမျက်နှာ၌ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံစက်မှုဇုန်၊ ကနောင်မင်းသားကြီးလမ်း၊ အမှတ်(၁၈/ ၂၁)ရှိ ဒေါ်လွင်လွင်သန်း(မြန်မာနိုင်ငံသား)ပိုင် သမီးတော်စွမ်းအား အထည်ချုပ်စက်ရုံရှိ အလုပ်သမားများ ခွင့်ယူပါက ခွင့်ယူသည့်ရက်အတွက် လစာမဲ့ခွင့်အဖြစ် သတ်မှတ်ပြီး ရရှိသည့်လစာမှ ဖြတ်တောက်ခံနေရကြောင်း၊ အလုပ်ဝင်ချိန် (၅)မိနစ် စောဝင်ခိုင်းပြီး အလုပ်ဆင်းချိန် ၁၅ မိနစ်/ ၂၀ မိနစ် နောက်ကျပြီးမှ အမြဲအလုပ်ဆင်းနေရကြောင်း ဖော်ပြပါရှိပါသည်။

အဆိုပါသတင်းဖော်ပြချက်နှင့်ပတ်သက်၍ ၁၀-၅-၂၀၂၃ ရက်နေ့တွင် အလုပ်ရုံနှင့် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ လူမှုဖူလုံရေးအဖွဲ့၊ အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာန၊ အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာနတို့မှ တာဝန်ခံအရာရှိများသည် စက်ရုံသို့ သွားရောက်၍ အလုပ်သမားရေးရာ ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်များ၊ အလုပ်သမားကိုယ်စားလှယ်(၁၅)ဦး၊ HR မန်နေဂျာ(၂)ဦးတို့အား စစ်ဆေးမေးမြန်းခဲ့ရာ အောက်ပါအတိုင်း စစ်ဆေးတွေ့ရှိရပါသည်-

(က) အလုပ်သမားများ ခွင့်ယူပါက လစာမဲ့ခွင့်အဖြစ် သတ်မှတ်ခြင်းနှင့်ပတ်သက်၍ ခွင့်တိုင်ကြားရာတွင် တရားဝင်စာရွက်စာတမ်းဖြင့် တိုင်ကြားမှုမရှိခြင်း၊ နီးစပ်ရာ လုပ်ဖော်ကိုင်ဖက်များတစ်ဆင့် တိုင်ကြားခြင်း၊ တယ်လီဖုန်းဖြင့် ကိုယ်တိုင်တိုင်ကြားမှုမရှိခြင်း၊ ခွင့်လက်ကျန်မရှိခြင်းတို့ကြောင့် လစာမဲ့ခွင့်အဖြစ် သတ်မှတ်၍ လစာမှဖြတ်တောက်မှုရှိကြောင်း၊

(ခ) စက်ရုံအတွင်းသို့ အလုပ်ချိန်မတိုင်မီ (၅)မိနစ်စောဝင်ရခြင်းနှင့် အလုပ်ဆင်းချိန် ၁၅ မိနစ်/ ၂၀ မိနစ် နောက်ကျဆင်းရခြင်းရှိကြောင်း၊ ထိုသို့ဖြစ်ရခြင်းမှာ လုပ်ငန်းမစတင်မီ စက်သန့်ရှင်းရေးလုပ်ရခြင်းနှင့် လုပ်ငန်းပြီးဆုံးသည့်နောက်တွင် စက်သန့်ရှင်းရေးလုပ်ရခြင်း၊ အချို့သောဝန်ထမ်းများသည် အထည်စံနှုန်း သတ်မှတ်ချက်ပြည့်မီရန် အလုပ်ဆင်းချိန်ကျော်လွန်သည်အထိ လုပ်ကိုင်ကြခြင်းတို့ကြောင့်ဖြစ်ကြောင်း၊

စစ်ဆေးတွေ့ရှိချက်များအပေါ် ၁၁-၅-၂၀၂၃ ရက်နေ့တွင် အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာနမှ စည်းကြပ်သည့် ဥပဒေများအရ လိုက်နာဆောင်ရွက်ရန် အချက်များကို အောက်ပါအတိုင်း သတိပေးညွှန်ကြားခဲ့ပြီး ၁၉-၅-၂၀၂၃ ရက်နေ့ အရောက်ပြန်လည်တင်ပြရန် ညွှန်ကြားခဲ့ပါသည်-

(က) ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများ အက်ဥပဒေပုဒ်မ ၆၂ အရ မည်သည့်အလုပ်သမားကိုမျှ အလုပ်ရုံ၌ မည်သည့်ရက်၌မဆို အလုပ်ချိန်နာရီပေါင်း ၈ နာရီထက်ပို၍ အလုပ်မလုပ်စေရ သို့မဟုတ် ခွင့်မပြုရ၊

(ခ) ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက်အက်ဥပဒေ ပုဒ်မ ၄၊ ပုဒ်မ ၅၊ ပုဒ်မ ၆(၁)တို့အရ အလုပ်ရှင်သည် မိမိအလုပ်ကို တစ်ဆက်တည်း (၁၂)လပြည့်အောင် လုပ်ခဲ့သည့် အလုပ်သမားအသီးသီးအား သက်ဆိုင်ရာပျမ်းမျှ အခကြေးငွေနှင့်ဖြစ်စေ၊ ပျမ်းမျှလစာငွေနှင့်ဖြစ်စေ လုပ်သက်ခွင့်(၁၀)ရက် ခံစားနိုင်စေရန်၊ ရှောင်တခင်ခွင့်ရက်ကို တစ်နှစ်လျှင် စုစုပေါင်း(၆)ရက်ကို ခွင့်ပြုပေးရန်၊ (၁)နှစ်လျှင် ရက်ပေါင်း(၃၀)ထက်မပိုသော ကာလအပိုင်းအခြားအတွက် ဆေးလက်မှတ်ခွင့်ရက်ကို ခံစားနိုင်စေရန် စီမံပေးရမည်။

သို့ဖြစ်ပါ၍ Myanmar Labour News တွင် ဖော်ပြပါရှိသော သမီးတော်စွမ်းအား အထည်ချုပ်စက်ရုံနှင့်ပတ်သက်၍ အလုပ်ဝင်ချိန် ၅ မိနစ်စောဝင်ရခြင်း၊ အလုပ်ဆင်းချိန် ၁၅ မိနစ်/ ၂၀ မိနစ် နောက်ကျဆင်းရခြင်းနှင့်စပ်လျဉ်း၍ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများ အက်ဥပဒေနှင့် အညီ လိုက်နာဆောင်ရွက်ရန် ပထမအကြိမ် သတိပေးညွှန်ကြားထားပြီး လိုက်နာဆောင်ရွက်ပြီးစီးမှု အခြေအနေကို ပြန်လည်တင်ပြစေခြင်း၊ ဌာနမှပြန်လည်စိစစ်ခြင်းဖြင့် အလုပ်သမားများ ဥပဒေပါရပိုင်ခွင့်များ ပြည့်ဝစွာရရှိစေရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

အလုပ်သမားဝန်ကြီးဌာန

လှိုင်လင်မြို့နယ်၌ ၂၀၂၃ ခုနှစ် မိုးရာသီ သီးနှံစိုက်ပျိုးစရိတ် ချေးငွေထုတ်ချေးပေး

လှိုင်လင် မေ ၂၂

ရှမ်းပြည်နယ်(တောင်ပိုင်း) လှိုင်လင်ခရိုင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ၂၀၂၃ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးပေးခြင်းကို ယနေ့တွင် အဆိုပါရုံး၌ တောင်သူများအား ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

ယနေ့တွင် လှိုင်လင်မြို့ပေါ်ရှိအမှတ်(၄)ရပ်ကွက်မှ တောင်သူ ၂၀ ၏ စပါးစိုက်ဧက ၆၀ အတွက် တစ်ဧကလျှင် ငွေကျပ်တစ်သိန်းခွဲနှုန်းဖြင့် ချေးငွေကျပ် သိန်း ၉၀ ကိုလည်းကောင်း၊ ပြောင်းစိုက်ဧက လေးဧကအတွက် တစ်ဧကလျှင် ငွေကျပ် တစ်သိန်းနှုန်းဖြင့် ထုတ်ချေးငွေကျပ် လေးသိန်းကိုလည်းကောင်း စုစုပေါင်း ထုတ်ချေးငွေကျပ် ၉၄ သိန်းကို ခရိုင်မန်နေဂျာ ဦးဇော်မင်းခိုင်က တောင်သူများ၏ လက်ဝယ်အရောက် ထုတ်ချေးပေးခဲ့သည်။

၂၀၂၃ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးပေးခြင်းနှင့်ပတ်သက်၍ ချေးငွေအကြံပေးအဖွဲ့အစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၂ နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကံစောလှိုင် တက်ရောက်၍ အမှာစကားပြောကြားခဲ့သည်။

ခရိုင်(ပြန်/ဆက်)

နယ်စပ်ရေးရာဝန်ကြီးဌာန ရှမ်းပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးခွဲ(ကျိုင်းတုံ)မှ ဝန်ထမ်းများက မေ ၂၀ ရက်တွင် ကျိုင်းတုံမြို့ အမှတ်(၁) ရပ်ကွက် အာခါဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်းရှိ ဆရာတော်နှင့် ရှင်သာမဏေများအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲနှင့် လျှုဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

ခရိုင်(ပြန်/ဆက်)

နိုကာယ်စာမေးပွဲ ကျင်းပမည်

နေပြည်တော် မေ ၂၂

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက နှစ်စဉ်ကျင်းပမြဲဖြစ်သော ၂၀၂၃ ခုနှစ် အကြိမ်(၃၀)မြောက် အစိုးရနိုကာယ်စာမေးပွဲကို ၁၃၈၅ ခုနှစ် နယုန်လဆန်း ၁၄ ရက်မှ နယုန်လပြည့်ကျော် ၃ ရက်အထိ (၂၀၂၃ ခုနှစ် ဇွန် ၁ ရက်မှ ၅ ရက်အထိ) ငါးရက်တိုင်တိုင် သတ်မှတ်ထားသည့် စာဖြေဌာနများ၌ တစ်ပြိုင်နက်တည်း ကျင်းပသွားမည်ဖြစ်ပြီး ဖြေဆိုရမည့် ကျမ်းစာအလိုက် သတ်မှတ်ထားသောရက်အတိုင်း နေ့စဉ် မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအထိ ဖြေဆိုခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

သာသနာရေးဦးစီးဌာနအနေဖြင့် စာမေးပွဲအချိန်စာရင်းများကို သက်ဆိုင်ရာ သံဃနာယကအဖွဲ့ရုံးများသို့ ဆက်လက်ပေးပို့သွားမည်ဖြစ်ကြောင်း ယင်းဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

မုံရွာမြို့၌ ဆိုင်ကလုန်းမုန်တိုင်းဒဏ်သင့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် အလှူငွေပေးအပ်ပွဲ ကျင်းပ

မုံရွာ မေ ၂၂

ဆိုင်ကလုန်းမုန်တိုင်း ဒဏ်သင့်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အလှူငွေပေးအပ်ပွဲအခမ်းအနားကို မေ ၂၁ ရက် မွန်းလွဲပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးချင်းတွင်းခန်းမ၌ ကျင်းပသည်။

ပြောကြား

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်ကယခုလိုလှူဒါန်းပေးမှုကို တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့၏ လှူဒါန်းမှုများကြောင့် ဘေးသင့်ပြည်သူများ သက်သာမှုရရှိပြီး ပြန်လည်ထူထောင်ရေး အတွက် အထောက်အပံ့များ ဖြစ်စေသည်ဟု မှတ်ယူပြီး မိမိတို့၏ ကောင်းမှုကုသိုလ်အပေါ် အမြဲအမှတ် ရရှိနိုင်ပါစေရန်နှင့် လှူဒါန်းပေးကမ်း စွန့်ကြဲနိုင်သည့် ပုဂ္ဂိုလ်များ ဖြစ်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး အစိုးရအဖွဲ့က လှူဒါန်းငွေကျပ်သိန်း ၁၀၀၀၊ မုံရွာမြို့ ဇေယျာပဒေသာဖောင်ဒေးရှင်းက လှူဒါန်းငွေကျပ်သိန်း ၃၀၀၀၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများက လှူဒါန်းငွေကျပ်သိန်း ၁၀၀၊ တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့က လှူဒါန်းငွေကျပ်သိန်း ၁၀၀၊ မုံရွာမြို့ ငုံးသားဖောက်စက်နှင့် မွေးမြူရေးလုပ်ငန်းက လှူဒါန်းငွေကျပ်သိန်း ၃၀၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တိုင်း/ခရိုင်/မြို့နယ် တရားရုံးများက လှူဒါန်းငွေကျပ် ခုနစ်သိန်း၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးကြီးကြပ်မှုအောက်ရှိ ဌာနဆိုင်ရာများက လှူဒါန်းငွေကျပ်၅၅၀၀၀၀၊ စီးပွားရေးရာဝန်ကြီး ကြီးကြပ်မှုအောက်ရှိ ဌာနဆိုင်ရာများက လှူဒါန်းငွေကျပ် ၇၂၀၀၀၀၊ သယံဇာတရေးရာဝန်ကြီး ကြီးကြပ်မှုအောက်ရှိ ဌာနဆိုင်ရာများက လှူဒါန်းငွေကျပ် ၄၁၈၀၀၀၀၊ လူမှုရေးရာဝန်ကြီး ကြီးကြပ်မှုအောက်ရှိ ဌာနဆိုင်ရာများက လှူဒါန်းငွေကျပ် ၁၂၇၉၄၀၀၀၊ လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးကြီးကြပ်မှုအောက်ရှိ ဌာနဆိုင်ရာများက လှူဒါန်းငွေကျပ် ၄၅၈၂၀၀၀၊ တိုင်းရင်းသားရေးရာ ဝန်ကြီးကြီးကြပ်မှုအောက်ရှိ ဌာနဆိုင်ရာများက လှူဒါန်းငွေကျပ် ၁၆၉၀၀၀၀၊ တိုင်းဒေသကြီးဥပဒေချုပ်ကြီးကြပ်မှုအောက်ရှိ ဌာနဆိုင်ရာများက လှူဒါန်းငွေကျပ် သုံးသိန်း ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

"မိုခါ" ဆိုင်ကလုန်း မုန်တိုင်း ဒဏ်သင့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အလှူငွေပေးအပ်ပွဲ အခမ်းအနားတွင် ဌာနဆိုင်ရာများနှင့် စေတနာရှင်၊ အလှူရှင်များက စုစုပေါင်းလှူဒါန်းငွေကျပ် ၄၅၅၆၄၆၀၀၀ ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ (Karen National Democratic Party) ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် (၂၂ / ၂၀၂၃)
၁၃၈၅ ခုနှစ် ၊ နယုန်လဆန်း ၄ ရက်
(၂၀၂၃ ခုနှစ် ၊ မေလ ၂၂ ရက်)

ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ (Karen National Democratic Party) ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

ကရင်ပြည်နယ်၊ ဘားအံမြို့၊ အမှတ်(၄)ရပ်ကွက်၊ သုခနုလမ်း၊ ခြံအမှတ် (၄/၄၁၃) တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ (Karen National Democratic Party)** ကို ၂၀၂၃ ခုနှစ်၊ မေလ ၂၂ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ (Karen National Democratic Party) ၏ မှတ်ပုံတင်အမှတ်မှာ (၁၇) ဖြစ်ပါသည်။

(ပုံ) သိန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကရင်ပြည်သူ့ပါတီ (KPP) ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် (၂၃ / ၂၀၂၃)
၁၃၈၅ ခုနှစ် ၊ နယုန်လဆန်း ၄ ရက်
(၂၀၂၃ ခုနှစ် ၊ မေလ ၂၂ ရက်)

ကရင်ပြည်သူ့ပါတီ (KPP) ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့၊ မရမ်းကုန်းရပ်ကွက်၊ ရွှေဒါးကုန်းလမ်း၊ အမှတ်(၂၈) တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ကရင်ပြည်သူ့ပါတီ (KPP)** ကို ၂၀၂၃ ခုနှစ်၊ မေလ ၂၂ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

ကရင်ပြည်သူ့ပါတီ (KPP) ၏ မှတ်ပုံတင်အမှတ်မှာ (၁၈) ဖြစ်ပါသည်။

(ပုံ) သိန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်းများ၌ သင်တန်းဖွင့်ပွဲ/ဆင်းပွဲများ ကျင်းပ

နေပြည်တော် မေ ၂၂

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း (လပွတ္တာ၊ကျောက်ဖြူ) ၌ ဆောက်လုပ်ရေးသင်တန်း၊ လျှပ်စစ်သင်တန်း၊ ဂဟေသင်တန်း၊ မော်တော်ယာဉ်စက်ပြင်သင်တန်း၊ လက်ကိုင်ဖုန်းပြင်သင်တန်းများနှင့် အောင်ပန်း၌ အဆင့်မြင့်မွမ်းမံသင်တန်းဖွင့်ပွဲနှင့် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းဆင်းပွဲများကို ယနေ့နံနက်ပိုင်းတွင် အဆိုပါသင်တန်းကျောင်းများ၌ ကျင်းပသည်။

အောင်ပန်းမြို့ သင်တန်းကျောင်းတွင် ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ လပွတ္တာမြို့ သင်တန်းကျောင်းတွင် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ ကျောက်ဖြူမြို့ သင်တန်းကျောင်းတွင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူးဦးတင်မြင့်တို့က သင်တန်း ဖွင့်/ဆင်း အမှာစကားပြောကြားသည်။

ဖွင့်လှစ်ပို့ချသွားမည်

လပွတ္တာ၊ ကျောက်ဖြူ သင်တန်းကျောင်းနှစ်ကျောင်း၌ ဆောက်လုပ်ရေးသင်တန်း၊ လျှပ်စစ်သင်တန်း၊ ဂဟေသင်တန်း၊ မော်တော်ယာဉ်စက်ပြင်သင်တန်း၊ လက်ကိုင်ဖုန်းပြင်သင်တန်းတို့တွင် သင်တန်းသား စုစုပေါင်း ၁၀၀ ဖြင့် သင်တန်းကာလ ရက်သတ္တ ၂၂ ပတ်နှင့် အဆင့်မြင့်မွမ်းမံသင်တန်းတွင် Electronic Fuel Injection–EFI သင်တန်းသား ၁၅ ဦး၊ Programmable Logic Controller–PLC သင်တန်းသား ၁၂ ဦး၊ Phone Advance သင်တန်းသား ရှစ်ဦးပေါင်း ၃၅ ဦးတို့ဖြင့် ရက်သတ္တ ၂၂ ပတ်ကြာ သင်ကြားဖွင့်လှစ်ပို့ချသွားမည်ဖြစ်သည်။ ယင်းသင်တန်းများတွင် နေထိုင်စားသောက်ရေးနှင့် သင်တန်းသုံးပစ္စည်းများ အခမဲ့ထောက်ပံ့ပေးသွားမည်ဖြစ်ကာ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းသား ၄၀ တို့အား သင်တန်းဆင်း အောင်လက်မှတ်များ၊ ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းဆင်း ၄၀ အနက် ၂၅ ဦးအား တောင်ကြီး၊ ကလော၊ ညောင်ရွှေ၊ ချောင်းသာ၊ လောက်ကိုင်ဒေသများရှိ ဟိုတယ်များတွင် အလုပ် ခန့်အပ်ပေးနိုင်ခဲ့သည်။

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း သင်တန်းဖွင့်ပွဲအခမ်းအနား(အောင်ပန်း)တွင် အမှာစကားပြောကြားစဉ်။

နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်းများတွင် သင်တန်းသား သင်တန်းသူ စုစုပေါင်း ၆၂၇၇ ဦး သင်ကြားလေ့ကျင့်မွေးထုတ်ပေးခဲ့ပြီး အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ကမ္ဘောဒီးယားနိုင်ငံ၌ ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်း (၁၀)နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားကျင်းပ

ဖနောင်ပင် မေ ၂၂

တရုတ်နိုင်ငံက အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်း၏ (၁၀)နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားကို ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ၔင်းစီမံကိန်းအား ကမ္ဘောဒီးယားနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်နှင့် နိုင်ငံအတွင်း ဆင်းရဲနွမ်းပါးမှုလျှော့ချနိုင်ရေးအတွက် တရုတ်နိုင်ငံက ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်သည်။ ဆီဟန်နောဗီးလ် အထူးစီးပွားရေးဇုန်တွင် ကျင်းပသည့် ၔင်းအခမ်းအနားသို့ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်ဟွန်ဆန်နှင့် ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး ဝန်ဝမ်တိမ်းတို့ တက်ရောက်ခဲ့ကြသည်။

တရုတ်နိုင်ငံ၏ ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်းအရ နိုင်ငံအတွင်း လမ်း၊ တံတားဆိပ်ကမ်း၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံများ၊ အထူးစီးပွားရေးဇုန်များ၊ လေဆိပ်များနှင့် အားကစားရုံများကို တည်ဆောက်နိုင်ခဲ့ကြောင်း ဝန်ကြီးချုပ်ဟွန်ဆန်က ပြောကြားသည်။ ၔင်းစီမံကိန်းသည် ကမ္ဘောဒီးယားနိုင်ငံ တစ်နိုင်ငံတည်းကိုသာ အကျိုးကျေးဇူးရရှိစေသည်မဟုတ်ဘဲ အာဆီယံနိုင်ငံများနှင့် စီးပွားရေးစကြံတစ်လျှောက်ရှိ နိုင်ငံများကိုပါ အကျိုးကျေးဇူးများရရှိစေခဲ့ပြီး ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကိုပါ ဆောင်ကျဉ်းစေခဲ့ကြောင်း ဟွန်ဆန်က မှတ်ချက်ပြုခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံ၏ အကြီးဆုံးစက်မှုဇုန်ဖြစ်သော ဆီဟန်နောဗီးလ် အထူးစီးပွားရေးဇုန်သည် ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်းဆိုင်ရာ စံပြစီမံကိန်းတစ်ခုဖြစ်လာခဲ့ကြောင်း ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး ဝန်ဝမ်တိမ်းက ပြောကြားခဲ့သည်။ အဆိုပါအထူး စီးပွားရေးဇုန်သည် ဆီဟန်နောဗီးလ်ပြည်နယ်၏ စီးပွားရေးတိုးတက်မှုဆိုင်ရာ ပြယုဂ်ဖြစ်လာခဲ့ပြီး ဒေသခံများအတွက် အလုပ်အကိုင်များ ပေးအပ်နိုင်မည်ဖြစ်ကြောင်း ၔင်းကဆိုသည်။

ကိုးကား-ဆင်ဟွာ၊ဘာသာပြန်-စိုးသူရ

တရုတ်နိုင်ငံ၏ ဧပြီလအတွင်း ကျောက်မီးသွေး ထုတ်လုပ်မှု ၄ ဒသမ ၅ ရာခိုင်နှုန်းမြင့်တက်

ပေကျင်း မေ ၂၂

တရုတ်နိုင်ငံသည် ပြီးခဲ့သည့်ဧပြီလအတွင်းက ကျောက်မီးသွေးကုန်ကြမ်းတန်ချိန် သန်း ၃၈၀ အထိ ထုတ်လုပ်နိုင်ခဲ့ခြင်းကြောင့် ယမန်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၄ ဒသမ ၅ ရာခိုင်နှုန်းမြင့်တက်မှုရှိခဲ့ကြောင်း တရုတ်နိုင်ငံအမျိုးသား စာရင်းအင်းဗျူရိုကပြောကြားသည်။

တရုတ်နိုင်ငံသည် ယခုနှစ် ပထမလေးလတာ ကာလအတွင်း ကျောက်မီးသွေးကုန်ကြမ်းတန်ချိန် ၁ ဒသမ ၅၃ ဘီလီယံထုတ်လုပ်နိုင်ခဲ့ခြင်းကြောင့် ပြီးခဲ့သည့်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၄ ဒသမ ၈ ရာခိုင်နှုန်းအထိ ထုတ်လုပ်မှုမြင့်တက်ခဲ့ကြောင်း အဆိုပါတရုတ်နိုင်ငံအမျိုးသားစာရင်းအင်းဗျူရိုက ပြောကြားသည်။ တရုတ်နိုင်ငံသည် ကျောက်မီးသွေးထုတ်လုပ်မှုကို တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့သည့်အပြင် ယခုနှစ် ဇန်နဝါရီလမှ ဧပြီလအတွင်း ကျောက်မီးသွေးတင်ပို့မှု မြင့်တက်ခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံသည် ယခုနှစ်ပထမလေးလတာကာလအတွင်း ပြည်ပနိုင်ငံများသို့ ကျောက်မီးသွေးတန်ချိန် သန်း ၁၄၀ တင်ပို့နိုင်ခဲ့သည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-အလင်းသစ်

ထိုင်းနိုင်ငံသို့လာရောက်သည့် တရုတ်ခရီးသည်များ လုံခြုံမှုရှိစေရေးဆောင်ရွက်

ဗန်ကောက် မေ ၂၂

ထိုင်းနိုင်ငံသို့ လာရောက်သည့် တရုတ် ခရီးသည်များအား ဆွဲဆောင် နိုင်စေရေးအတွက် လှုပ်ရှားမှုတစ်ရပ်ကို ထိုင်းခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့က ယနေ့ စတင်ဆောင်ရွက်ခဲ့သည်။

ယင်းလှုပ်ရှားမှုအား ယုံကြည်ရသည့်ထိုင်းနိုင်ငံဟု အမည်ပေးထားပြီး ထိုင်းနိုင်ငံအတွင်း တရုတ်ခရီးသည်များ လုံခြုံမှုရှိစေရေးအတွက် အသိပညာပေးရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်သည်။

တရုတ်ခရီးသည်များ ဘာသာစကားဆိုင်ရာ အဆင်ပြေချောမွေ့စေရေးအတွက် ရဲတပ်ဖွဲ့မှ တရုတ်ဘာသာစကားအပါအဝင် ဘာသာစကားမျိုးစုံ ကျွမ်းကျင်သည့် တပ်ဖွဲ့ဝင်များကို ခရီးသွားနေရာများတွင် တာဝန်ပေးအပ်ထားကြောင်း သိရသည်။ လက်ရှိအချိန်တွင် ထိုင်းနိုင်ငံသို့ လာရောက်သည့် တရုတ်ခရီးသည်များ၏ လုံခြုံရေးအတွက် ထိုင်းနိုင်ငံ ရဲတပ်ဖွဲ့နှင့် ပူးပေါင်း၍ စီစဉ်ဆောင်ရွက်နေကြောင်း ထိုင်းနိုင်ငံ ခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့ တာဝန်ရှိသူ တိန်းပတ်ဆူဝမ်က ပြောကြားသည်။ ထိုင်းနိုင်ငံသို့ ဇန်နဝါရီ ၁ ရက်မှ မေ ၁၈ ရက်အထိ တရုတ်ခရီးသွား ၁၀၀၃,၈၉၃ ဦး လာရောက်ခဲ့သည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန် စိုးသူရ

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၃-၅-၂၀၂၃ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး	ကျိုင်းတုံ
92 Ron	၁၉၈၀	၂၀၃၀	၂၀၂၅	၁၉၉၀	၂၀၃၀	၂၀၅၅	၂၀၃၅	၂၀၃၅	၂၁၁၅	၂၁၃၀	၂၀၃၀	၂၀၃၀	၂၀၆၅	၂၀၇၀	၂၀၇၀	၂၃၀၀	၂၇၀၀
95 Ron	၂၀၇၅	၂၁၂၅	၂၁၂၀	၂၀၈၅	၂၁၂၀	၂၁၄၅	၂၁၃၀	၂၁၁၀	၂၂၀၅	၂၂၀၀	၂၁၃၅	၂၁၃၀	၂၁၆၀	၂၁၆၀	၂၁၆၅	၂၃၉၅	၂၈၀၅
HSD (500 ppm)	၁၈၈၅	၁၉၃၅	၁၉၃၀	၁၈၉၅	၁၉၃၅	၁၉၅၅	၁၉၅၀	၁၉၂၀	၂၀၄၀	၂၀၃၅	၁၉၂၅	၁၉၃၅	၁၉၇၀	၁၉၇၀	၁၉၇၅	၂၂၀၅	၂၈၀၅
HSD (50 ppm)	၁၉၆၅	၂၀၁၅	၂၀၁၀	၁၉၇၅	၂၀၁၅	၂၀၃၅	၂၀၃၀	၂၀၀၀	၂၁၂၀	၂၁၁၅	၂၀၀၅	၂၀၁၅	၂၀၅၀	၂၀၅၀	၂၀၅၅	၂၂၈၅	၂၈၆၅
HSD (10 ppm)	၁၉၆၅	၂၀၁၅	၂၀၁၀	၁၉၇၅	၂၀၁၅	၂၀၃၅	၂၀၃၀	၂၀၀၀	၂၁၂၀	၂၁၁၅	၂၀၀၅	၂၀၁၅	၂၀၅၀	၂၀၅၀	၂၀၅၅	၂၂၈၅	၂၈၆၅

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၁၈၇၈	၁၉၄၉
95 Ron	၁၉၆၈	၂၀၄၁
HSD (500 ppm)	၁၇၈၈	၁၈၅၃
HSD (50 ppm)	၁၈၆၂	၁၉၂၉
HSD (10 ppm)	၁၈၆၂	၁၉၂၉

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများ၀ယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

ဓာတ်ခွဲနမူနာစုစုပေါင်း ၇၆၁၄ ခု စစ်ဆေးပြီးစီး ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၈၂ ဦး တွေ့ရှိ

ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၂-၅-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၁-၅-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၂-၅-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၇,၆၁၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၈၂)ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၁.၀၈) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၅၇၇,၉၉၄) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၈,၁၁၆) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၈၇) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၆၁၆,၉၉၁) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၄) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

မုန်တိုင်းဒဏ်သင့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်း

နေပြည်တော် မေ ၂၂

မုန်တိုင်းဒဏ်သင့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းခြင်းကို ယနေ့တွင် ကချင်ပြည်နယ် မြစ်ကြီးနား မြို့ရှိ မြို့တော်ခန်းမ၌ ပြုလုပ်ရာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုမောင်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် စေတနာရှင်အလှူရှင်များ တက်ရောက်ကြသည်။

ပေးအပ်လှူဒါန်း

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် အလှူရှင်များက အလှူငွေကျပ် ၃၄၀၇စာ၆၀၀ ကို ပေးအပ်လှူဒါန်းရာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူတို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည် ပေးအပ်ခဲ့သည်။

အလားတူ ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့မှ လှူဒါန်းသည့် ငါးပိ ပိဿာ ၁၀၀၀၊ ငါးနီတူခြောက် ပိဿာ ၁၀၀၀၊ အိုင်အိုဒင်းဆား ပိဿာ ၁၀၀၀၊ ခေါက်ဆွဲခြောက်ဖာ ၅၀၀၊ ကြက်ဥ/ဘဲဥ အလုံး ၁၀၀၀၀၀ နှင့် အနောက်တောင်တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များမှ လှူဒါန်းသည့် ကြက်ဥ အလုံး ၁၃၀၀၀၊ ဘဲဥ အလုံး ၁၀၀၀၀၊ ငါးနီတူခြောက် ပိဿာ ၂၀၀ တို့ကို စုဖွဲ့ပြင်ဆင်ထားရှိမှုကို ယနေ့ မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ အဆိုပါရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် လှူဒါန်းသည့် ပစ္စည်းများအား တိုင်းစစ်ဌာနချုပ်မှ မော်တော်ယာဉ်

များဖြင့် သယ်ဆောင်၍ ပုသိမ်မြို့မှ ရန်ကုန်မြို့ရှိ မင်္ဂလာဒုံလေဆိပ်သို့ ပို့ဆောင်ကာ ထိုမှတစ်ဆင့် ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများသို့ ဆက်လက်ပေးပို့လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တပ်နယ်များ၏ ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့် တပ်ရင်း/တပ်ဖွဲ့များကို ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၂

ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးသည် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် စစ်တွေလေဆိပ်သို့ရောက်ရှိရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦး၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်တိုးရီနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

စားသောက်ဖွယ်ရာများ ပေးအပ်

ထို့နောက် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)သည် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပြည်ထဲရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) ကျရောက်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့် မောင်တောမြို့နယ် အင်းဒင်ကျေးရွာအနီးရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ နယ်မြေခံ နယ်ခြားစောင့် ရဲတပ်ဖွဲ့ခွဲသို့ရောက်ရှိပြီး မုန်တိုင်းဒဏ်သင့်၍ ပျက်စီးသွားသည့် အဆောက်အအုံများကို လိုက်လံကြည့်ရှုကာ အမြန်ဆုံး ပြန်လည်ပြုပြင်နိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ ထို့နောက် အဆိုပါရဲတပ်ဖွဲ့ခွဲရှိခန်းမ၌ တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား တွေ့ဆုံအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်ကာ တွေ့ဆုံပွဲသို့ တက်ရောက်လာသည့် တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)နှင့်အဖွဲ့သည် မောင်တောမြို့နယ် ကျီးကန်းပြင်ရှိ နယ်မြေခံ နယ်ခြားစောင့်ကွပ်ကဲမှုဌာနချုပ်သို့ ရောက်ရှိရာ ရဲကွပ်ကဲမှု အဖွဲ့မှူး ရဲမှူးချုပ်ထက်လွင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။ ထို့နောက် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)နှင့်အဖွဲ့သည် အဆိုပါရဲကွပ်ကဲမှုဌာနချုပ်အတွင်း၌ မုန်တိုင်းဒဏ်ကြောင့်ပျက်စီးသွားခဲ့သည့် အဆောက်အအုံများကို လိုက်လံကြည့်ရှု၍ အမြန်ဆုံးပြန်လည်ပြုပြင်နိုင်ရေး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ပြီး ကွပ်ကဲမှုဌာနချုပ်ရှိ နေမျိုးခန်းမတွင် တပ်ဖွဲ့ဝင်များနှင့် မိသားစုများအား တွေ့ဆုံ၍ အားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများပေးအပ်သည်။ ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာသည့် တပ်ဖွဲ့ဝင်များနှင့်မိသားစုများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

အလားတူ ဘူးသီးတောင်မြို့နယ် တောင်ဘဏ

နယ်မြေခံ နယ်ခြားစောင့်ကွပ်ကဲမှုဌာနချုပ်သို့ ရောက်ရှိပြီး ရဲကွပ်ကဲမှု အဖွဲ့မှူး ရဲမှူးချုပ်ထက်လွင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။ ထို့နောက် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)နှင့်အဖွဲ့သည် အဆိုပါရဲကွပ်ကဲမှုဌာနချုပ်အတွင်း၌ မုန်တိုင်းဒဏ်ကြောင့်ပျက်စီးသွားခဲ့သည့် အဆောက်အအုံများကို လိုက်လံကြည့်ရှု၍ အမြန်ဆုံးပြန်လည်ပြုပြင်နိုင်ရေး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ပြီး ကွပ်ကဲမှုဌာနချုပ်ရှိ နေမျိုးခန်းမတွင် တပ်ဖွဲ့ဝင်များနှင့် မိသားစုများအား တွေ့ဆုံ၍ အားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများပေးအပ်သည်။ ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာသည့် တပ်ဖွဲ့ဝင်များနှင့်မိသားစုများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

အလားတူ ဘူးသီးတောင်မြို့နယ် တောင်ဘဏ

နယ်မြေခံတပ်ရင်း၏ မုန်းတိုင်းသင့်၍ပျက်စီးခဲ့သော အဆောက်အအုံများကို လိုက်လံကြည့်ရှုပြီး ပြန်လည်ပြုပြင်တည်ဆောက်နိုင်ရေး လိုအပ်သည်များမှာကြားကာ တပ်ရင်းခန်းမ၌ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအားပေးစကားပြောကြား၍ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။ ထို့နောက်အခမ်းအနားသို့ တက်ရောက်လာသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ဆက်လက်၍ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)နှင့်အဖွဲ့သည် ဝါးခုတ်ချောင်းတပ်နယ်သို့ ရောက်ရှိပြီး နယ်မြေခံတပ်ရင်းများ၏ မုန်တိုင်းဒဏ်သင့်၍ ပျက်စီးခဲ့သော အဆောက်အအုံများကို လိုက်လံကြည့်ရှုပြီး ဦးစားပေးအဆင့်အလိုက် ပြန်လည်ပြုပြင်တည်ဆောက်နိုင်ရေး မှာကြားသည်။ ယင်းနောက် တပ်နယ်ခန်းမ၌ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအားပေးစကား ပြောကြားပြီး စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးသည်။ ထို့နောက်အခမ်းအနားသို့ တက်ရောက်လာသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။ ထို့နောက် တပ်နယ်တပ်ရင်း၌ မွေးမြူထားသည့် ဥစားကြက် မွေးမြူရေးခြံသို့ သွားရောက်ကြည့်ရှု၍ မုန်တိုင်းပြီးမွေးမြူထားသော ကြက်များ၏ ဥနှုန်းများ သတ်မှတ်နှုန်းထားပြန်လည်ပြည့်မီနိုင်ရေး လိုအပ်ချက်များကို ဆောင်ရွက်ရန် မှာကြားသည်။ ဆက်လက်၍ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)နှင့် အဖွဲ့သည် ဘူးသီးတောင် တပ်နယ် နယ်မြေခံတပ်မတော်ဆေးရုံသို့ ရောက်ရှိကာ ဆေးဝါးကုသမှုခံယူနေသည့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများကို အားပေးစကားပြောကြားပြီး ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထိုမှတစ်ဆင့် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)နှင့်အဖွဲ့သည် တပ်နယ်အတွင်း မွေးမြူထားသည့် DYL အသားတိုးဝက်မွေးမြူရေးခြံကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)သည် ဘူးသီးတောင် တပ်နယ်ရှိအစည်းအဝေးခန်းမ၌ မုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားခဲ့သော အဆောက်အအုံများ ပြန်လည်ပြုပြင်နိုင်ရေးနှင့် ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တက်ရောက်လာသူများက သက်ဆိုင်ရာ ကဏ္ဍအလိုက် တင်ပြချက်များနှင့်ပတ်သက်၍ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)က ညှိနှိုင်းပေါင်းစပ်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

သဘာဝလေဘေးတိုက်ခတ်မှုကြောင့် စစ်တွေတပ်နယ်ရှိ ပျက်စီးမှုများဖြစ်ပေါ်ခဲ့သော စာသင်ကျောင်းများနှင့် ဆေးရုံများ ပြန်လည်ပြုပြင်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၂

သဘာဝလေဘေး တိုက်ခတ်မှုကြောင့် စစ်တွေတပ်နယ်ရှိ ပျက်စီးမှုဖြစ်ပေါ်ခဲ့သော စာသင်ကျောင်းများနှင့် ဆေးရုံများအား ပြန်လည်ပြုပြင်ခြင်း ဆောင်ရွက်နေသည့် အခြေအနေများကို ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့် အဆောက်အအုံများကို ရှင်းလင်းဖယ်ရှားခြင်း၊ ပြိုလဲနေသည့် သစ်ပင်ကြီးများအား ခုတ်ထွင်ရှင်းလင်းခြင်း၊ စာသင်ခန်းများအား သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ ဆေးရုံဝင်းအတွင်းနှင့် စာသင်ကျောင်း အတွင်း/အပြင် သန့်ရှင်းရေးဆောင်ရွက်နေမှုများကို ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်နှင့် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးတို့က သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

သဘာဝဘေးအန္တရာယ် ကျရောက်သောဒေသများတွင် တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် မေ ၂၂

သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့ရသည့် ဒေသများတွင် လိုအပ်သည့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် တပ်မတော်မှ ကြိုတင်စုဖွဲ့စေလွှတ်ထားသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်မြေခံ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ သက်ဆိုင်ရာဒေသများတွင် အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

သောက်သုံးရေသန့်များဖြန့်ဝေ

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပုဏ္ဏားကျွန်းမြို့၌ ရောက်ရှိအခြေပြုလျက်ရှိသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် အဆိုပါမြို့ရှိ အခြေခံပညာ အထက်တန်းကျောင်းဝင်းအတွင်း၌ သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ပေးပြီး စံပြရပ်ကွက်ရှိ လေဘေးသင့်ပြည်သူများအား ချက်ပြုတ်စားသောက်ရာတွင် အဆင်ပြေစေရန် သောက်သုံးရေသန့်များ ဖြန့်ဝေပေးလျက်ရှိသည်။

အလားတူ ကျောက်ဖြူမြို့သို့ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ကျောက်ဖြူမြို့ ငလပ္ပေ့ရပ်ကွက်ရှိ မုန်တိုင်းတိုက်ခတ်မှုကြောင့် အမိုးလန်ပျက်စီးသွားသော အခြေခံပညာ အလယ်တန်းကျောင်းအား သွပ်များ ပြန်လည်ပြုပြင်တည်ဆောက်ပေးခြင်းနှင့် ကုလားဘာတောင်ရပ်ကွက်ရှိ လေဘေးသင့်ပြည်သူများအား လိုအပ်သော ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ စားသောက်ဖွယ်ရာများထောက်ပံ့ပေးအပ်ခြင်းနှင့် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ ဆောင်ရွက်ပေးနေမှုများကို တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးသည်။

ထိုပြင် ကျောက်တော်နှင့် မြောက်ဦးမြို့သို့ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် မြောက်ဦးမြို့ရှိ ခရိုင်ပြည်သူ့ဆေးရုံ၌ လိုအပ်သော သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ဒေသခံပြည်သူများအား နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့နောက် မြောက်ဦးမြို့ရှိ လက်ီ်ာရကျောင်းတိုက်သို့ ဆန်အိတ်များနှင့် ဆီများ လှူဒါန်းသည်။ ထိုသို့ဆောင်ရွက်နေမှုများကို တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြသည်။ ရသေ့တောင်မြို့သို့ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် လေဘေးသင့်ပြည်သူများအား သောက်သုံးရေ အဆင်ပြေစေရန် ရေဖြန့်ဝေခြင်းများ ဆောင်ရွက်ပေးပြီး အနုမော်ကုန်းတန်းကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)နှင့် ဘုန်းတော်ကြီးကျောင်းတို့၌ လဲကျနေသော သစ်ပင်ကြီးများ၊ သစ်ကိုင်းများအား ခုတ်ထွင်ရှင်းလင်းခြင်းနှင့် သန့်ရှင်းရေးများ ဆောင်ရွက်ပေးလျက်ရှိကာ ရသေ့တောင်မြို့ရှိ ဓမ္မဝိဇယကျောင်းတော်၊ အောင်မြေဗောဓိရိပ်သာ အလိုတော်ပြည့်ကျောင်း၊ သာသနဇောတိပါလကျောင်း၊ တောင်လှမော်ကျောင်းတိုက်နှင့် ပညာဒီပပရဟိတကျောင်းတိုက်တို့တွင် ဆန်အိတ်များ လှူဒါန်းသည်။ ထို့ပြင် နယ်လှည့်ဆေးကုသရေးအဖွဲ့က လေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

မောင်တောမြို့သို့ ရောက်ရှိနေသော ကူညီကယ်ဆယ်ရေးအဖွဲ့များသည် အင်ဒင်းကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း၌ လဲကျနေသော သစ်ပင်၊ သစ်ကိုင်းများအား ခုတ်ထွင်ရှင်းလင်းခြင်းများ ဆောင်ရွက်ပေးသည်။ ထို့ပြင် လေဘေးသင့်ပြည်သူများအား သောက်သုံးရေဖြန့်ဝေခြင်းများ ဆောင်ရွက်ပေးပြီး နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ဆောင်ရွက်ပေးလျက်ရှိ

ဘူးသီးတောင်မြို့သို့ ရောက်ရှိနေသော ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်လှည့်ဆေးကုသရေးအဖွဲ့များနှင့်ပူးပေါင်း၍ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများနှင့် လိုအပ်သော ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ကျန်ရှိသည့် သဘာဝဘေးအန္တရာယ် ကူညီကယ်ဆယ်ရေးယာဉ်အုပ်စုများအနေဖြင့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်လာပါက အမြန်ဆုံးသွားရောက်နိုင်ရေး ပြင်ဆင်စုဖွဲ့ထားလျက်ရှိသည်။

ထို့ပြင် တပ်မတော်အကြီးအကဲ၏ လမ်းညွှန်မှုများအရ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ဆေးဝန်ထမ်းတပ်ဖွဲ့ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်မှ ဆေးတပ်ဖွဲ့ဝင်များဖြင့် ဖွဲ့စည်းထားသည့် အထူးဆေးကုသရေးအဖွဲ့သည် စစ်တွေမြို့ ဆတ်ရိုးကျရပ်ကွက်၌ ယာယီဆေးရုံ ဖွင့်လှစ်၍ နယ်မြေခံ ကျန်းမာရေးအဖွဲ့များနှင့် ပူးပေါင်းကာ ဒေသခံပြည်သူများအား ၄က်ဖျားပိုး၊ ဝမ်းပျက်ဝမ်းလျှောပိုးများ စစ်ဆေးပေးခြင်းနှင့် လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

စစ်တွေမြို့ရှိ မုန်တိုင်းသင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများ ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချ

နေပြည်တော် မေ ၂၂

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့် စစ်တွေမြို့ရှိ မုန်တိုင်းသင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၏ စားသောက်ရေး အဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက ယနေ့တွင် စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ ဟင်းသီးဟင်းရွက်များ၊ ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများမှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွပ်ဘူးများ ဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့် စားသောက်ကုန်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက တစ်ခဲနက် ဝယ်ယူခဲ့ကြကြောင်းနှင့် ယခုကဲ့သို့ စားရေအခက်အခဲ ဖြစ်ပေါ်နေချိန်တွင် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများအား အထူးပင် ကျေးဇူးတင်ရှိကြောင်း သိရသည်။

သတင်းစဉ်

နင်လားဟဲ့ မိုခါ

❖ အားပြင်းထန် ထင်ရာစိုင်းမယ့်
လေမုန်တိုင်း မိုခါ၊
ဒေါသဆူ အငြိုးတကြီးနဲ့
ဖျက်ဆီးဖို့လာ၊
တရစပ်ရယ်နဲ့
အထပ်ထပ် ကြေညာ
ဘေးလွတ်ရာ နေထိုင်ရေး။
မုန်တိုင်းဒဏ် ဝေးစေကြောင်း
ပြောင်းရွှေ့လိုပေး။

❖ တပ်မတော် မြန်မာနိုင်ငံရဲနဲ့
မီးသတ်ရယ် လူထုတွဲပါလို့
မုန်တိုင်းသရဲ ခုခံပြီ၊
အစဉ်သန် လျင်မြန်သွက်တယ်
တက်ညီလက်ညီ၊
မုန်တိုင်းက ဥာဏ်ပလီ
မာန်ဖီလို့ တရကြမ်း။
ခြေဦးတည့်ရာ တစ်ဟုန်ထိုး
တိုးဝှေ့လို့ရမ်း။

❖ မိုခါခေါ် အဖျက်မ
ရက်စက်လှ ရမ်းကားမ္မော၊
အဆောက်အအုံတွေ ဖရိုဖရဲနဲ့
ပြိုလဲလို့နေ၊
ကျိုးလို့ကျိုး ကြေလို့ကြေ
အနိဋ္ဌာတွေ မြင်မကောင်း။
မသက်မညှာ သဝေထိုးတယ်
ဆိုးသွမ်းပေတောင်း။

❖ မိုခါဒဏ် ဆိုးရွားလှ
သဘာဝဘေးအန္တရာယ်၊
ကြိုတင်ကာ သတိထားလို့
တားဆီးကာကွယ်၊
ဟဲ့မိုခါ နင်ရန်ပြုပေမယ့်
အန်တုလို့ ရင်ဆိုင်မယ်
ကယ်ဆယ်ဖို့ လက်မနှေး။
အစိုးရရယ်နဲ့
မိဘပြည်သူတို့
ရိုင်းပင်းကူဆောင်သယ်ပိုးကာ
ကောင်းကျိုးဖော်ပေး။

ရေနံ့သာမောင်ကျော်ညွှန့်

✪ ဆင်ဖြူတော်ကလေးမှ

အဆိုပါ ဆင်ဖြူတော်လေးမှာ မွေးဖွားစတွင် အရပ်အမြင့် နှစ်ပေ ငါးလက်မ၊ ကိုယ်လုံး လုံးပတ် သုံးပေ တစ်လက်မ၊ ကိုယ်အလေးချိန် ပေါင် ၁၈၀ ခန့်ရှိပြီး ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ရှစ်ချက်အနက် မျက်လုံးပုလဲရောင်ဖြစ်ခြင်း၊ ကျောကုန်းမှာ ၄က်ပျော ကိုင်းသဏ္ဌာန်ဖြစ်ခြင်း၊ အမွေးအဖြူရောင်ဖြစ်ခြင်း၊ အမြီးတံခါးပိတ် ဖြစ်ခြင်း၊ အရေပြားမှာသြဇာကွက်ဖြစ်ခြင်း၊ အသားအရေ ပန်းရောင် ဖြစ်ခြင်း၊ ခြေဖဝါးတွင် ရှေ့ခြေသည်း ငါးခုစီနှင့် နောက်ခြေသည်း လေးခုစီပါရှိခြင်း၊ နားကြီးခြင်း စသည့် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ခုနစ်ချက် ကိုက်ညီသော ဆင်ဖြူတော်လေး ဖြစ်သည်။

ဆင်ဖြူတော်လေးသည် ယခုအချိန်တွင် အသက် ၁၀ လသား အရွယ်ဖြစ်ပြီး အရပ်အမြင့် သုံးပေ ခုနစ်လက်မ၊ ကိုယ်လုံးလုံးပတ် ခြောက်ပေ သုံးလက်မ၊ ကိုယ်အလေးချိန် ပေါင် ၅၅၀ ရှိလာပြီဖြစ်ကာ ရတနာဆင်ဖြူတော် ထိန်းသိမ်းစောင့်ရှောက်ရေးဥယျာဉ်(နေပြည်တော်)ရှိ ရတနာဆင်ဖြူတော်ဆောင်တွင် မိခင်ဆင်မကြီးနှင့်အတူ ရှိနေကြောင်း၊ ဆင်ဖြူတော်လေး "ရဋ္ဌနန္ဒက"မှာ ငယ်စဉ်ကပင် လူနှင့်ယဉ်ပါးသည့် ဆင်ဖြူတော်လေးဖြစ်ပြီး ပိုမိုယဉ်ပါးစေရန် ဆင်နှင့်လူသားတို့အကြား ကောင်းမွန်စွာဆက်ဆံတတ်စေရန် လေ့ကျင့်သင်ကြားခြင်းစနစ် "Peace Human and Elephant Interaction Training" ဖြင့် လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

❖ ကျောဖုံးမှ

ပြင်ပလူနာများ ကြည့်ရှုကုသခြင်း၊ အတွင်းလူနာများအား ကုသပေးခြင်းနှင့် ခွဲစိတ်ရန်လိုအပ်သည့် လူနာများအား ယာယီခွဲစိတ်ခန်းများ ဖွင့်လှစ်၍ ကုသပေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။ ယင်းအပြင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ကျန်းမာရေးကဏ္ဍအခြေခံအဆောက်အအုံများ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို မိုးမကျမီကာလအတွင်း အထူးကြိုးစား ဆောင်ရွက်လျက်ရှိသည်။

ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ်

မေ၂၁ ရက်တွင် အရေးပေါ်တုံ့ပြန်ရေးဆေးအဖွဲ့များက ကူးစက်ရောဂါများ မဖြစ်ပွားစေရေးအတွက် ရသေ့တောင်မြို့နယ် မြို့ပေါ်ရပ်ကွက်များတွင် ရေသန့်ဆေးခတ်ခြင်း၊ ကျန်းမာရေးပညာပေးခြင်းနှင့် ဆေးကုသမှုပေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။

မေ၂၂ ရက်တွင် ရသေ့တောင်မြို့နယ် ကူတောင်တိုက်နယ်ဆရာဝန်ဦးဆောင်၍ ကူတောင်တိုက်နယ်ဆေးရုံ ဆင်ဝင်အမိုးအောက်တွင် ဆေးခန်းဖွင့်လှစ်ကုသခဲ့ပြီးပြည်သူ၁၃ဦးကိုကျန်းမာရေးစောင့်ရှောက်မှုများ ပေးနိုင်ခဲ့သည်။ အလားတူ မေ ၂၂ ရက်တွင် ရသေ့တောင်မြို့နယ်တွင် စေတီပြင်တိုက်နယ်ဆေးရုံ ရှိမုန်တိုင်းတိုက်ခတ်မှုကြောင့် အမိုးပျက်စီးသွားသော လေးခန်းတွဲဝန်ထမ်းအိမ်ရာကို အမြန်ဆုံးပြင်ဆင်ဆောင်ရွက်ပြီးစီးခဲ့သည်။

ရခိုင်ပြည်နယ် ပေါက်တောမြို့နယ်

ပေါက်တောမြို့နယ် ကျန်းမာရေးဦးစီးဌာနမှျားဦးဆောင်သော အရေးပေါ်တုံ့ပြန်ရေးဆေးအဖွဲ့များသည် မေ ၂၁ ရက်က အိမ်ခြေ ၆၃၀ ခန့်ရှိသော ပေါက်တောမြို့နယ် သဝန်ချောင်းကျေးရွာသို့ ကွင်းဆင်းသွားရောက်ကာ ရေအရင်းအမြစ်များ၏ သန့်ရှင်းမှုအခြေအနေကို စိစစ်ခဲ့ပြီး အိမ်ခြေ ၃၀၀ စာ ရေသန့်ဆေးပြား ၃၀၀၀ ကို အိမ်တိုင်ရာရောက်လိုက်လံဝေငှခဲ့ကာ ရွာလယ်ဧရပ်တွင် ရွာသူ ရွာသား ၆၇ ဦးကို ကျန်းမာရေးပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ ဆက်လက်၍ အိမ်ခြေ ၃၁၅ အိမ်ခန့်ရှိသော ပေါက်တောမြို့နယ် တောင်းဖူးကျေးရွာသို့ ကွင်းဆင်းသွားရောက်ပြီး ရေအရင်းအမြစ်များ၏ သန့်ရှင်းမှုအခြေအနေကို စိစစ်ခဲ့ကာ အိမ်ခြေ ၁၀၀ စာ ရေသန့်ဆေးပြား ၁၀၀၀ ကို အိမ်တိုင်ရာရောက်လိုက်လံဝေငှခဲ့ပြီး ကျေးရွာစာကြည့်တိုက်တွင် ရွာသူ ရွာသား ၆၅ ဦးကို ကျန်းမာရေးပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်

အရေးပေါ်တုံ့ပြန်ရေး ဆေးအဖွဲ့များသည် မေ၂၀ ရက်က ကျောက်တော်မြို့နယ် သရက်တပင်၊ စဖိုသားနှင့် အတွင်းရွာ စုစုပေါင်းကျေးရွာ သုံးရွာရှိ ရေအရင်းအမြစ်များကို ရေသန့်ဆေးများခတ်ခြင်း၊ ရေသန့်စင်ဆေးပြား ၇၀၀ ဖြန့်ဝေခြင်းတို့ ဆောင်ရွက်ခဲ့ပြီး ကျန်းမာရေးပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ရခိုင်ပြည်နယ် မင်းပြားမြို့နယ်

အလားတူ အရေးပေါ်တုံ့ပြန်ရေးဆေးအဖွဲ့များသည် မေ ၂၁ ရက်က မင်းပြားမြို့နယ် မြို့ပေါ်ရပ်ကွက်များတွင် ရေသန့်စင်ဆေးများ လိုက်လံခတ်ခြင်း၊ မြေသားရေကန်ကြီးများမှတစ်ဆင့် ယူ၍ သောက်သုံးရေအသုံးပြုသော ရေသိုလှောင်ကန်များအား ကလိုရင်းဆေးခတ်ခြင်း၊ သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှုရှိသည့် ဥက္ကာပျံရပ်ကွက်အတွင်း ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ပြုလုပ်ခြင်းနှင့် ကျန်းမာရေးပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ရသေ့တောင်မြို့နယ် စေတီပြင်တိုက်နယ်ဆေးရုံရှိ အမိုးပျက်စီးသွားသော လေးခန်းတွဲဝန်ထမ်းအိမ်ရာ ပြင်ဆင်ပြီးမှုကို တွေ့ရစဉ်။

ရခိုင်ပြည်နယ် မောင်တောမြို့နယ်

ထို့အတူ အရေးပေါ်တုံ့ပြန်ရေးဆေးအဖွဲ့များသည် မေ ၂၁ ရက်က မောင်တောမြို့နယ် မြို့ပေါ်ရပ်ကွက်များတွင် ရေသန့်စင်ဆေးများ လိုက်လံခတ်ခြင်းနှင့် ကျန်းမာရေးပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ အရေးပေါ်တုံ့ပြန်ရေးဆေးအဖွဲ့များသည် အိမ်ခြေ ၈၈ လုံးခန့်ရှိသော မောင်တောမြို့နယ် အင်းဒင်ကျေးရွာ၊ အိမ်ခြေ ၂၂၅ လုံးခန့်ရှိသော မောင်တောမြို့နယ် အောင်သုခကျေးရွာတို့သို့ ကွင်းဆင်းသွားရောက်ကာ ရေအရင်းအမြစ်များနှင့် အစားအသောက် သန့်ရှင်းရေးလုပ်ငန်းများနှင့် ကျန်းမာရေးပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး ဆေးကုသမှုလုပ်ငန်းများအဖြစ် အောင်သုခရွာတွင် ၆၄၂ ဦး၊ မြိုယုရွာတွင် ၆၃၄ ဦး၊ အင်းဒင်ရွာတွင် ၃၉၁ ဦး၊ ပဲရုံရွာတွင် ၅၇၃ ဦး နှင့်အောင်သုခရွာတွင် ၈၀၅ ဦး၊ စုစုပေါင်း ၃၀၄၅ ဦးတို့အား ဆေးကုသမှုများ ဆောင်ရွက်ပေးခဲ့သည်။

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ်

အရေးပေါ်တုံ့ပြန်ရေးဆေးအဖွဲ့များနှင့် မိခင်နှင့် ကလေးကျန်းမာရေးဆေးအဖွဲ့များသည် မေ ၂၂ ရက်တွင် ပုဏ္ဏားကျွန်းမြို့နယ် ယိုးဋကျေးရွာသို့ ကွင်းဆင်းသွားရောက်၍ ဆေးကုသမှုပေးခြင်း၊ ကျန်းမာရေးပညာပေးခြင်း၊ ရေသန့်ဆေးပြားဖြန့်ဝေခြင်းနှင့် ရေသန့်ဆေးပြားအသုံးပြုပုံ ပညာပေးခြင်းတို့ကို ဆောင်ရွက်သည်။ အလားတူ မေ ၂၁ ရက်က ပုဏ္ဏားကျွန်းမြို့နယ် ပြည်သူ့ဆေးရုံရှိ အမိုးပျက်စီးသွားသော နှစ်ခန်းတွဲ ဆေးသိုလှောင်ရုံနှင့် နှစ်ခန်းတွဲ ဝန်ထမ်းအိမ်ရာများကို ပြုပြင်ပြင်ဆင်ပြီးဖြစ်သည်။ **သတင်းစဉ်**

ဆိုင်ကလုန်းမုန်တိုင်း "မိုခါ"တိုက်ခတ်မှုကြောင့် ရခိုင်ပြည်နယ်အတွင်း၌ နေထိုင်သူစုစုပေါင်း ၁၄၈ ဦး သေဆုံး

နေပြည်တော် မေ ၂၂

ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်ခဲ့သည့် အလွန်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မိုခါ"(MOCHA) မေ ၁၄ ရက်တွင် တိုက်ခတ်မှုကြောင့် မြန်မာနိုင်ငံအတွင်းရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ပျက်စီးဆုံးရှုံးမှုစာရင်းများ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်လျက်ရှိသည်။

ထိုသို့ထုတ်ပြန်လျက်ရှိရာ မေ ၁၇ ရက်မွန်းလွဲပိုင်းထိ ရရှိသောစာရင်းများအရ ရခိုင်ပြည်နယ်အတွင်းရှိ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများ၌ ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" (MOCHA) တိုက်ခတ်မှုကြောင့် သေဆုံးသူ ၄၈ ဦး၊ မေ ၁၈ ရက် ညပိုင်းထိ ရရှိသော စာရင်းများအရ ရခိုင်ပြည်နယ်အတွင်းရှိ စစ်တွေမြို့နယ်၊ ရသေ့တောင်မြို့နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်နှင့် မြေပုံမြို့နယ်တို့၌ ဒေသခံပြည်သူ ခြောက်ဦးနှင့် IDP Camp မှ ၉၁ ဦး စုစုပေါင်း ၉၇ ဦး ထပ်မံသေဆုံးခဲ့ကာ သေဆုံးသူစုစုပေါင်း ၁၄၅ ဦး ရှိပြီဖြစ်ကြောင်း သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ရာ မေ ၂၁ ရက် ညနေပိုင်းတွင် ထပ်မံရရှိသောစာရင်းများအရ ရသေ့တောင်မြို့နယ်နှင့် ဘူးသီးတောင်မြို့နယ်တို့မှ ဒေသခံပြည်သူသုံးဦး ထပ်မံသေဆုံးခဲ့ကြောင်း သိရသဖြင့် သေဆုံးသူ စုစုပေါင်းမှာ ၁၄၈ ဦးရှိပြီဖြစ်ကြောင်း သိရသည်။

ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်ခဲ့သည့် နေရာများ၌ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အသင့်ပြင်ဆင်စုဖွဲ့ထားရှိသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များက ပရဟိတလူမှုကူညီရေးအသင်းအဖွဲ့များနှင့်အတူ ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

မြန်အောင်မြို့နယ်၌ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေး

မြန်အောင် မေ ၂၂

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်တွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေကို တစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀၀ နှုန်းဖြင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (မြန်အောင်ဘဏ်ခွဲ)မှ ထုတ်ချေးပေးလျက်ရှိရာ ယနေ့အထိ တောင်သူ ၃၆ ဦး၊ ၁၆၈ ဧကအတွက် ငွေကျပ် ၂၅၂ သိန်း ထုတ်ချေးပြီးကြောင်း သိရသည်။

မြန်အောင်မြို့နယ်မှ ကျေးရွာအုပ်စု ၅၇ အုပ်စုရှိ တောင်သူ ၉၀၀၀ ကျော်တို့၏ လယ်ယာမြေဧက ၇၀၀၀၀ အတွက် ငွေကျပ်သန်း ၁၀၅၀၀ ကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် မိုးရာသီစိုက်ပျိုးစရိတ် ငွေချေးရန် လျာထားကြောင်း မြန်အောင်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (မြန်အောင်ဘဏ်ခွဲ) မြို့နယ်မန်နေဂျာ ဒေါ်သင်းသင်းအောင်ထံမှ သိရသည်။

မြို့နယ်(ပြန်/ဆက်)

ဧလွန်မြို့နယ်၌ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေး

ဧလွန် မေ ၂၂

ဧရာဝတီတိုင်းဒေသကြီး ဧလွန်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ ၂၀၂၃ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးလျက်ရှိရာ ယနေ့အထိ ကျေးရွာအုပ်စု သုံးအုပ်စု၊ တောင်သူ ၁၂၅ ဦး၏ စဘ ဧကအတွက် ကျပ် ၁၂ဒသိန်း၀၀၀ ထုတ်ချေးပြီးကြောင်း သိရသည်။

၂၀၂၃ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးရာတွင် တစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀၀ နှုန်းဖြင့် မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ မန်နေဂျာ ဒေါ်မြင့်မြင့်ရီနှင့် ဝန်ထမ်းများက တောင်သူများ လက်ဝယ်အရောက် ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

အိန္ဒိယနိုင်ငံသားများနှင့် ရုရှားနိုင်ငံသူများကို စည်းရုံးခေါ်ဆောင်ပြီး အွန်လိုင်းမှငွေကြေးလိမ်လည်သည့် လုပ်ငန်းလုပ်ကိုင်စေကာ လုပ်အားခများ ခေါင်းပုံဖြတ်ရယူခဲ့သူများကို လူကုန်ကူးမှုဖြင့် ထောင်ဒဏ်တစ်သက်ချမှတ်

နေပြည်တော် မေ ၂၂

အိန္ဒိယနိုင်ငံသားနှင့် ရုရှားနိုင်ငံသူများကို စည်းရုံးခေါ်ဆောင်ပြီး အွန်လိုင်းမှ ငွေကြေးလိမ်လည်သည့် လုပ်ငန်းလုပ်ကိုင်စေကာ လုပ်အားခ ခေါင်းပုံဖြတ်ရယူခဲ့သူများကို လူကုန်ကူးမှုဖြင့် ထောင်ဒဏ်တစ်သက်စီချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

တရုတ်နိုင်ငံ Guizhou ပြည်နယ်နေ Mr. Zhang Huan Huan (ကျောင်ဟွမ်ဟွမ်)နှင့် လိပ်စာတူနေသူ အာဟောက်(ခ) Mr. Fuyi တို့က အိန္ဒိယနိုင်ငံသား Mr. ---၊ ၃၀ နှစ်၊ Mr. ---၊ ၂၂ နှစ် နှင့် Mr. ---၊ ၂၅ နှစ်တို့ကို မြန်မာနိုင်ငံရှိ Supermarket လုပ်ငန်းတွင် တစ်လလျှင် အမေရိကန်ဒေါ်လာ ၈၀၀ ဖြင့်လည်းကောင်း၊ ရုရှားနိုင်ငံသူ Ms---၊ ၃၃ နှစ်နှင့် Ms---၊ ၂၄ နှစ်တို့ကို Office Management Call Manager လုပ်ငန်းတွင် အမေရိကန်ဒေါ်လာ (၄၀၀၀/၅၀၀၀)ရမည်ဟု စည်းရုံးခေါ်ဆောင်၍ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ် အတွင်းရှိအဆောက်အအုံတစ်ခုတွင် အွန်လိုင်းမှ ငွေကြေးလိမ်လည်သည့် လုပ်ငန်းအား လုပ်ကိုင်စေကာ ပြင်ပထွက်ခွင့်မရအောင် ပိတ်လှောင်ထားခြင်း၊ နေရပ်သို့ပြန်ခွင့်မရအောင် ငွေကြေးဖြင့်ထိန်းချုပ်ခြင်း၊ နိုင်ငံကူးလက်မှတ်များ သိမ်းဆည်းထားပြီး သတ်မှတ်သည့်လစာအပြည့် အဝမပေးဘဲ လုပ်အားခများအား ခေါင်းပုံဖြတ်ရယူခဲ့သဖြင့် လှိုင်သာယာ (အရှေ့ပိုင်း)မြို့မရဲစခန်း(၁) ၄၀၂/၂၀၂၃၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/၃၆ ဖြင့် အမှုရေးဖွင့်၍ ရန်ကုန်တိုင်းစစ်ဌာနချုပ် စစ်ခုံရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ မေ ၁၅ ရက်တွင် တရားခံ Mr. Zhang Huan Huan (ကျောင်ဟွမ်ဟွမ်)နှင့် အာဟောက်(ခ) Mr. Fuyi တို့နှစ်ဦးအား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/၃၆ အရ ထောင်ဒဏ် တစ်သက်စီချမှတ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ

နေပြည်တော် မေ ၂၂

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့်ဒေသများကို သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများအဖြစ် ကြေညာချက်များ ထုတ်ပြန်၍ ယင်းကြေညာချက်များပါ ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီးဖြစ်သည်။

ကြည့်ရှုစစ်ဆေး

ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ ယနေ့တွင် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်သို့ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးလူအေးသည် တာဝန်ရှိသူများနှင့်အတူ ဆိုင်ကလုန်းမုန်တိုင်း မိုခါတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးမှုများရှိသည့် စာသင်ကျောင်းများနှင့် ဘုန်းတော်ကြီးကျောင်းများ ပြန်လည်ထူထောင်ရေးလုပ်ငန်းဆောင်ရွက်နေမှုကို သွားရောက်လှည့်လည် ကြည့်ရှုစစ်ဆေးပြီး ကုလားဘာတောင်ရပ်ကွက်ရှိ သိမ်တောင်ကျောင်းတိုက်သို့ ရောက်ရှိကာ နယ်လှည့်ဆေးကုသခြင်းနှင့် မိုခါမုန်တိုင်း လေပြင်းဒဏ်ခံစားခဲ့ရသော ပြည်သူများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုစစ်ဆေး၍ ဆေးကုသမှုလာရောက်ခံယူနေကြသည့် ပြည်သူများကို အားပေးစကားများ ပြောကြားပြီး စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ဒုတိယဗိုလ်ချုပ်ကြီးလူအေး ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်ရှိ မုန်တိုင်းဒဏ်သင့် ပြည်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။

ဆက်ကပ်လှူဒါန်း

အလားတူ မုန်တိုင်းဒဏ်ကြောင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဟားခါးမြို့သို့ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်မျိုးထွဋ်လှိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ယနေ့မွန်းလွဲပိုင်းတွင် ဟားခါးမြို့ပေါ်ရှိ ဧရာဝန်ဘုန်းတော်ကြီးကျောင်း၊ မြို့မဘုန်းတော်ကြီးကျောင်း၊ သီလရှင်ကျောင်းနှင့် သာသနာ့ရက္ခိတ တပ်ဦးကျောင်းတို့၌ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ကျန်းမာရေးနှင့် အခြားလိုအပ်ချက်များအပေါ်တွင် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ ယနေ့တွင် ရခိုင်ပြည်နယ် သံတွဲမြို့နယ်သို့ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်စိုးနိုင်ဦးသည် တာဝန်ရှိသူများနှင့်အတူ သံတွဲမြို့နယ် ဆင်ခေါင်းကျေးရွာအုပ်စုရှိ လေဘေးသင့် အိမ်ထောင်စုများအား အိမ်ဆောက်ပစ္စည်းဖိုးနှင့် ဆန်ရိက္ခာများ ထောက်ပံ့ပေးအပ်ပြီး သာသနိကအဆောက်အအုံများနှင့် စာသင်ကျောင်းများပျက်စီးဆုံးရှုံးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးစကား ပြောကြားသည်။

ဗိုလ်ချုပ်စိုးနိုင်ဦး ရခိုင်ပြည်နယ် သံတွဲမြို့နယ်ရှိ မုန်တိုင်းဒဏ်သင့် ပြည်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။

ဗိုလ်ချုပ်သောင်းထိုက်ရွှေ မြောက်ဦးမြို့နယ် ပြည်သူ့ဆေးရုံဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးစဉ်။

ဗိုလ်မှူးချုပ်ကျော်ကျော်စိုး မြေပုံမြို့နယ်၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် တာဝန်ရှိသူများအား တွေ့ဆုံမှာကြားစဉ်။

ထို့အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ ယနေ့တွင် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်သို့ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်ကြီးလူအေးသည် တာဝန်ရှိသူများနှင့်အတူ ဆိုင်ကလုန်းမုန်တိုင်း မိုခါတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးမှုများရှိသည့် စာသင်ကျောင်းများနှင့် ဘုန်းတော်ကြီးကျောင်းများ ပြန်လည်ထူထောင်ရေးလုပ်ငန်းဆောင်ရွက်နေမှုကို သွားရောက်လှည့်လည် ကြည့်ရှုစစ်ဆေးပြီး ကုလားဘာတောင်ရပ်ကွက်ရှိ သိမ်တောင်ကျောင်းတိုက်သို့ ရောက်ရှိကာ နယ်လှည့်ဆေးကုသခြင်းနှင့် မိုခါမုန်တိုင်း လေပြင်းဒဏ်ခံစားခဲ့ရသော ပြည်သူများအား အခမဲ့ကျန်းမာရေးအအုံများ ပျက်စီးဆုံးရှုံးခဲ့သည့်အခြေအနေများကို လိုက်လံကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကာ ငပလီမြို့ ဂျိတ္တောရပ်ကွက် မဒေးတောင်ရှိ အလိုတော်ပြည့် ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်၍ ကျောင်းထိုင်ဆရာတော်အား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ကွင်းဆင်းကြည့်ရှု

ထို့အတူ မြောက်ဦးမြို့နယ်အတွင်း ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဗိုလ်ချုပ်သောင်းထိုက်ရွှေသည် တာဝန်ရှိသူများနှင့်အတူ မြောက်ဦးမြို့နယ်အတွင်း မုန်တိုင်းဒဏ်ကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် စာသင်ကျောင်းများသို့ သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး နန်းတော်ရာကုန်းဘေးလမ်းမီးတိုင်များ ကျိုးကျပျက်စီးမှု အခြေအနေနှင့် လမ်းမီးတိုင်များ ပြန်လည်အသစ်တပ်ဆင်မှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကာ မြောက်ဦးမြို့နယ်အတွင်း ကျိုးကျပျက်စီးသွားသော လမ်းမီးတိုင်များ အမြန်ဆုံး ပြန်လည်အသစ်တပ်ဆင်နိုင်ရေး တာဝန်ရှိသူများကို မှာကြားသည်။

အလားတူ မြေပုံမြို့နယ်သို့ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဗိုလ်မှူးချုပ်ကျော်ကျော်စိုးသည် တာဝန်ရှိသူများနှင့်အတူ မြို့ပေါ်ရပ်ကွက်များအတွင်း၌ လေဘေးခိုလှုံရာစခန်းတို့၌ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ကျန်းမာရေးနှင့် အခြားလိုအပ်ချက်များအပေါ်တွင် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ ယနေ့တွင် ရခိုင်ပြည်နယ် သံတွဲမြို့နယ်သို့ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်စိုးနိုင်ဦးသည် တာဝန်ရှိသူများနှင့်အတူ သံတွဲမြို့နယ် ဆင်ခေါင်းကျေးရွာအုပ်စုရှိ လေဘေးသင့် အိမ်ထောင်စုများအား အိမ်ဆောက်ပစ္စည်းဖိုးနှင့် ဆန်ရိက္ခာများ ထောက်ပံ့ပေးအပ်ပြီး သာသနိကအဆောက်အအုံများနှင့် စာသင်ကျောင်းများပျက်စီးဆုံးရှုံးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးစကား ပြောကြားသည်။

အလားတူသံတွဲမြို့နယ်ရှိသာသနိကအဆောက်အအုံများ ပျက်စီးခဲ့မှုများ၊ သောက်သုံးရေကန်များ သိုလှောင်ထားရှိမှုအခြေအနေများ၊ လူနေအဆောက်ဖွင့်လှစ်ခဲ့သော ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်ပြီး ဆန်၊ ဆီ၊ ခေါက်ဆွဲခြောက်များ လှူဒါန်းခြင်းနှင့် အခြေခံပညာအထက်တန်းကျောင်း(မြေပုံ)၌ ကျောင်းဖွင့်ရာသီအချိန်မီ ကျောင်းဖွင့်လှစ်နိုင်ရေးအတွက် "ကျောင်းနှင့် ဝန်းကျင်သန့်ရှင်းရေး" စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းတို့ကို သွားရောက်ကြည့်ရှုသည်။

ထို့အတူ မာန်အောင်မြို့နယ်သို့ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဗိုလ်မှူးချုပ် ကျော်ကျော်ဦးသည် တာဝန်ရှိသူများနှင့်အတူ မာန်အောင်မြို့နယ်အတွင်း မုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့သော စာသင်ကျောင်းများကို ကြည့်ရှုစစ်ဆေးပြီး ရပ်မိရပ်ဖများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံကာ ကျောင်းများအား ကျောင်းဖွင့်အမီ အမြန်ဆုံး ပြန်လည်ပြုပြင်နိုင်ရေး ညှိနှိုင်းဆွေးနွေးကြကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG၊ CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကိုဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် မေ ၂၂

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှု များကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ် စျေး(၁)ရပ်ကွက်နေ ဝေလင်းထွန်းသည် ၎င်းအသုံးပြုသည့် "Wai Lin Htun" Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး စဉ်ကိုင်မြို့နယ် ပလိပ်ကျေးရွာနေ ခင်စန်းကြိုင်သည် ၎င်းအသုံးပြုသည့် "Khin Sann Kyaing" Facebook အကောင့်တို့ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

အကြမ်းဖက်မှုပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများ အား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများ အား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင်များကို ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးအပ်

နေပြည်တော် မေ ၂၂

တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့နယ်မြေအတွင်း သင်တန်းများ တက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သည့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော PDF အဖွဲ့ဝင်များကို ပြန်လည် ကြိုဆိုလက်ခံ၍ ၎င်းတို့၏ မိဘအုပ်ထိန်းသူများ ထံသို့ လွှဲပြောင်းပေးအပ်လျက်ရှိပြီး ယနေ့တွင်လည်း ကချင်ပြည်နယ် ဗန်းမော်မြို့ရှိ တိမ်ကြားမင်းခေါင်ခန်းမ၌ ပြုလုပ်ရာ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ၊ ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက အမှာစကားများ ပြောကြားသည်။ ထို့နောက် ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့မှ PDF အဖွဲ့ဝင် အမျိုးသား တစ်ဦးနှင့် ၎င်းမိသားစုဝင် နှစ်ဦးတို့က ၎င်းတို့နှင့်အတူပါရှိလာသော KA-22 တစ်လက်၊ ဘီအေ-၉၁ လက်ပစ်ဗုံး တစ်လုံး၊ အမ်ဂျီ-၁ လက်ပစ်ဗုံးတစ်လုံးနှင့် ခဲယမ်းများကို အပ်နှံကြရာ ဗန်းမော်တပ်နယ်မှ တာဝန်ရှိသူများက လက်ခံရယူကြပြီး ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြသည်။ ယင်းနောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်း မရှိခဲ့သော PDF အဖွဲ့ဝင်တစ်ဦးနှင့် ၎င်းမိသားစုဝင် နှစ်ဦးတို့အား တာဝန်ရှိသူများက ဝန်ခံကတိ လက်မှတ်ရေးထိုးစေကာ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်း ဆောင်ရွက်နိုင်ရေး သတ်မှတ် စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်း ပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းပါရှိလာသူများကို ဆုကြေးငွေများ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားပြီးဖြစ်ရာ ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသော PDF အဖွဲ့ဝင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

"ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် မေ ၂၂

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM၏ "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်မှ **"မုန်တိုင်းအန္တရာယ်မှကင်းဝေးအောင် ပြောင်းရွှေ့ပေးနေသော ကူညီကယ်ဆယ်ရေးအဖွဲ့များအား PDF အမည်ခံအကြမ်းဖက်သမားများက ချောင်းမြောင်းပစ်ခတ်သည့်ဖြစ်စဉ်"** ခေါင်းစဉ်ဖြင့် ၂၄-၅-၂၀၂၃ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

အလားတူ လာမည့်အပတ်ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"မန္တလေးမှ မီးရထားဆရာဝန်ကြီးအား PDF အကြမ်းဖက်သမားများက သေနတ်ဖြင့်ပစ်ခတ်ခဲ့သည့်ဖြစ်စဉ်"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉၈၉၉၀၉၉၅၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ

အာဆီယံ၏ ဒေသသုံးငွေကြေးဖြင့် ပေးချေရန် ကြေညာချက်မူကြမ်းကို ထိုင်းအစိုးရ အတည်ပြု

နေပြည်တော် မေ ၂၂

အာဆီယံစီးပွားရေး အသိုက်အဝန်း အသေးစိတ်အစီအစဉ် ၂၀၂၅ အား အကောင်အထည်ဖော်ဆောင်မှု၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သည့် ဒေသတွင်းငွေပေးချေဆက်သွယ်ဆောင်ရွက်မှု တိုးတက်ရေးနှင့် ဒေသသုံးငွေကြေးသို့ ကူးပြောင်းမှုမြှင့်တင်ရေးဆိုင်ရာ အာဆီယံခေါင်းဆောင်များ၏ ကြေညာချက်မူကြမ်းကို ထိုင်းနိုင်ငံအစိုးရက မေ ၉ ရက်တွင် လက်ခံအတည်ပြုခဲ့ကြောင်း သိရသည်။

အထောက်အကူပြုနိုင်ရေး

အဆိုပါ ကြေညာချက်မူကြမ်းသည် အထူးသဖြင့် အီလက်ထရွန်နစ် ငွေပေးချေမှုစနစ်အပါအဝင် နယ်စပ်ဖြတ်ကျော် ငွေပေးချေမှုများအား အဟန့်အတားကင်းရှင်းပြီး လုံခြုံစိတ်ချစွာ ဆောင်ရွက်နိုင်ရေးကို အထောက်အပံ့ပြုမည့် တီထွင်ဆန်းသစ်မှုနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းနယ်ပယ်များအပေါ် လွှမ်းခြုံမှုရှိကြောင်း၊ ၎င်းမူကြမ်းအရ ဒေသသုံးငွေကြေးသို့ ကူးပြောင်းရေးလုပ်ငန်းအဖွဲ့တစ်ရပ် ထူထောင်လျက် ပြင်ပငွေကြေးစျေးကွက် မတည်ငြိမ်မှုများ ဒေသတွင်းသို့ရိုက်ခတ်မှုမှ အကာအကွယ်ပေးခြင်း၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကို အထောက်အကူပြုနိုင်ရေး ပြောင်းလွယ်ပြင်လွယ်ရှိသော နိုင်ငံခြားငွေလဲလှယ်မှုဆိုင်ရာ စံသတ်မှတ်ချက်များ ချမှတ်ခြင်းတို့ကို လုပ်ဆောင်မည်ဖြစ်ကြောင်း၊ မေ ၁၁ ရက်တွင် အင်ဒိုနီးရှားနိုင်ငံ Labuan Bajo မြို့၌ ကျင်းပမည့် အာဆီယံထိပ်သီးဆွေးနွေးပွဲတွင် ဒေသတွင်းခေါင်းဆောင်များက အဆိုပါ ကြေညာချက်မူကြမ်းအပေါ် စဉ်းစားဆွေးနွေးကြမည်ဖြစ်ကြောင်းနှင့် ၎င်းမူကြမ်းအားစည်းနှောင်မှုရှိသော သဘောတူညီချက်အဖြစ် မှတ်ယူနိုင်ခြင်းမရှိကြောင်းဖြင့် ထိုင်းနိုင်ငံ အစိုးရပြောရေးဆိုခွင့်ရှိသူ Ms. Rachada Dhnadirek က ပြောကြားသည်။

ဒေသတွင်း ငွေပေးချေဆက်သွယ်ဆောင်ရွက်မှုကို ကြပ်မတ်ရန်နှင့် ဒေသသုံးငွေကြေးသို့ ကူးပြောင်းမှုမြှင့်တင်ရေးလမ်းညွှန်ချက်များကို ချမှတ်နိုင်ရန်အတွက် အာဆီယံခေါင်းဆောင်များသည် ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်အုပ်ချုပ်ရေးမှူးများသို့ တာဝန်ပေးအပ်ထားပြီးဖြစ်ကြောင်း The Nation Thailand သတင်းဌာနက ဖော်ပြသည်။

(လယ်ယာထွက်ကုန်များနှင့်အဓိကသွင်းကုန်များ၏ နိုင်ငံတကာစျေးကွက် စောင့်ကြည့်လေ့လာရေးအဖွဲ့)

ပဲစင်းငုံစိုက်ပျိုးထုတ်လုပ်မှုနှင့် စျေးနှုန်းစျေးကွက်

လွိုင်ကော် မေ ၂၂

ကယားပြည်နယ်သည် စပါး၊ ပြောင်းနှင့် ဆီထွက်သီးနှံတို့အပြင် ပဲစင်းငုံသီးနှံကိုလည်း အနည်းငယ်စိုက်ပျိုးကြသည်။ ၂၀၂၂-၂၀၂၃ ခုနှစ်ပြည်နယ်အတွင်း ပဲစင်းငုံစိုက်ဧကမှာ ၄၅၉၆ ဧက၊ တစ်ဧကအထွက်နှုန်းမှာ ၁၃ တင်းခန့်နှင့် စုစုပေါင်းအထွက်နှုန်းမှာ ၆၁၀၅၈ တင်းထွက်ရှိကြောင်း စိုက်ပျိုးရေးဦးစီးဌာန၏ စာရင်းအရ သိရသည်။

၂၀၂၃ ခုနှစ် မေလဒုတိယပတ်အတွင်း ဖြစ်ပေါ်နေသော ပဲစင်းငုံစျေးနှုန်းမှာ တစ်ပိဿာလျှင် ငွေကျပ် ၃၅၀၀၊ တစ်တင်းလျှင် ငွေကျပ် ၇၀၀၀၀ ခန့်ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ပဲစင်းငုံစျေးနှုန်းသည် ယခင်နှစ်များထက် စျေးနှုန်းမြင့်လာသော်လည်း စိုက်ပျိုးထုတ်လုပ်သည့် တောင်သူများသည် ဒေသအခြေအနေအရ ယခင်နှစ်များထက် စိုက်ပျိုးထုတ်လုပ်မှု ပို၍လျော့နည်းလာကြောင်း ပဲမျိုးစုံ ရောင်းဝယ်သူ တစ်ဦးထံမှ သိရသည်။

ကုန်ကျစရိတ်သက်သာပြီး ယခုနှစ်တွင် စိုက်ပျိုးစရိတ်သက်သာပြီး

ပဲ

ပဲ

ပ

ပ

ပ

"ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/ရှေ့ရပ်ကွက်၊ ၉၃-လမ်း၊ အမှတ်(၈၃) ဟုခေါ်တွင်သော (၁)ခန်းတွဲ (၇)ထပ်တိုက်အနက်မှ (၅-လွှာ)စတုတ္ထထပ်၊ အကျယ်အဝန်း (၂၅x၅၀)ပေရှိ တိုက်ခန်း(၁)ခန်းနှင့် ရေ၊ မီးအစုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးထွန်းတင် အခန်းအမည်ပေါက်ပြီး၊ ဦးထွန်းတင် ကွယ်လွန်သဖြင့် ၎င်း၏ဆက်ခံသူ ဇနီး ဒေါ်မြနန္ဒာစိုး [၁၂/တမန(နိုင်)၀၀၃၈၀၅]မှ အမွေဆက်ခံခိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးလှမြင့် [၁၀/မလမ(နိုင်)၁၆၀၆၈၅]က ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း(မူရင်း)များဖြင့် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်၍ ကန့်ကွက်မည့်သူများမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်မာမာသိန်း (LL.B) ဒေါ်နှင်းဝေလွင် (LL.B)
တရားလွတ်တော်ရှေ့နေ(စဉ်-၈၇၉၂) အထက်တန်းရှေ့နေ(စဉ်-၅၄၃၀၅)
အမှတ်- ၃၆၊ မြေညီထပ်၊ ၈၉-လမ်း၊ ကန်/နောက်ရပ်ကွက်၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉-၅၀၈၈၆၀၅၊ ၀၉-၅၀၆၄၅၅၉

"ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ၈၅ ရပ်ကွက်၊ မြေနန္ဒာလမ်း၊ အမှတ်-၆၅ဟုခေါ်တွင်သော အကျယ်ပေ(၄၀x၆၀)ရှိ မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် ကြေညာခြင်း"

ဦးကျော်တင့်[၁၂/ဒပန(နိုင်)၀၂၆၆၁၅]၊ အမှတ်- ၁၁၂၇/ဂ၊ အောင်သီတာလမ်း၊ ၁၀၆ ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်နေထိုင်သူသည် ၎င်းဝယ်ယူပိုင်ဆိုင်ထားသော အမှတ်-၆၅ မြေနန္ဒာလမ်း၊ (၈၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော အကျယ် ပေ(၄၀x၆၀)ရှိ ပါမစ်မြေအမျိုးအစားမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်မိတ်ဆွေဖြစ်သော ဒေါ်ရွှေဇင်ဝင်း [၁၄/ကပန(နိုင်)၁၃၈၈၁၉] အမှတ်- ၃၂၁(က)၊ မြဿဇင်လမ်း၊ ၁၀၇ ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တွင် နေထိုင်သူထံသို့ အပြီးအပိုင် လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းလာ၍ ကျွန်ုပ်မိတ်ဆွေမှ ယင်းခြံမြေကွက်၏ တန်ဖိုးငွေများကို အပြေအကျေပေးချေခြင်း၊ ဦးထွန်းထွန်း အမည်ပေါက် ပါမစ်မူရင်းနှင့် စပ်ဆက်စာချုပ်စာတမ်းမူရင်းများ လက်ခံရယူခြင်း၊ ခြံမြေကွက်ကို အုတ်ဖြင့် ခြံစည်းရိုးခတ်ခြင်းတို့ပြုလုပ်၍ လက်ရောက်ဝယ်ယူခဲ့ပါသည်။

သို့ဖြစ်၍ ကျွန်ုပ်မိတ်ဆွေသည် ဖော်ပြပါခြံမြေကွက်ကို လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားသူဖြစ်ကြောင်းနှင့် ကျွန်ုပ်မိတ်ဆွေ၏ လက်ဝယ်သို့ ယင်းခြံမြေကွက်၏ ပိုင်ဆိုင်ခွင့်လွှဲပြောင်းရောက်ရှိနေဖြိုမဖစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ- ဒေါ်ရွှေဇင်ဝင်း
လွှဲအပ်ညွှန်ကြားချက်အရ- ဦးတင်ထွန်း(LL.B. LL.M)
တရားလွတ်တော်ရှေ့နေ(စဉ်-၇၇၀၉)
ဖုန်း-၀၉-၇၉၉၅၄၉၄၄၃
အမှတ်-၂၃၄၁/ဂ၊ ကနောင်မင်းကြီး(၄)လမ်း၊
(၇၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်။

ရေချွေတာရေး နည်းလမ်းများ

- ❖ သွားတိုက်နေစဉ် ဘုံဘိုင်ခေါင်း ဖွင့်မထားပါနှင့်။
- ❖ သွားတိုက်လျှင် ရေဖန်ခွက်အမြဲသုံးပါ။
- ❖ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။
- ❖ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။

MOEE YESC

ရေစိုနေသောလက်ဖြင့် ခလုတ်များ ဖွင့်ခြင်း/ပိတ်ခြင်း၊ Socket နှင့် Plug များ ဖြုတ်ခြင်း/တပ်ခြင်းစသည်တို့ လုံးဝ မပြုလုပ်ပါနှင့်။

ဟက္ပါခရီးစဉ်ဝန်ဆောင်မှု တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၃ ခုနှစ်၊ ဟက္ပါဘုရားဖူးစေလွှတ်မှု ပဏာမစိစစ်ရွေးချယ်ရေးဆပ်ကော်မတီ နိုင်ငံတော်အစိုးရ ဟက္ပါခွဲတမ်း ဟာဂျီလောင်း ၃၅၀ ဦး ဟက္ပါခရီးစဉ်ဝန်ဆောင်မှုလုပ်ငန်းအတွက် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဖွဲ့စည်းတည်ထောင်ထားပြီး မြန်မာနိုင်ငံဆိုင်ရာဆော်ဒီအာရေဗီးယားနိုင်ငံသံရုံး အသိအမှတ်ပြု (မော်နာဇင်ကတ်)ရရှိထားသည့် ခရီးသွားကုမ္ပဏီများ တင်ဒါတင်သွင်းနိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းချက်များကို ရန်ကုန်တိုင်းဒေသကြီးသာသနာရေးမှူးရုံး၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း- ၀၁-၆၆၅၅၂၉ တွင်လည်းကောင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီးရုံး(အမှတ်(၁၈၄)၊ ၃ လွှာ၊ ဗိုလ်ဆွန်ပက်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၃၈၈၁၄၆] တွင်လည်းကောင်း၊ ၂၃-၅-၂၀၂၃ ရက်နေ့မှ ၂၅-၅-၂၀၂၃ ရက်နေ့အထိ ရုံးချိန်အတွင်း ထုတ်ယူနိုင်ပါသည်။

၃။ တင်ဒါပုံစံများကို ပြည့်စုံစွာဖြည့်စွက်ပြီး ချိပ်ပိတ်၍ **ရန်ကုန်တိုင်းဒေသကြီး သာသနာရေးမှူးရုံး (ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့)**တွင် ၂၅-၅-၂၀၂၃ ရက်နေ့ (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတိတိ နောက်ဆုံးထား တင်သွင်းရပါမည်။

၄။ ယင်းနေ့ ၁၄:၀၀ နာရီ (မွန်းလွဲ ၂ နာရီ)တိတိ၌ **အစည်းအဝေးခန်းမ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန(ရန်ကုန်ရုံးခွဲ)၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့**တွင် တင်ဒါတင်သွင်းသူများ၏ ရှေ့မှောက်၌ တင်ဒါဖွင့်လှစ် စိစစ်ရွေးချယ်ပြီး တင်ဒါအောင်သူကို အတည်ပြုမည်ဖြစ်ပါသည်။

၅။ ၂၀၂၃ ခုနှစ်၊ ဟက္ပါဘုရားဖူးစေလွှတ်မှု ပဏာမစိစစ်ရွေးချယ်ရေးဆပ်ကော်မတီ၏ စိစစ်ရွေးချယ်မှုသည် အပြီးသတ်အဆုံးအဖြတ်ဖြစ်ပါသည်။ (သတ်မှတ်အချိန်ကျော်လွန်မှ တင်သွင်းသော တင်ဒါများနှင့် သတ်မှတ်စည်းကမ်းချက်များနှင့် ညီညွတ်ပြည့်စုံမှုမရှိသော တင်ဒါများကို လက်ခံရွေးချယ်မည် မဟုတ်ပါ)

၂၀၂၃ ခုနှစ်၊ ဟက္ပါဘုရားဖူးစေလွှတ်မှု
ပဏာမစိစစ်ရွေးချယ်ရေးဆပ်ကော်မတီ

"ကန့်ကွက်နိုင်ပါကြောင်း"

ညောင်တုန်းမြို့၊ အမှတ်(၄)ရပ်ကွက်၊ အကွက်အမှတ်(၅)၊ အကွက်အမည်- စဉ်အိုးတန်းရပ်၊ ဦးပိုင်အမှတ်(၁၀၅)၊ ဧရိယာ (၀.၀၆ဂ)ဧကရှိ ဘိုးဘဘိုင်မြေအား ဒေါ်နွယ်နီဝေလွင် [၁၄/ညတန(နိုင်)၁၀၂၂၃၃]၏ အမည်ဖြင့် အမည်ပြောင်း လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၃၀)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း။

ဒေါ်နွယ်နီဝေလွင်
[၁၄/ညတန(နိုင်)၁၀၂၂၃]
ဖုန်း- ၀၉-၇၇၂၅၁၅၅

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ A5-523,Star City, Than Lyin အခန်းအား လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူဖြစ်သော ဒေါ်ယမင်းသက် [၆/ထဝန(နိုင်)၀၇၉၁၁]ထံမှ ကျွန်တော် ဦးဇင်ကိုဦး [၁၂/သလန(နိုင်)၁၁၆၈၂၃]မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှု မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဇင်ကိုဦး
[၁၂/သလန(နိုင်) ၁၁၆၈၂၃]
Ph: 09-5553535

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်၊ သီရိမင်္ဂလာလမ်း၊ အမှတ် (က/၁၇) ဟုခေါ်တွင်သော အကျယ်အဝန်း (၃၄x၆၄)ပေရှိ မြေကွက်နှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အဦအပါအဝင် ရေမီးစုံ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဦးအောင်ရွှေ [၁၂/စခန(နိုင်)၀၁၈၁၆၈]ကိုင်ဆောင်သူမှ တရားဝင်လက်ရှိထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ထုတ်ဖော်ဝန်ခံကတိပြုပြီး ရောင်းချရန်ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမင်းသိန်း [၁၂/မဂဒ(နိုင်)၀၃၇၀၄၄၃]မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေဘက်မှ အရောင်းအဝယ် ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်မော်မော်မြင့် (LL.B, D.B.L, D.I.L)	**ဒေါ်ဖြူဝေဝေအောင် (LL.B, D.B.L)**	**ဦးမျိုးသီဟ (LL.B)**
တရားလွတ်တော်ရှေ့နေ (စဉ်-၁၃၄၃)	**အထက်တန်းရှေ့နေ (စဉ်-၄၈၄၃၀)**	**အထက်တန်းရှေ့နေ (စဉ်-၅၂၁၂)**

တိုက်အမှတ် (၂၅၀)၊ (၄) လွှာ (ဘယ်)၊ ဘုရင့်နောင်လမ်း၊ (၈၂/၁၀) ရပ်ကွက်၊
ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉-၄၅၀၅၉၈၆၂၄၊ ၀၉-၂၅၃၅၆၀၀၇၀၊ ၀၉-၇၇၇၂၅၁၇၇၅

ဥတုရာသီ တောကိုမှီ၏

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၉)၊ မြေကွက်အမှတ် (၁၀၄/ခ)၊ ဧရိယာ (၀.၀၃၄၄)ဧက (၂၀'x၇၅') အကျယ်ရှိ ဒေါ်သူဇာ အမည်ပေါက် နှစ်(၆၀) မြောင်ဘားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၁၀၄/ခ)၊ အောင်တံခွန် (၆)လမ်း၊ (၂၉) ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်ဟုခေါ်တွင်သောနေအိမ်တို့ကို မူလအမည်ပေါက်ပိုင်ရှင် ဒေါ်သူဇာထံမှ ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူကာ ပိုင်ဆိုင်လက်ရှိဖြစ်ခဲ့သူနှင့် တရားဝင်ပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့် ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးသန်းထူးထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဒေါ်နီလာအောင်(LL.B., LL.M) တရားလွတ်တော်ရှေ့နေ (စဉ်-၇၇၂၅) ဦးညီနိုပ်(LL.B)အထက်တန်းရှေ့နေ(စဉ်-၂၉၃၆၁)
အမှတ်- ၄၈/၅၀(မြေညီ)၊ အခန်း(၁)၊ (၃၆)လမ်း(ရိပ်သာ)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉-၅၁၇၃၁၀၉၊ ၀၉-၄၂၁၀၁၂၂၈

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၂၄)၊ နဝဒေးလမ်း၊ မြေကွက်အမှတ် (၁၆)၊ အကျယ်အဝန်း (၄၀x၆၀)ပေ၊ ဧရိယာ (၀.၀၅၅)ဧက၊ စတုရန်းပေ(၂၄၀၀)ရှိ မြေကွက်မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြေယာဌာနတွင် ၁။ ဦးဘုမောင် [၁၁/မပန(နိုင်)၀၁၄၀၀၉၃]၊ ၂။ ဦးကျော်ငြိမ်း [၁၁/မပန(နိုင်)၀၁၄၀၀၉၂]၊ ၃။ ဦးထွန်းငြိမ်း [၁၂/တမန(နိုင်)၀၄၉၂၂၃]တို့ (၃)ဦး အမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်ဖြစ်ပြီး ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ထားပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်မြင့်မြင့်သိန်း [၁၂/ဥကတ(နိုင်)၀၃၀၅၂၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ၁။ ဦးမျိုးအောင် [၅/ကမန(နိုင်)၀၃၇၄၃၂]၊ ၂။ ဒေါ်ဇင်ဇင်သော် [၁၂/ဗဟန(နိုင်)၀၇၇၅၄]တို့က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်အား လွှဲပြောင်းရောင်းချမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက မည်သူမဆို ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောစာချုပ်စာတမ်း(မူရင်း)အထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက သတ်မှတ်နေ့ရက်ကျော်လွန်သည့်အချိန်တွင် အဆိုပါအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ- ဒေါ်သင်းယုရွှေ(LL.B,D.B.L)တရားလွတ်တော်ရှေ့နေ(စဉ်-၁၁၃၃၆)
ဒေါ်ကေသွယ်(LL.B) အထက်တန်းရှေ့နေ(စဉ်-၄၈၀၆၉)
အမှတ်(၂၀၄)၊ မြိတ်လမ်း (၂၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၄၃၁၆၈၀၀၃၊ ၀၉-၇၇၃၁၆၈၀၀၃

အမည်ပြောင်းနှင့် မွေးသက္ကရာဇ်အမှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ဒီပယင်းမြို့နယ်၊ ရွာရှည်ကျေးရွာနေ (အဖ) ဦးပြေသိန်း(ကွယ်လွန်) (အမိ) ဒေါ်ဆုပ်မိ [၅/ဒပယ(နိုင်)၀၈၇၈၅၁]တို့၏သား မောင်ဇော်ထွေး [၅/ဒပယ(နိုင်)၁၃၉၈၆၄]အား မောင်ဇော်ဇော်လင်းထင်ဟု ပြောင်းလဲခေါ်ဆိုရန်။

မောင်ဇော်ဇော်လင်းထင်၏ မွေးသက္ကရာဇ်အမှန်မှာ (၁၀-၃-၁၉၉၈) ဖြစ်ပါသည်။

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁)၊ လူနေရပ်ကွက်အမှတ်(၁၁)၊ ရာဇသင်္ကြန်(၃)လမ်း၊ မြေကွက်အမှတ်(၁၃၂/က) ဟုခေါ်တွင်သော အကျယ်အဝန်း (၂၀x၆၀)ပေ၊ ဧရိယာ (၀.၀၂၇၅)ဧက၊ (၁၂၀၀) စတုရန်းပေရှိ နှစ်(၆၀)ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချသူ ဒေါ်ခိုင်မျိုးသူ [၁၄/အဂပ(နိုင်)၁၅၅၆၇၀]မှ ဥပဒေနှင့်အညီ လက်ဝယ်ထားပိုင်ဆိုင်ထားပြီး မိမိကသာလျှင်ရောင်းချပိုင်ခွင့်ရှိကြောင်း မြွက်ဟဝန်ခံလျက် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အိမြတ်ဖြူ [၁၂/မဂဒ(နိုင်)၁၀၂၁၂၉]က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ရာ အရောင်းအဝယ်အား ကန့်ကွက်မည့်သူရှိပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်အိမြတ်ဖြူ၏ လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်သင်းပပအောင် LL.B, LL.M, D.B.L, WIPO(Switzerland)
တရားလွတ်တော်ရှေ့နေ(စဉ်-၁၅၉၆၇)
အမှတ် (၉၇၇)၊ အင်း၀(ခ)လမ်း၊ (၆) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊
ရန်ကုန်မြို့။ Ph: 09-880888317, 09-692214348

ဖခင်အမည်မှန်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ အ.ထ.က(၄)၊ Grade (9)မှ မောင်နိုင်အောင်ကျော်၏ ဖခင်အမည်မှန်မှာ ဦးမျိုးမြင့်လှိုင် [၁၂/လသယ(နိုင်)၀၁၉၆၆၉] ဖြစ်ပါကြောင်း။

တော
တောင်
ပျက်ပြုန်း
မြေဆီ
သည်း၏

"ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အေးအေးမြင့်[၁၂/ရကန(နိုင်)၀၁၀၄၅၈] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃)၊ ဆာပါချောင်ရပ်ကွက်၊ ရတနာ၃ဂုဏ်ရည်လမ်း၊ မြေကွက်အမှတ်(၁၃၃) ဟုခေါ်တွင်သော (အလျားပ၃၀ပေx အနှံ၅၀ပေ)အကျယ်အဝန်းရှိ ဒေါ်စိန်မြင့် [၁၂/ဒလန(နိုင်)၀၁၀၉၀၈]ကိုင်ဆောင်သူအမည်ပေါက် နှစ်(၆၀)ဂရန် မြေကွက်၏(အလျား၃၀ပေx အနှံ၅၀ပေ)အနက်မှ (အလျား၁၅ပေx အနှံ၅၀ပေ) (၇၅၀)စတုရန်းပေရှိ(လက်ဝဲ)ခြေရင်းဘက်ခြမ်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို စာချုပ်အဆက်အစပ်ဖြင့် ဥပဒေနှင့်အညီ တရားဝင်လက်ဝယ်ထားဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ခင်အေး [၁၂/တတန(နိုင်)၀၅၃၉၄၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို သတင်းစာကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင် မှူစာရွက်စာတမ်းမူရင်းအထောက်အထား အပြည့်အစုံဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ အပြီးအပြတ်ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်နေခြည်ဝင်းထွဋ်	**ဒေါ်စန္ဒာအောင်**
(LL.B, WIPO)	**(LL.B, LL.M, WIPO)**
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၂၁၉)	**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၃၀၀)**
ဒေါ်မိုးပြည့်လှိုင်	**ဦးဝင်းမြင့်ထွန်း**
(LL.B, WIPO)	**B.Sc(Phy), P.G.D.L, H.G.P**

အထက်တန်းရှေ့နေ(စဉ်-၅၁၈၅၅) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၂၅၉)
အမှတ်-၃၃/၄၉၊ ရွှင်းကွန်ဒိုး(မြေညီ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၂၆၃၄၂၀၆၊ ၀၉-၇၇၃၇၃၃၆၂၆

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၄၄)၊ မြေကွက်အမှတ်-(၅၆၀)၊ ဧရိယာ (၀.၀၅၅)ဧက အကျယ်ရှိ ဦးထွန်းရွှေ အမည်ပေါက်နှစ်(၆၀) မြေဌားဂရန်မြေကွက်ကြီးအနက်မှ တရားဝင်မြေကွက်ခွဲစိတ်ရသေးခြင်းမရှိသော အကျယ်အဝန်း(၂၀ပေx၆၀ပေ) ရှိ (ခြေရင်းဘက်အခြမ်း) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၅၆၀/ခ)၊ ရွှေစင် (စ)လမ်း၊ (၄၄) ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်ဟုခေါ်တွင် သောနေအိမ်တို့ကို မူလအမည်ပေါက်ပိုင်ရှင် ဦးထွန်းရွှေထံမှ အဆင့်ဆင့် ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူကာ ပိုင်ဆိုင်လက်ရှိဖြစ်ခဲ့သူနှင့် တရားဝင်ပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးကြည်လွင်နှင့် ဒေါ်မြင့်မြင့်အေး တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်နီလာအောင်(LL.B., LL.M)	**ဦးညီနပ်(LL.B)**

တရားလွှတ်တော်ရှေ့နေ (စဉ်-၇၇၂၅) အထက်တန်းရှေ့နေ (စဉ်-၂၉၃၆၁)
အမှတ်-၄၈/၅၀(မြေညီ)၊ အခန်း(၁)၊ (၃၆)လမ်း(ရိပ်သာ)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၁၇၃၁၈၉၊ ၀၉-၄၂၀၁၂၂၈

"အများသိစေရန်ကြေညာချက်"

၁။ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သီတာမိုး[၁၂/မဂဒ(နိုင်)၀၁၅၁၄၄]သည် ညီမဖြစ်သူ ဒေါ်မိုးနီလာ[၁၂/မဂဒ(နိုင်)၀၀၅၉၄၄]ဖွင့်လှစ်ထားသော ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ သိမ်ဖြူလမ်းသွယ်၊ အမှတ် (၂၁၀)ရှိ "Keep Up Exports & Imports" အေဂျင်စီနှင့် လက်တွဲပြီး စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခဲ့ပါသည်။

၂။ ယခုအခါ ကျွန်ုပ်၏မိတ်ဆွေဒေါ်သီတာမိုးနှင့်ညီမဖြစ်သူဒေါ်မိုးနီလာတို့သည် တစ်ဦးနှင့်တစ်ဦး ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းသော်လည်းကောင်း၊ "Keep Up Exports & Imports"အေဂျင်စီနှင့်သော်လည်းကောင်း တစ်စုံတစ်ရာ ပတ်သက်ဆက်နွယ်မှုမရှိတော့ကြောင်းကို (၁၅-၅-၂၀၂၃)ရက်နေ့တွင် နှစ်ဖက်သဘောတူဝန်ခံကတိပြုလက်မှတ် ရေးထိုးခဲ့ကြပြီးဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သီတာမိုးနှင့် စီးပွားရေးလုပ်ငန်းများလက်တွဲလုပ်ကိုင်သူ မိတ်ဖက် အေဂျင်စီများ၊ ကုမ္ပဏီများနှင့်လူကြီးမင်းများအနေဖြင့် လုပ်ငန်းကိစ္စရပ်နှင့်ပတ်သက်သောကိစ္စ အရပ်ရပ်ကို ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သီတာမိုးထံသို့သာ တိုက်ရိုက်ဆက်သွယ်ဆောင်ရွက်ရန် သက်ဆိုင်ရာမိတ်ဖက်အေဂျင်စီများ၊ ကုမ္ပဏီများ၊ လူကြီးမင်းများနှင့်တကွ အများသိစေရန်အသိပေးကြေညာအပ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေဒေါ်သီတာမိုး၏ အတည်ပြုထောက်ခံချက်မရှိဘဲ ဝန်ဆောင်မှုလုပ်ငန်းများအား အပ်နှံခြင်း၊ ငွေထုတ်ပေးခြင်းများပြုလုပ်ခဲ့ပါက ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သီတာမိုးနှင့်လုံးဝသက်ဆိုင်ခြင်းမရှိပါကြောင်းနှင့် လုပ်ကိုင်ဆောင်ရွက်သူ-လူကြီးမင်းများနှင့် မိတ်ဖက်အေဂျင်စီများ၊ ကုမ္ပဏီများ၏တာဝန်သာဖြစ်ပါကြောင်း ထပ်မံ အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ	**လွှဲအပ်ညွှန်ကြားချက်အရ**	
ဒေါ်သီတာမိုး	**ဒေါ်ဇင်စောထွေး**	**ဦးထွန်းမင်းသိန်း**
[၁၂/မဂဒ(နိုင်)၀၁၅၁၄၄]	**(LL.B, D.B.L)**	**(LL.B, D.B.L)**
	တရားလွှတ်တော်ရှေ့နေ	**တရားလွှတ်တော်ရှေ့နေ**
	(စဉ်-၁၁၁၁၁)	**(စဉ်-၁၆၇၈၃)**

အမှတ်(၅၁၀)၊ သုမိတ္တာ(၁၄)လမ်း၊ (၁)ရပ်ကွက်၊
မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း-၀၉-၆၇၄၇၉၀၂၄၄၄၊
၀၉-၄၅၁၀၅၅၅၊ ၀၉-၇၉၉၆၈၀၃၀၄

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးဥပဒေအမိန့် ၅၁ နည်းဥပဒေ ၂၀)
ကျောက်တန်းမြို့နယ်တရားရုံးတော်၌
၂၀၂၃ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၂

ဒေါ်မြတ်စုမွန်	နှင့်	ဦးကိုကိုမောင်
တရားလို		တရားပြိုင်

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ ရွှေကုန်းရပ်ကွက်၊ အောင်မင်္ဂလာ (၄)လမ်း၊ ယခင်အမှတ် (၃၉၀) ယခုအမှတ် (၄၁၉)နေ ဦးကိုကိုမောင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဒေါ်မြတ်စုမွန်က လင်မယားကွာရှင်းပေးစေလိုမှုဖြင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရုံးအခွင့်အမိန့်အရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်အလက်များကို ချေပပြောဆိုနိုင်သူတစ်ဦး တစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၂၃ခုနှစ်၊ မေလ (၂၉)ရက်နေ့ (၁၃ရက်)မွန်းမတည့်မီ (၁၀း၀၀) နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင်တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအဓိပ္ပါယ်လိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ မေလ (၂၂)ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

(နွယ်မွန်စု)
မြို့နယ်တရားသူကြီး
ကျောက်တန်းမြို့နယ်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးဥပဒေအမိန့် ၅၁ နည်းဥပဒေ ၂၀)
ကျောက်တန်းမြို့နယ်တရားရုံးတော်၌
၂၀၂၃ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၃

ဒေါ်မိုးသူဇာ	နှင့်	ဦးဇော်နိုင်ဦး
တရားလို		တရားပြိုင်

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ အရှေ့ပိုင်းရပ်ကွက် (ငွေသောင်ယံ)၊ အမှတ် (၃၄၉)နေ ဦးဇော်နိုင်ဦး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဒေါ်မိုးသူဇာက လင်မယားအဖြစ်မှကွာရှင်းပြတ်စဲပြီး ပစ္စည်းခွဲဝေပေးစေလိုမှုဖြင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍အရေးကြီး သည့် စကားအရပ်ရပ်တို့ကိုချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရုံးအခွင့်အမိန့် အရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်အလက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၂၃ခုနှစ်၊ မေလ (၂၉)ရက်နေ့ (၁၃ရက်)မွန်းမတည့်မီ (၁၀း၀၀) နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးသို့လာ ရောက်ရမည်။ ၎င်းအပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင်တရားလိုက ကြည့်ရှုလိုသည့်အမှုနှင့် သက်ဆိုင်သည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအဓိပ္ပါယ်လိုသည့် စာချုပ်စာတမ်းအစရှိ သည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ မေလ (၂၂)ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

(နွယ်မွန်စု)
မြို့နယ်တရားသူကြီး
ကျောက်တန်းမြို့နယ်တရားရုံး

အမွေစားအမွေခံသားအဖြစ်မှ အပြီးအပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မော်ဘီမြို့နယ်၊ အမှတ်(၃၀၁/က)၊ ဘောဂဗလရပ်ကွက်၊ တပ်ကြီးကုန်းကျေးရွာနေ ဒေါ်ကြည်ကြည်ဝင်း [၁၂/မဘန(နိုင်) ၀၂၂ဂ၄]မှ ၎င်း၏သားဖြစ်သူ ဦးသန့်ဇော်ထွန်း [၁၂/မဘန(နိုင်) ၀၉၄၈၄၄]သည် မိခင်ဖြစ်သူ၏ဆိုဆုံးမမှုကို မနာခံ ဘဲသည်းခံခွင့်လွတ်ခြင်းမပြုနိုင်သော ပြုလုပ်မှုများအား ကျူးလွန်ခဲ့ပြီး မိခင်အား စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်အောင်ပြုလုပ်ခဲ့သည့် အတွက် အမွေစားအမွေခံသားအဖြစ်မှ အပြီးအပြတ်စွန့်လွှတ် ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်ကြည်ကြည်ဝင်း
[၁၂/မဘန(နိုင်) ၀၂၂ဂ၀၁]

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်၊ သိရိမင်္ဂလာလမ်း၊ အမှတ် (၈/က) ဟုခေါ်တွင်သော အကျယ်အဝန်း (၃၀ x ၇၅)ပေရှိ မြေကွက်နှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အဦအပါအဝင် ရေမီးစုံအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဦးရန်ဆန်း [၁၃/လရန(နိုင်)၀၈၆၁၇၉] ကိုင်ဆောင်သူမှ တရားဝင်လက်ရှိထားပိုင်ဆိုင်ကာ လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူဟု ထုတ်ဖော်ဝန်ခံကတိပြုပြီး ရောင်းချရန်ကမ်းလှမ်း လာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးပြိမ်းချမ်းအောင် [၅/မရန(နိုင်)၀၁၅၁၇၅] မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူ မရှိပါက ကျွန်ုပ်၏မိတ်ဆွေဘက်မှ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေ နှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်မော်မော်မြင့်	**ဒေါ်ဖြူဝေဝေအောင်**	**ဦးမျိုးသီဟ**
(LL.B, D.B.L, D.I.L)	**(LL.B, D.B.L)**	**(LL.B)**
တရားလွှတ်တော်ရှေ့နေ	**အထက်တန်းရှေ့နေ**	**အထက်တန်းရှေ့နေ**
(စဉ်-၁၃၄၃၃)	**(စဉ်-၄၈၄၃၀)**	**(စဉ်-၅၂၁၂)**

တိုက်အမှတ် (၂၅၀)၊ (၄) လွှာ (ဘယ်)၊ ဘုရင့်နောင်လမ်း၊ (ဈ/၁၀)
ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၄၅၀၅၉၈၆၂၄၊ ၀၉-၂၅၃၅၆၀၀၇၀၊ ၀၉-၇၇၂၂၉၁၇၅

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၃သမိုင်း၊ မြေကွက်အမှတ် ၄၉၊ ဧရိယာ၀.၁၁၁ ဧက၊ မြေကွက်တည်နေရာအမှတ်(၃၃)၊ သာယာကုန်းရှမ်းရွာလမ်း၊ ၅ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်(ဦးတွတ်နီ)(TG0-၁၀၈၃၇၂)၊ ဒေါ်မြင့်မြင့်သန်း(T/RGN-၀၀၄၁၄၂) အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအား အမည်ပေါက် တစ်ဦးဖြစ်သူ ဒေါ်မြင့်မြင့်သန်း(ဇနီး) ကွယ်လွန်သဖြင့် ကျန်အမည်ပေါက် တစ်ဦးဖြစ်သူ ဦးတွတ်နီ(ခ)ဦးဇော်လှိုင်(TG0-၁၀၈၃၇၂)[၁၂/မရက(နိုင်)၀၆၃၇၆၀]မှ တစ်ဦးတည်းသောတရားဝင်ခင်ပွန်းတော်စပ်ကြောင်း၊ အခြားခင်ပွန်း/ယောကျ်ားတစ်ဦးတစ်ယောက် မျှမရှိကြောင်း၊ ဇနီးဒေါ်မြင့်မြင့်သန်း၏ ပိုင်ဆိုင်ခွင့်အစုအား မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်း ဆိုင်ရာ ဥပဒေတို့အရတရားဝင် အမွေ ဆက်ခံပိုင်ဆိုင်ပါကြောင်း မိမိမှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန် လွှာ(၂)စောင်၊ သေစာရင်း၊ အိမ်ထောင်စုလူဦးရေ စာရင်း၊ နှစ်(၆၀)မြေငှားဂရန် တို့ တင်ပြ၍ပိုင်ဆိုင်ကြောင်းနှင့် အရောင်း အဝယ် စာချုပ်ချုပ်ဆိုရန်မြေပုံကူး လျှောက်ထားလာခြင်းအား မြေပြင် ကွင်းဆင်း စစ်ဆေးရာ မြေပေါ်တွင် (၁) ထပ်အုတ်ညှပ် (၁)လုံးတွင် လျှောက် ထားသူကိုယ်တိုင် နေထိုင်ပြီး ကျန် တစ်မြေမ်းတွင် (၁)ထပ် တိုက်အသေး(၁) လုံးရှိပြီး အရပ်စာချုပ်ဖြင့် ရောင်းချ ထားပြီးဖြစ်၍ ဝယ်ယူထားသူ၏အိမ်ငှား များနေထိုင်ပါသည်။ ကွင်းဆင်းသည်ကို သိရှိကြောင်း လက်မှတ်ရေးထိုး ပေးပြီး ဝင်စာအမှတ်-၄၄၂၄/၂၇-၄-၂၃ ဖြင့် အိမ်ငှားနေထိုင်ခြင်းနှင့်ပတ်သက်၍ ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်လာပါက တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ပါကြောင်းနှင့် အရပ်စာချုပ်ဖြင့် ဝယ်ယူထားသူမှလည်း သိရှိသဘောတူပြီးဖြစ်ပါကြောင်း၊ ဝန်ခံကတိပြုရှင်းလင်း တင်ပြလာပါသည်။ သို့ဖြစ်ပါ၍ ဒေါ်သန်းသန်းမြင့်မှ ပိုင်ဆိုင်+အရောင်း မြေပုံကူး လျှောက် ထားလာရာ တရားဝင်ခိုင်လုံသော အထောက် အထားများဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် (၅)၊ မြေကွက်အမှတ် (၃၁၄)၊ မြေကွက်တည်နေရာ အမှတ် (၃၁၄)၊ ဖားရွှေကျောင်းလမ်း၊ (၅)ရပ်ကွက်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ ဦးအုန်းရွှေ (ခ)ဘဆွေ (ISN -၀၅၃၆၁၈) အမည်ပေါက်၊ နှစ်(၆၀)မြေငှားဂရန် မြေအား အမည်ပေါက် ဦးအုန်းရွှေ (ခ) ဘဆွေ (ဖခင်)သည် ၂၈-၄-၁၉၉၇ ရက် နေ့တွင်လည်းကောင်း၊ ဒေါ်မြအေး (မိခင်)သည် (၃၀-၁-၂၀၁၁)ရက်နေ့ တွင်လည်းကောင်း အသီးသီးကွယ်လွန် ခဲ့ကြသဖြင့် သမီးဖြစ်သူ ဒေါ်သန်းသန်း မြင့် [၁၂/လမန(နိုင်)၀၇၆၄၄၁]မှ တရားဝင်တစ်ဦးတည်းသော သမီး တော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ သေစာရင်း၊ အိမ်ထောင်စုလူဦးရေ စာရင်း၊ နှစ်(၆၀)မြေငှားဂရန် တို့ တင်ပြ၍ပိုင်ဆိုင်ကြောင်းနှင့် အရောင်း အဝယ် စာချုပ်ချုပ်ဆိုရန်မြေပုံကူး လျှောက်ထားလာခြင်းအား မြေပြင် ကွင်းဆင်း စစ်ဆေးရာ မြေပေါ်တွင် (၁) ထပ်အုတ်ညှပ် (၁)လုံးတွင် လျှောက် ထားသူကိုယ်တိုင် နေထိုင်ပြီး ကျန် တစ်မြေမ်းတွင် (၁)ထပ် တိုက်အသေး(၁) လုံးရှိပြီး အရပ်စာချုပ်ဖြင့် ရောင်းချ ထားပြီးဖြစ်၍ ဝယ်ယူထားသူ၏အိမ်ငှား များနေထိုင်ပါသည်။ ကွင်းဆင်းသည်ကို သိရှိကြောင်း လက်မှတ်ရေးထိုး ပေးပြီး ဝင်စာအမှတ်-၄၄၂၄/၂၇-၄-၂၃ ဖြင့် အိမ်ငှားနေထိုင်ခြင်းနှင့်ပတ်သက်၍ ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်လာပါက တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ပါကြောင်းနှင့် အရပ်စာချုပ်ဖြင့် ဝယ်ယူထားသူမှလည်း သိရှိသဘောတူပြီးဖြစ်ပါကြောင်း၊ ဝန်ခံကတိပြုရှင်းလင်း တင်ပြလာပါသည်။ သို့ဖြစ်ပါ၍ ဒေါ်သန်းသန်းမြင့်မှ ပိုင်ဆိုင်+အရောင်း မြေပုံကူး လျှောက် ထားလာရာ တရားဝင်ခိုင်လုံသော အထောက် အထားများဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သွေးသည် အသက်

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တာမွေမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၄-အေ(ဝ.၀၄၇)ဧက၊မြေကွက်အမှတ်-၂၂၅၊ကျိုက္ကဆံလမ်း၊ကျားကွက်သစ်ရပ်ကွက်၊တာမွေမြို့နယ်ဦးသောင်းလွင်(L/RGN-026201)၊ဒေါ်တင်ဝိ(CE-114101)အမည်ပေါက်နှစ်(၆၀)ဂရန်မြေအားအမည်ပေါက်(၂)ဦး အနက်ဇနီးဖြစ်သူဒေါ်တင်ဝိသည်(၂၇-၁၂-၂၀၂၂)ရက်နေ့တွင်ကွယ်လွန်သွားပါသဖြင့်ကျန်အမည်ပေါက်တစ်ဦးဖြစ်သူခင်ပွန်းဦးသောင်းလွင်(L/RGN-၀၂၆၂၀၁)(၁၂/တမန(နိုင်)၀၁၁၅၅၅)မှတစ်ဦးတည်းသောတရားဝင်ခင်ပွန်းဖြစ်ကြောင်းအခြားသောခင်ပွန်းတစ်ဦးတစ်ယောက်မျှမရှိကြောင်းဇနီးပိုင်ဆိုင်သောအစုအားကျမ်းကျိန်လွှာ၊ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊သေစာရင်း၊ဂရန်၊နိုင်ငံသားစိစစ်ရေးကတ်ပြားတို့ကိုတင်ပြ၍ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ကန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ရန်ကုန်သစ်၊ အောင်ဓေယျ(၂)လမ်း၊ **မြေကွက်အမှတ် - ၆

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးကိုဝဋ္ဌပဒေအမိန့်-၅၅) နည်းဥပဒေ-၂၀)
ဗိုလ်တထောင်ခရိုင်တရားရုံးတော်
၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၅၁

ဇရာဝတီဘဏ်လီမိတက် (ငင်း၏ကိုယ်စား လက်ထောက် ကြီးကြပ်ရေးမှူး ဒေါ်အေးသန့်ဇင်) **(တရားလို)** နှင့် ၁။ ဒေါ်ခင်သက်ထား ၂။ ဦးမျိုးမင်းထွန်း **(တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၆/ အနောက်ရပ်ကွက်၊ ဇမ္ဗူသီရိအနောက်(၁)လမ်း၊ အမှတ်-၃၃/က နေ (၂)တရားပြိုင် ဦးမျိုးမင်းထွန်း သိစေရမည်။

ရန်ကုန်တိုင်းဒေသကြီး၊ အမှတ် (၁၆၃)၊ ယဉ်းတိုက်ပင်လမ်း၊ ပြည်တော်သာရပ်ကွက်၊ လှည်းကူးမြို့နယ်၊ မြေကွက်ကြီးအမှတ်(၆/၂)၊ အိမ်ရာကွက်အမှတ်(၁၆၃)၊ ဧရိယာ (၄၀×၆၀)ပေ အကျယ်အဝန်းရှိ ထောင့်ကွက်၊ စလစ်မြေသည် ဦးသန်းဖေ အမည်ပေါက်ဖြစ်ပြီး၊ အဆိုပါမြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက်ထံမှ အရပ်ကတိစာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင် အကျိုးခံစားလျက်ရှိသူ ဒေါ်တင်ရွှေ [၁၂/အစခ(နိုင်)၁၅၇၃၈၄]မှ အပြီးအပိုင် ရောင်းချရန် ကမ်းလှမ်းလာသည့်အလျောက် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဦးလှဝေ(စဉ်-၇၁၂၄) — **ဒေါ်ဘီဘီသိန်း(ခ)ဒေါ်ဘောဘီ (စဉ်-၈၇၉၁)**
တရားလွှတ်တော်ရှေ့နေများ
**အမှတ် (၆၀)၊ ပထမထပ်၊

ကန့်ကွက်နှိုင်းပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၆) မြေကွက်အမှတ်-၈၄၊ သီလဝါ(ဗိုလ်သုန်)လမ်း၊ အလျား(၄၅)ပေ× အနံ(၆၀)ပေ၊ အကျယ်အဝန်း(၂၇၀၀) စတုရန်းပေ၊ ဧရိယာ(၀.၀၆၁)ဧကရှိ နှစ်(၆၀)ဂရန်မြေအမျိုးအစားမြေကွက်နှင့်မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ခေါ်ကျင်ငွေ(AB 031581)မှ အမည်ပေါက်ပြီး ခေါ်လှလှဝင်း (၁၁/မပန(နိုင်)၀၀၃၅၂၂၀)မှ ဝယ်ယူပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်စွာ(၁၂/ကမရ(နိုင်)၀၀၂၇၂၁)မှ စရံငွေပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း နိုင်မာသော စာချုပ်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက် နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်ဖြူဖြူသန့် LL.B., D.B.L., WIPO-101(Switzerland)
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၃၁၁)

ဒေါ်လှိုင်ယဉ်မွန် LL.B
အထက်တန်းရှေ့နေ (စဉ်-၄၀၆၄၈)

အမှတ်-၁၂၊ ၄၁-လမ်း၊ ပြည်ထဟပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်းဃုန်း-၀၁ ၈၂၄၅၅၈၄၊ ၀၉ ၅၄၀၁၄၆၂ ၂ ၀၉၈၈၇၈၀၀၀ ၂၆

ကန့်ကွက်နှိုင်းပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၂၊ ၂၃(ကမာရွတ်)၊ ၂၆၊ ၂၈(သမိုင်း)၊ လူနေရပ်ကွက်အမှတ်-မင်းဓမ္မဥယျာဉ်မြို့တော် အိမ်ယာစီမံကိန်း၊ မြေကွက်အမှတ်(၁၅)၊ အကျယ်အဝန်း(၄၇၉၆.၁၈၀)စတုရန်းပေရှိ နှစ်(၆၀)ခွဲမိပ်ဂရန်လျှောက်ထားရန် မြေအမျိုးအစားမြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် Myanmar Imperial Vega Co.,Ltd. မှ အမည်ပေါက်ပြီး ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမောင်မောင်လေး(၁၂/လမတ(နိုင်)၀၁၂၄၄၂)မှ စရံငွေပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း နိုင်မာသော စာချုပ်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက် နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်ဖြူဖြူသန့် LL.B., D.B.L., WIPO-101(Switzerland)
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၃၁၁)

ဒေါ်လှိုင်ယဉ်မွန် LL.B
အထက်တန်းရှေ့နေ (စဉ်-၄၀၆၄၈)

အမှတ်-၁၂၊ ၄၁-လမ်း၊ ပြည်ထဟပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်းဃုန်း-၀၁ ၈၂၄၅၅၈၄၊ ၀၉ ၅၄၀၁၄၆၂ ၂ ၀၉၈၈၇၈၀၀၀ ၂၆

ကန့်ကွက်နှိုင်းပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၅/သစ်ထည်) မြေကွက်အမှတ်-၁၆၊ မဟာဗန္ဓုလလမ်း၊ အလျား(၆၀)ပေ× အနံ(၆၀)ပေ၊ အကျယ်အဝန်း(၃၆၀၀) စတုရန်းပေရှိ နှစ်(၆၀)ဂရန်မြေအမျိုးအစား မြေကွက်နှင့်မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဦးရွှေတိုးမှ အမည်ပေါက်ပြီး ခေါ်သိန်းလှဖြင့်(၇/သ၀တ(နိုင်)၀၅၈၂၂)မှ ဝယ်ယူပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးစံငွေး(၁၂/စခန(နိုင်)၀၁၄၃၄၆)မှ စရံငွေပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း နိုင်မာသော စာချုပ်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက် နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်ဖြူဖြူသန့် LL.B., D.B.L., WIPO-101(Switzerland)
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၃၁၁)

ဒေါ်လှိုင်ယဉ်မွန် LL.B
အထက်တန်းရှေ့နေ (စဉ်-၄၀၆၄၈)

အမှတ်-၁၂၊ ၄၁-လမ်း၊ ပြည်ထဟပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်းဃုန်း-၀၁ ၈၂၄၅၅၈၄၊ ၀၉ ၅၄၀၁၄၆၂ ၂ ၀၉၈၈၇၈၀၀၀ ၂၆

ကန့်ကွက်နှိုင်းပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၅/သစ်ထည်) မြေကွက်အမှတ်-၁၊ မဟာဗန္ဓုလလမ်းနှင့် ဦးတင်အေးလမ်းထောင့်၊ အလျား(၆၀)ပေ× အနံ(၆၀)ပေ၊ အကျယ်အဝန်း(၃၆၀၀) စတုရန်းပေ၊ ဧရိယာ(၀.၀၈၃)ဧကရှိ နှစ်(၆၀)ဂရန်မြေအမျိုးအစား မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ် အားလုံးတို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဦးရွှေတိုး(၁၂/သ၀ဃ(နိုင်)၁၂၂၃၇၁)မှ အမည်ပေါက်ပြီး ဦးတိဝန်ပြောင်(၈)ဦးစော်မင်းဟန် (၁၂/မရက(ပြု)၀၀၀၀၀၈)မှ ဝယ်ယူပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးစံငွေး(၁၂/စခန(နိုင်)၀၁၄၃၄၆)မှ စရံငွေပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း နိုင်မာသော စာချုပ်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက် နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်ဖြူဖြူသန့် LL.B., D.B.L., WIPO-101(Switzerland)
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၃၁၁)

ဒေါ်လှိုင်ယဉ်မွန် LL.B
အထက်တန်းရှေ့နေ (စဉ်-၄၀၆၄၈)

အမှတ်-၁၂၊ ၄၁-လမ်း၊ ပြည်ထဟပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်းဃုန်း-၀၁ ၈၂၄၅၅၈၄၊ ၀၉ ၅၄၀၁၄၆၂ ၂ ၀၉၈၈၇၈၀၀၀ ၂၆

မိဘအမည်မှန်

ရေးခရိုင်၊ ရေးမြို့၊ အ.မ.က (အစင်)၊ Grade(2)မှ မောင်ကောင်းပြည့်စံ၏ မိဘအမည်မှန်မှာ ဦးသန်းဝင်း၊ ဒေါ်နွဲ့နွဲ့ဝင်းဖြစ်ပါကြောင်း။

အမည်ပြောင်း

ဦးနေလင်း [၁၂/ဗတထ(နိုင်)၀၄၅၁၈၉၉]နှင့် ဒေါ်နှင်းပပဖြိုး [၆/ကစန(နိုင်)၀၇၉၇၁၁]တို့၏ သမီး ဗိုလ်တထောင် မြို့နယ် နေမလင်းလက်နေခြည်အား မရှုမဝ နေလင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

မရှုမဝနေလင်း

ပျောက်ဆုံးကြောင်း

မောင်ထူးဇော်ဦး[၁၂/ကမတ(နိုင်)၀၈၂၉၁၁]သည် BST(Full Course)/4 ticket certificate ပျောက်ဆုံးသွားပါ သဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

Ph-09-794080820

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အလုပ်သမားဝန်ကြီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ အလုပ်သမားဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့ပိုင် အလုပ်သမားဆေးရုံကြီးများ၊ ဆေးခန်းများနှင့် လူမှုဖူလုံရေးအဖွဲ့မှ လိုအပ်ချက်ရှိသော နေရာဒေသများတွင် ဓာတ်ခွဲစမ်းသပ်မှုဝန်ဆောင်မှု လုပ်ဆောင်နိုင်သော ပုဂ္ဂလိကကုမ္ပဏီများအား အောက်ပါအတိုင်း တင်ဒါခေါ်ယူဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် မြန်မာနိုင်ငံသားပိုင် ပြည်တွင်းကုမ္ပဏီများအနေဖြင့် တင်ဒါဝင်ရောက်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

(က) တင်ဒါပုံစံရောင်းချမည့်ရက် - ၂၂-၅-၂၀၂၃ ရက်မှ ၂၆-၅-၂၀၂၃ ရက်ထိ
(ခ) တင်ဒါလျှောက်လွှာနောက်ဆုံးတင်သွင်းရမည့် နေ့ရက်၊ အချိန် - ၅-၆-၂၀၂၃ ရက် (၁၆:၃၀) နာရီ
(ဂ) တင်ဒါတင်သွင်းရမည့်နေရာ - လူမှုဖူလုံရေးရုံးချုပ်၊ အမှတ်-၉/၇၇၊ ရွှေတောင်သီရိလမ်း၊ ဇဝနသိန္ဓိရပ်ကွက်၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်။

၂။ တင်ဒါပုံစံများကို တစ်စုံလျှင် ကျပ် ၁၀,၀၀၀/-(ကျပ်တစ်သောင်းတိတိ) နှုန်းဖြင့် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး တင်ဒါအဆိုပြုလွှာများကို တင်သွင်းရာတွင် သတ်မှတ်ချိန်ထက် နောက်ကျတင်သွင်းခြင်း၊ ချိပ်ပိတ်စာအိတ်များ ပေါက်ပြဲ/စုတ်ပြဲနေခြင်းနှင့် e-mail ဖြင့် လျှောက်လွှာတင်သွင်းခြင်းများကို လုံးဝ (လုံးဝ) လက်ခံမည်မဟုတ်ပါ။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အလုပ်သမားဝန်ကြီးဌာန၏ website https://www.mol.gov.mm နှင့် လူမှုဖူလုံရေးအဖွဲ့၏ Website https://www.ssb.gov.mm တို့တွင် လေ့လာနိုင်ပြီး ဖုန်း ၀၆၇-၃၄၁၁၇၃၆၊ ၀၆၇-၃၄၁၁၇၃၃၈ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဝန်ကြီးဌာနတင်ဒါကော်မတီ

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်
ထိန်းသိမ်းရေးဝန်ကြီးဌာန
မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း
ဒုတိယအထွေထွေမန်နေဂျာ(ထုတ်လုပ်ရေး)ရုံး၊ မြိတ်မြို့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ တနင်္သာရီတိုင်းဒေသကြီးအတွင်း မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်းတွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် အောက်ဖော်ပြပါဝယ်ယူရေးလုပ်ငန်းအား ဆောင်ရွက်လိုပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ရေအောက်လောင်းလိုင်းသုံးပစ္စည်းများဝယ်ယူခြင်း

၂။ (က) အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံစတင်ရောင်းချမည့်ရက် - (၂၂-၅-၂၀၂၃)ရက်နေ့မှစ၍ ရုံးချိန်အတွင်း
(ခ) အိတ်ဖွင့်တင်ဒါအဆိုပြုလွှာပိတ်မည့်ရက်နှင့်အချိန် - (၄-၆-၂၀၂၃)ရက်၊ (၁၆:၃၀)နာရီထိ
(ဂ) အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နေရာ - မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၊ ဒုတိယအထွေထွေမန်နေဂျာ(ထုတ်လုပ်ရေး)ရုံး၊ အမှတ်(၁၀)၊ ကမ်းနားလမ်း၊ မြိတ်မြို့။ ဖုန်း-၀၅၉-၄၁၀၄၉
(ဃ) အိတ်ဖွင့်တင်ဒါစစ်ဆေးချယ်မည့်နေ့ရက်နှင့်အချိန် - (၅-၆-၂၀၂၃)ရက်၊ (၉:၃၀)နာရီ
(c) အိတ်ဖွင့်တင်ဒါစစ်ဆေးချယ်မည့်နေရာ - မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၊ ဒုတိယအထွေထွေမန်နေဂျာ(ထုတ်လုပ်ရေး)ရုံး၊ အမှတ်(၁၀)၊ ကမ်းနားလမ်း၊ မြိတ်မြို့။

၃။ တင်ဒါများနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များအား မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၊ ဒုတိယအထွေထွေမန်နေဂျာ(ထုတ်လုပ်ရေး)ရုံး၊ အမှတ်(၁၀)၊ ကမ်းနားလမ်း၊ မြိတ်မြို့(ဖုန်း-၀၅၉-၄၁၀၄၉)တွင် ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါကော်မတီ

"တိုက်ခန်း ဝယ်ယူမည်"ဖြစ်ပါ၍ ကန့်ကွက်နိုင်ကြောင်း
အများသိရှိနိုင်စေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူသည် **"ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆) ရပ်ကွက်၊ မာလာမြိုင်(၂)လမ်း၊ အမှတ်(၅၁)၊ မြေတိုင်းရပ်ကွက်အမှတ်-၂၀(က+ခ)၊မြေကွက်အမှတ်-(၇၉၄) ပေါ်တွင် ဆောက်လုပ်ထားသည့် (၂)ခန်းတွဲ(၃)ထပ်ခွဲတိုက်၏ မြေညီထပ်(ခြေရင်းဘက်ခြမ်း) ဟုခေါ်တွင်သော အကျယ်(၁၁ပေခွဲx၄၇ပေ)ရှိ တိုက်ခန်း(၁)ခန်း အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံး"** တို့အား တရားဝင် ပိုင်ဆိုင်သူဖြစ်သော "ဦးသန့်ဇော်[၁၂/ လမန(နိုင်)၀၀၀၃၇၉]"ထံမှ တရားဝင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ကျွန်ုပ်တို့ထံသို့ ခိုင်လုံသည့် စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့် အတူ ဤသတင်းစာ ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။အကယ်၍ ကန့်ကွက်မည့်သူမရှိပါက အဆိုပါ အရောင်းအဝယ်ကိစ္စအထမြောက်စေရန် အတွက် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မေသဌာသိန်း (LL.B) (စဉ်-၁၄၅၉၈) ဒေါ်ပွင့်သူဇာ(LL.B) (စဉ်-၁၄၅၉၂)
တရားလွှတ်တော်ရှေ့နေများ
အမှတ် (၃၄၅)၊ နဝရတ်(၃)လမ်းအောက်၊ (၈)ရပ်ကွက်၊
သာကေတမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၄၂၁၁၁၂၀၄၊ ၀၉-၂၆၂၆၈၅၅၇၄၄၊ ၀၉-၂၆၄၆၆၇၃၀၉

ဆောက်လုပ်ရေးဝန်ကြီးဌာန
လမ်းဦးစီးဌာန
၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွှင်လင်ခရိုင်
လမ်း/တံတား လုပ်ငန်းတင်ဒါခေါ်ယူခြင်း

၁။ လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွှင်လင်ခရိုင်တွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း ပြည်နယ်ရန်ပုံငွေဖြင့် မြို့နယ်/မြို့/လမ်းအထူးအဖွဲ့များမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော လမ်းများပေါ်ရှိ လမ်း/တံတားလုပ်ငန်းများအတွက် လုပ်ငန်းတင်ဒါခေါ်ယူမည်ဖြစ်ပါသည်။

(က) တင်ဒါလျှောက်လွှာပုံစံစတင်ရောင်းချမည့်ရက်/အချိန် - (၂၃-၅-၂၀၂၃)မှ(၅-၆-၂၀၂၃)ရက်အထိ (၉:၃၀)နာရီမှ (၁၂:၀၀)နာရီ ရုံးချိန်အတွင်း
(ခ) တင်ဒါပုံစံရောင်းချမည့်နေရာ - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ လွှင်လင်မြို့။
(ဂ) တင်ဒါလျှောက်လွှာနောက်ဆုံးတင်သွင်းရမည့်ရက်/အချိန် - (၆-၆-၂၀၂၃)ရက်(၁၆:၀၀)နာရီ
(ဃ) တင်ဒါဖွင့်လှစ်မည့်ရက်/အချိန် - (၇-၆-၂၀၂၃)ရက် နံနက်(၁၀:၀၀)နာရီ
(c) တင်ဒါဖွင့်လှစ်မည့်နေရာ - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ လွှင်လင်မြို့။

၂။ အသေးစိတ်သိရှိလိုပါက ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လွှင်လင်မြို့သို့ ရုံးချိန်အတွင်း ဖုန်း ၀၈၁-၃၂၀၀၇၁ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါစီစစ်ရွေးချယ်ရေးကော်မတီ

ဆောက်လုပ်ရေးဝန်ကြီးဌာန
လမ်းဦးစီးဌာန
၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းရှားခရိုင်
လမ်း/တံတားလုပ်ငန်းတင်ဒါခေါ်ယူခြင်း

၁။ လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းရှားခရိုင်တွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း ပြည်နယ်ရန်ပုံငွေဖြင့် မြို့နယ်/မြို့/လမ်းအထူးအဖွဲ့များမှ တာဝန်ယူဆောင်ရွက်လျက်ရှိသောလမ်းများပေါ်ရှိ လမ်း/တံတားလုပ်ငန်းများအတွက် လုပ်ငန်းတင်ဒါခေါ်ယူမည်ဖြစ်ပါသည်။

(က) တင်ဒါလျှောက်လွှာပုံစံစတင်ရောင်းချမည့်ရက်/အချိန် - (၂၃-၅-၂၀၂၃)မှ (၅-၆-၂၀၂၃)ရက်အထိ (၉:၃၀)နာရီမှ (၁၂:၀၀)နာရီ ရုံးချိန်အတွင်း
(ခ) တင်ဒါပုံစံရောင်းချမည့်နေရာ - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ မိုင်းရှားမြို့။
(ဂ) တင်ဒါလျှောက်လွှာနောက်ဆုံးတင်သွင်းရမည့်ရက်/အချိန် - (၆-၆-၂၀၂၃)ရက်(၁၆:၀၀)နာရီ
(ဃ) တင်ဒါဖွင့်လှစ်မည့်ရက်/အချိန် - (၇-၆-၂၀၂၃)ရက် နံနက်(၁၀:၀၀)နာရီ
(c) တင်ဒါဖွင့်လှစ်မည့်နေရာ - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ မိုင်းရှားမြို့။

၂။ အသေးစိတ်သိရှိလိုပါက ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ မိုင်းရှားမြို့၊ သို့ ရုံးချိန်အတွင်း ဖုန်း ၀၉-၇၈၈၈၀၂၈၄၂ နှင့် ၀၉-၄၂၄၃၃၃၁၉၈ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါစီစစ်ရွေးချယ်ရေးကော်မတီ

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ ရွှေမဘူ(၂)လမ်း၊ တိုက်အမှတ်(၂၃၃) (တတိယထပ် (၄) လွှာ-ခေါင်းရင်းခန်း)
တိုက်ခန်းအရောင်းအဝယ်ပြုလုပ်ခြင်းအား
ကန့်ကွက်နိုင်ပါသည်

အထက်လိပ်စာပါ တိုက်ခန်းကိုတရားဝင်ဝယ်ယူပြီး လက်ဝယ်ထားပိုင်ဆိုင်၍ လွဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်သီတာလှိုင်ဝင်း[၁၂/သကတ(နိုင်)၁၁၂၀၆၄]ထံမှ ဒေါ်ဝါဝါပြည့်ဦး[၁၂/ဒဂမ(နိုင်)၀၂၈ဂ၁၁]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ယင်းတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများ ခိုင်လုံစွာဖြင့် ဤကြော်ငြာစာပါသည့်နေ့မှ (၇)ရက်အတွင်းကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက် နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက တိုက်ခန်း အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။ **ဒေါ်ဝါဝါပြည့်ဦး၏လွှဲအပ်ညွှန်ကြားချက်အရ**
ဒေါ်ခင်မာလာ (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၂၀)
တိုက်(၅)၊ အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊ (၅) ရပ်ကွက်၊ လှိုင်မြို့နယ်။
ဖုန်း - ၀၉-၅၁၁ခ၁၂၀

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ခ)ရပ်ကွက်၊ တုသိတာ လမ်းမကြီး၊ အမှတ်(၃၂၀)ဟု ခေါ်တွင်သော မြေတိုင်းအမှတ်(ခ)၊ မြေကွက်အမှတ်(၃၂၀၃) ဒေါ်မမကြီး အမည်ပေါက် အကျယ်အဝန်း အလျား×အနံ (၂၀x၆၀)ပေရှိ နှစ်(၆၀) ဂရန်မြေကွက်ကြီးနှင့် ယင်းမြေပေါ်ရှိ အဆောက်အဦးအရောင်း အဝယ်တို့နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

အထက်ဖော်ပြပါ မြေကွက်နှင့်အဆောက်အဦးအပါအဝင် တွယ်ဆက်အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရှုပ်အရှင်း ကင်းရှင်းစွာ တရားဝင်အမွေဆက်ခံ ပိုင်ဆိုင်လက်ရှိထား၍ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံပြောဆိုသည့် ဦးအောင်ပိုင်[၉/ပမန(နိုင်)၂၁၈၅၁၁]ထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မြသူဇာ [၁၂/ဥကမ(နိုင်)၁၄၈၈၇၉]က စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပါ၍ အဆိုပါအရောင်းအဝယ်နှင့် ပတ်သက်ပြီး ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားမူရင်းများနှင့်အတူ ဤသတင်းစာတွင်ကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**
ဦးယဉ်ထွန်း(LL.B, LL.M)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၉၅)
ရုံးခန်း-အမှတ် (၁၀/၉၇)၊ နွယ်သာကီပန်းခြံရှေ့၊ ခေမာသီလမ်းမကြီး၊
မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း- ၀၉-၄၂၁၁ခ၁၂၆၄

ရန်ကုန်ဘတ်(စ်)ကားအများနှင့်သက်ဆိုင်သော ကုမ္ပဏီလိမိတက်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်ဘတ်(စ်)ကားအများနှင့်သက်ဆိုင်သော ကုမ္ပဏီလိမိတက်၏ မော်တော်ယာဉ်များတွင် အသုံးပြုရန်အတွက် မော်တော်ယာဉ်သုံး Tyre, Battery, Coolant, Power Oil, Gear Oil, Crown Oil, Brake Oil Dot–4, Grease Ep–3 နှင့် ယာဉ်အပိုစက်ပစ္စည်း(Spare Parts)များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါများတင်သွင်းကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာပုံစံများကို အောက်ဖော်ပြပါအတိုင်း ဝယ်ယူတင်သွင်းရန်–

(က) တင်ဒါပုံစံ စတင်ရောင်းချမည့်ရက် – ၂၃–၅–၂၀၂၃ရက်မှ ၂၆–၅–၂၀၂၃ရက်ထိ
(ခ) တင်ဒါပုံစံဈေးနှုန်းလွှာတင်သွင်း ရမည့်နေ့ရက်/အချိန် – ၂၉–၅–၂၀၂၃ရက်မှ၃၀–၅–၂၀၂၃ ရက်အထိ နံနက်၁၀း၀၀နာရီမှညနေ ၁၅း၀၀နာရီထိ
(ဂ) တင်ဒါဖွင့်ဖောက်မည့် နေ့ရက်/အချိန် – (၃၁–၅–၂၀၂၃)(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၃း၀၀နာရီ
(ဃ) တင်ဒါပုံစံဝယ်ယူရန်နှင့် တင်သွင်းရန်နေရာ – အမှတ်(၇)၊ထောက်ကြန့်မြို့ရှောင်လမ်း၊ မော်ဘီမြို့နယ်။ (YBPC ရုံးချုပ်)

၃။ အသေးစိတ်အချက်အလက်များကို တင်ဒါစစ်ရွေးချယ်ရေးအဖွဲ့ ဖုန်းနံပါတ် ၀၉–၇၅၀၉၄၃၃၃ နှင့် ၀၉–၇၅၀၉၄၃၀၅ တို့သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
YBPC ရုံးချုပ်

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃) ရပ်ကွက်၊ အနော်မာ (၁) လမ်း၊ အမှတ်–၂၃ (က) ဟု ခေါ်တွင်သော တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရုပ်ကွက်အမှတ်–၁၃၊ မြေကွက်အမှတ်–၂၃ (က)၊ ဧရိယာ အလျား (၆၀) ပေ x အနံ (၂၀) ပေ၊ (၁၂၀၀) စတုရန်းပေရှိ နှစ် (၆၀) မြောက်မြေနှင့် မြေပေါ်ရှိ (၁) ထပ် အိမ်အပါအဝင် အကျိုးခံစားခွင့်များကို **ဒေါ်အုံးခင်** (၁၂/ဥကတ (နိုင်) ၀၅၉၂၅၆) ၊ **ဦးထွန်းဝေ** (၁၂/လသန (နိုင်) ၀၀၉၁၀၅) **S/OKA–၀၅၀၂၈၅)** နှင့် **ဦးထွန်းသိန်း** (၁၂/ဥကတ (နိုင်) ၀၆၃၄၂) တို့က အမည်ပေါက် ပိုင်ဆိုင်၍ ဒေါ်အုံးခင်+၂ ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေက စရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့် တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ

ခင်အေးမာ	မေမီစော
တရားလွှတ်တော်ရှေ့နေ(စဉ်–၂၈၇၁)	အထက်တန်းရှေ့နေ(စဉ်–၄၉၄၀၈)
ဖုန်း – ၀၉–၅၁၄၉၃၈၂	ဖုန်း – ၀၉–၇၉၅၃၉၆၃၈

အမှတ်–၅၆၃ (၀–ထပ်)၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

"ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၉)ရပ်ကွက်၊ ရန်ကုန်အင်းစိန်လမ်း၊ လှိုင်သီရိအိမ်ရာ၊ တိုက်(၃)၊ အခန်း၁အမှတ်(၃၀၁)၊ (၃)လွှာ၊ အကျယ်အဝန်း (၂၃၀x ၅၃၀)ရှိ တိုက်ခန်း(၁)ခန်း နှင့် ရေ၊ မီးအစုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးကို တရားဝင်လက်ရှိ ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်အေးအေးသန်း[၁၂/အစုန(နိုင်)၀၇၅၃၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးဒါရိကုန်း[၄/ဟခန(နိုင်)၀၁၁၉၃၆]က အပြီးအပြတ် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးအုပ်လင်း (LLB,LLM,MRes,PhD)
အထက်တန်းရှေ့နေ (စဉ် – ၄၃၄၂)
တိုက်အမှတ်(၄၅)၊ ၅–လွှာ(ဘီ)၊ (၅၁)လမ်း၊ (၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း–၀၉–၇၆၄၆၀၂၃၉

ဇနီးအဖြစ်မှစွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၈၉–အေ)၊ ဓမ္မရာဇာ(၃) လမ်း၊ (၁၀)ရပ်ကွက်နေ ဦးဝင်းထွဋ်ထွဋ်ပိုင် (အဖ)ဦးစိုးပိုင် [၁၂/ဒဂမ(နိုင်)၀၁၃၈၁၀]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည် –

ကျွန်ုပ်၏အမှုသည် ဦးဝင်းထွဋ်ထွဋ်ပိုင်နှင့် (အဖ)ဦးတင်အောင်၏ သမီး [၁၃/ကလန(နိုင်)၀၅၁၇၃၇] ကိုင်ဆောင်သူ မချိုမမ(ခ)မဘောဘီချိုတို့သည် လွန်ခဲ့သော (၂၅–၄–၂၀၂၁) ရက်နေ့မှစ၍ မြန်မာ့ဓလေ့ထုံးတမ်းနှင့်အညီ လက်ထက်ပေါင်းသင်းခဲ့ကြပြီး သား(၁)ဦးထွန်းကားခဲ့ပါသည်။ ကျွန်ုပ်၏အမှုသည် ဦးဝင်းထွဋ်ထွဋ်ပိုင်သည် လက်ထက်ပေါင်းသင်းခဲ့သည့်ရက်မှစ၍ ယနေ့အချိန်ထိ ခင်ပွန်းသည်၏ ဝတ္တရားတို့ဖြင့် ကျေပွန်စွာ လုပ်ကိုင်ကျွေးမွေး စောင့်ရှောက်ခဲ့သော်လည်း မချိုမမ(ခ)မဘောဘီချိုသည် ဇနီးတစ်ယောက်၏ တာဝန်ကျေပွန်ခြင်းမရှိဘဲ ခင်ပွန်းဖြစ်သူအား ပတ်ဝန်းကျင်တွင်လည်းကောင်း၊ ဆွေမျိုးအသိုင်းအဝိုင်းကြားတွင် လည်းကောင်း၊ (Facebook) လူမှုကွန်ရက်စာမျက်နှာပေါ်တွင် လည်းကောင်း၊ အရှက်သိက္ခာကျဆင်းစေသည့် လုပ်ရပ်မျိုး အကြိမ်ကြိမ်ပြုလုပ်ကာ ၎င်း၏သဘောဆန္ဒအရ ပြုမူနေထိုင်နေပါသဖြင့် ယနေ့မှစ၍ ဇနီးသည်အဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။

သို့ဖြစ်၍ ၎င်း၏ဆန္ဒအရ ပြုမူနေထိုင်သူ မချိုမမ(ခ)မဘောဘီချိုသည် ဤကြော်ငြာသည့်ရက်မှစ၍ ဦးဝင်းထွဋ်ထွဋ်ပိုင်နှင့် လုံးဝမသက်ဆိုင်တော့ပါကြောင်းနှင့် ဇနီးသည်အဖြစ်မှ စွန့်လွှတ်လိုက်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –
ဒေါ်လင်းဝတ်ရည်ကျော် (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်–၁၆၆၀၀)
အမှတ်(၁၀)ရပ်ကွက်၊ ကလောမြို့။
ဖုန်း–09–260357677

ဖခင်အမည်မှန်

ရန် ကုန် တိုင်းဒေသ ကြီး၊ လှည်းကူးမြို့ အ.မ.က အောင်သုခ ကျောင်း Grade–6 မှ မမေသူ (ခ)မမေသဲချို၏ဖခင် အမည်မှန်မှာ ဦးသန်းညွန့်ဖြစ်ပါ ကြောင်း။

ဦးသန်းညွန့်

အမည်ပြောင်း

ဦးနေသူဝင်းမော်၏သား၊ ရန် ကုန် မြို့(ILBC)ကိုယ်ပိုင် အထက်တန်းကျောင်း၊ ပထမတန်းမှ ရှိုင်းစစ်မာန်အောင်၏ အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ မောင်နေလရောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်နေလရောင်

ပျောက်ဆုံးကြောင်း

ဦးကျော်မျိုးထက် [၁၂/ဥကမ(နိုင်)၂၃၆၀၇၈]ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ် အမှတ် (MB–170161)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉–၇၈၈၈၁၁၁၂

ပတ်စ်ပို့ပျောက်

ကျွန်မ SAIRA BANU [၁၂/ကတတ(ပြု)၀၀၁၃၂၀] ၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

09–796555168

ပျောက်ဆုံးကြောင်း

မောင်ညီမင်းယု[၁၂/ပဘတ(နိုင်)၀၃၃၄၆၅]ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ်အမှတ်–516415 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

Ph: 09–885555444

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်း၊ ရပ်ကွက်အမှတ်–၁၅၊ မြေကွက်အမှတ်–၁၄၅၅ (၀.၀၈၅)ဧကရှိ မြေကွက်တည်နေရာ အမှတ်–၁၄၅၅၊ တော်ဝင်လမ်း၊ (၃) ရပ်ကွက်၊ ရွှေပြည်သာ၊ ဦးကျော်လွင် [၁၂/ကမရ(နိုင်)၀၀၉၉၀၄] အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအောက် ရွှေပြည်သာမြို့နယ်တရားရုံး၏တရားမကြီးမှု အမှတ်–၅၅/၂၀၂၁(၃၁–၁–၂၀၂၂)ဖြင့် ဦးကျော်လွင်၊ ဒေါ်မေနင်းအောင်တို့အား တရားပြိုင်ပြု၍ တရားလိုဒေါ်ပွင့်ဖြူအောင်မှ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ကြီး ချုပ်ဆိုပေးစေလိုမှု စွဲဆိုခဲ့ရာ ဒေါ်ပွင့်ဖြူအောင်မှ ရရှိခဲ့သည့် (၃၁–၁–၂၀၂၂) ရက်စွဲပါ တရားမဇာဂီမှုအမှတ်–၁၆/၂၀၂၂ ၏ ထုံးပုံကျအပြီးသတ်အမိန့်၊ ရွှေပြည်သာမြို့နယ် တရားရုံး၏(၂၈–၄–၂၀၂၂) ရက်စွဲပါ တရားမဇာဂီမှုအမှတ်–၁၆/၂၀၂၂ ၏ ထုံးပုံကျအပြီးသတ်အမိန့်၊ ရွှေပြည်သာမြို့နယ် တရားရုံး၏(၂၈–၄–၂၀၂၂) ရက်စွဲပါ ဘီလစ်ခန့်အပ်စာ၊ နှစ်(၆၀)ဂရန်မှရင်း၊ တရားရုံးသို့တင်ပြခဲ့သည့် အရပ်ကတိ အဆက်အစပ်အရောင်းအဝယ်စာချုပ်တို့တင်ပြ၍ ဘီလစ်ဒေါ်ငုပါ [၁၂/လမန(နိုင်)၀၂၉၆၃၃]မှ တရားရုံးဒီကရီ အထောက်အထားများ၊ တရားရုံးမှ တာဝန်ပေးအပ်ခြင်းစာ၊ နေ့စဉ်မှတ်တမ်း၊ ဂရန်မှရင်းတို့ တင်ပြ၍ လျှောက်ထားလာရာ တရားဝင်နိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး
(ခုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၇)ရပ်ကွက်၊ ပန်းခြံ(၄)၊ အနော်ရထာလမ်း၊ အိမ်အမှတ်–၅၀(ခ)ဟုခေါ်တွင်သော အကျယ်အဝန်း(၂၀ x ၆၀)ပေ နှစ်(၆၀)ဂရန်အမည်ပေါက် ဒေါ်တင်တင်လှ(ISN–၅၁၀၇၄၂)အိမ်ခြံမြေနှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား ဒေါ်တင်စန်း[၁၂/ဗဟန(နိုင်)၀၀၇၆၇၃]မှ အရပ်ကတိဆက်စပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ယခုအခါတွင် ဒေါ်တင်စန်းမှ ကွယ်လွန်ခဲ့ပြီး ကျန်သားသမီး(၃)ဦးတို့မှ မိမိတို့သာ တရားဝင်လက်ရောက်ရယူပိုင်ဆိုင်ထားပြီး ရောင်းချခွင့်ရှိကြောင်း အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုလျက် ကျွန်ုပ်မိတ်ဆွေ ဦးလမင်းသိန်း[၁၂/ရပသ(နိုင်)၀၆၃၇၆]ဖြစ်သူထံသို့ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်သဘောတူညီပြီး စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့်အိမ်အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက စာရွက်စာတမ်းအထောက်အထား စုံလင်စွာဖြင့် ယခုကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အဆိုပါနေ့ရက်ကျော်လွန်ပါက ကျွန်ုပ်မိတ်ဆွေ ဘက်မှ အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဒေါ်သိမ်ခိုသိမ်ခိုအေး(LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်–၁၇၁၈၆)
အမှတ်(၂၅)၊ ဦးအောင်ဧယျာလမ်း၊
အောင်တော်မူပန်းခြံ(စ)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။
ဖုန်း–၀၉–၄၅၅၇၂၂၃၀၉၊ ၀၉–၇၇၃၄၉၄၄၅

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ သမိုင်း(၁)ရပ်ကွက်၊ မြို့သစ်(၄)လမ်း၊ အမှတ်(၁/၁၃၂–၄၄)ဟုခေါ်တွင်သော နှစ်ခန်းတွဲ(၆)ထပ်အဆောက်အဦး၏ ပထမထပ်(ခြေရင်းခန်း) အကျယ်အဝန်း(၁၂.၅ ပေx ၅၀ပေ)ရှိ ရေ၊ မီးအစုံနှင့်ယင်းတွင် တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့် အရပ်ရပ်ပါတိုက်ခန်းအား ဝယ်ယူမည်ဖြစ်၍ သက်ဆိုင်သူများကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ဖော်ပြပါတိုက်ခန်းသည်မြေပိုင်ရှင်ဒေါ်တင်တင်၊ဒေါ်ကူလိမ္ဘွန်းဘီနှင့် ကန်ထရိုက်တာဦးမူကရေစာ (ခ)ဦးမြသိန်းတို့၏ (၂၆–၃–၂၀၁၉)ရက်စွဲပါ RC(၆)ထပ်တိုက်တစ်လုံးဆောက်လုပ်ခြင်း နှစ်ဦးသဘောတူကတိစာချုပ်အရ ကန်ထရိုက်တာဦးမူကရေစာ(ခ)ဦးမြသိန်းမှအကျိုးအမြတ်ခွဲဝေပိုင်ဆိုင်ရရှိခဲ့သောတိုက်ခန်း ဖြစ်ပါသည်။

၂။ အထက်ပါတိုက်ခန်းအား ကန်ထရိုက်တာဦးမူကရေစာ(ခ)ဦးမြသိန်းထံမှ အဆင့်ဆင့်ဝယ်ယူ ပိုင်ဆိုင်ထားခဲ့သော ပိုင်ဆိုင်မှုဆက်စပ်စာချုပ်စာတမ်းမူရင်းများနှင့်တကွယခုလက်ဝယ်ထားရှိပိုင်ဆိုင်ကာဝင်းတွင်တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ **ဒေါ်မေစုနိုင်[၁၂/မရက(နိုင်)၁၅၈၀၁]**က အပြီးအပိုင်လက်ရောက်ပေးအပ်လွှဲပြောင်းရောင်းချလိုကြောင်း စကားကမ်းလှမ်းချက်အပေါ် ကျွန်ုပ်မိတ်ဆွေ **ဦးတင်ဝင်း[စ/တတက(နိုင်)၀၁၀၇၈၃]**မှ လက်ခံသဘောတူခဲ့ပြီးဖြစ်၍ တိုက်ခန်းတာန်ဖိုး၏ တစ်စိတ်တစ်ဒေသကို (၂၁–၅–၂၀၂၃)ရက်က ပေးချေထားပြီးဖြစ်ပါသည်။

၃။ တိုက်ခန်းအရောင်းအဝယ်ကိစ္စအတွက် ပိုင်ဆိုင်မှုနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုပါက တိကျခိုင်လုံသော စာချုပ်စာတမ်း**(မူရင်း)**အထောက်အထားများနှင့်တကွ ယခုကြော်ငြာပါရှိသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ
ဒေါ်သန္ဓာဝင်း (LL.B, D.B.L, D.I.L)
တရားလွှတ်တော်ရှေ့နေ (စဉ်–၁၃၀၅၈)
အမှတ်–၃၅၊ ၃–လွှာ(ယာ)၊ ၃၅–လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း–၀၉–၄၃၀၂၃၁၂၁

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်း/လူနေရပ်ကွက် အမှတ်(၁၀)၊ မြေကွက်အမှတ်–၅၁၇(ခ)၊ လူနေအခေါ် ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက် ဧယျာ(၁၇)လမ်း၊ အမှတ်–၅၁၇(ခ)ဟုခေါ်တွင်သော အကျယ်အဝန်း(၂၀ပေx၆၀ပေ) (၁၂၀၀)စတုရန်းပေရှိ ဒေါ်အုန်းသောင်း(IGU–၀၅၄၉၃၃) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအမျိုးအစား မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ ဖော်ပြပါ မြေကွက်နှင့်ပတ်သက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနခွဲ ဒေါ်အုန်းသောင်း(IGU–၀၅၄၉၃၃)အမည်ပေါက်လျျက်ရှိပြီး ၎င်း၏တစ်ဦးတည်းသောသမီးတော်စပ်သူ ဒေါ်ယဉ်သန္တာစိုး[၁၂/မဂဒ(နိုင်)၁၅၄၆၀၉]က ရန်ကုန်မြို့စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံး၊ အမွေဆက်ခံပိုင်ဆိုင်ကြောင်းကြေညာစာချုပ် အမှတ်(၂၇၈၇/၂၀၁၄)နှင့် အမှားပြင်ဆင်ဖြည့်စွက်ခြင်းစာချုပ်အမှတ်(၂၂၀/၂၀၁၅)တို့အရ တရားဝင်ပိုင်ဆိုင်ခဲ့ပြီး ၎င်းထံမှမှတ်ပုံတင်အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၃၃၆၅/၂၀၁၅)ရရှိထားရ၍ လက်ရောက်ပေးအပ်တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်ရွှေမိုးသူဇာ(ဘ)ဦးဦးစောသိန်း [၁၁/ကတန(နိုင်)၀၆၆၆၇၂၄]ထံမှ ကျွန်ုပ်မိတ်ဆွေဒေါ်ခိုင်ခိုင်ဖြူ[၁၂/ဥကတ(နိုင်)၁၂၄၄၉၇]က အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို (၁၉–၅–၂၀၂၃)ရက်က ပေးချေထားပြီးဖြစ်ပါသည်။

၂။ မြေကွက်အရောင်းအဝယ်ကိစ္စပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တိကျခိုင်လုံသော စာချုပ်စာတမ်း**(မူရင်း)**အထောက်အထားများနှင့်တကွ ယခုကြော်ငြာပါရှိသည့်နေ့မှစ၍ (၁၀)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ
ဒေါ်သန္ဓာဝင်း (LL.B, D.B.L., D.I.L)
တရားလွှတ်တော်ရှေ့နေ (စဉ်–၁၃၀၅၈)
အမှတ်–၃၅၊ ၃–လွှာ(ယာ)၊ ၃၅–လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း–၀၉–၄၃၀၂၃၁၂၁

"ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့၊ အမှုထမ်းရုပ်ကွက်၊ စိုက်ပျိုးရေးလမ်း၊ အမှတ်(၂၇)ဟုခေါ်တွင်သော သန်လျင်မြို့၊ အမှုထမ်းရုပ်ကွက်၊ အကွက်အမှတ်(၂၇)၊ ကျိုက်ဇောမိတောင်ကွက်၊ ဦးပိုင်အမှတ်(၈/က/ဘ)၊ (၁၀/က/ဘ)၊ ဧရိယာ(၀.၀၈၃)ဧက၊ ဂရန်အမှုတွဲအမှတ်–RPNO–၁၄၀/V/၂၀၀၇–၂၀၀၈(၄–၂–၂–၂–၂၀၁၈)အရ ဒေါ်ခင်မိုးမိုး အမည်ပေါက် ဂရန်နေမြေကွက်ဖြစ်ပါသည်။ အဆိုပါ ဂရန်နေမြေကွက်နှင့် အကျိုးခံစားခွင့် အရပ်ရပ်တို့အား ဂရန်အမည်ပေါက် ပိုင်ရှင်ဖြစ်သူ ဒေါ်ခင်မိုးမိုး[၁၂/မဂတ(နိုင်)၀၆၃၁၃၇] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသော ဂရန်မူရင်း စာရွက်စာတမ်း၊ စာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍ (၁၄)ရက်အတွင်း မည်သူမဆို ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်စိုးစိုးကြည်(LL.B,D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ်–၈၈၆၇)
အမှတ်(၁၂)၊ ပြည်တော်သာလမ်း၊ မြို့သစ်အရှေ့ရပ်ကွက်၊ သန်လျင်မြို့။
ဖုန်း–၀၉–၅၁၈၅၁၆၇

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ Star City ကြယ်စင်အိမ်ရာ ဝင်းအတွင်းရှိ City Loft တိုက်အမှတ် CL–၂၊ (၅)လွှာ၊ အခန်းအမှတ်(၅၁၀) ကွန်ဒိုတိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်ကို ဒေါ်ခင်ကျော်ဇောဆွေ [၁၂/စခန(နိုင်)၀၅၅၅၆]မှ တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံလျက် အပြီးအပိုင် ရောင်းချရန် ကမ်းလှမ်းလာသည့် အလျောက် ကျွန်ုပ်က ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးလက်ဝယ်ပိုင်ဆိုင်ထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် (၇)ရက်အတွင်း လူကိုယ်တိုင်ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက တိုက်ခန်းအမည်ပေါက် ပြောင်းလဲခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဒေါ်အန်ဂျလာဆဲလ်ဝီ
City Loft,Cl–၄၊ ၇၀၃
Star City ကြယ်စင်အိမ်ရာဝင်း
သန်လျင်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၆၈၉၄၄၇၅၅

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်နေ ဦးရဲနိုင်ကျော်–ဒေါ်ခင်ခင်ဦးတို့၏ သားဖြစ်သူ မောင်ရန်နိုင်အောင် [၁၂/ဒပန(နိုင်)၀၆၅၂၈၅]သည် မိဘ၏ဆိုဆုံးမမှုအား နားမထောင်ဘဲ ၎င်းဆန္ဒအလျောက် နေအိမ်မှ ထွက်ခွာသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝများအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

ဦးရဲနိုင်ကျော်[၁၂/ဥကမ(နိုင်)၁၅၆၄၆၃]
ဒေါ်ခင်ခင်ဦး[၁၂/ဒပန(နိုင်)၀၅၀၇၃၀]

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ရွှေကမ္ဘာအဆင့်မြင့်အိမ်ရာစီမံကိန်း၊ ရွှေကမ္ဘာ(၁)လမ်း၊ တိုက်အမှတ်(ဘီ–၁၆)၊ (၂)ခန်းတွဲ(၅)ထပ်တိုက်၏ ခြေရင်းခန်း၊ အခန်းအမှတ်(၄၀၂)၊ စတုတ္ထထပ်(၅)လွှာ အကျယ်အဝန်း(

ဦးဆိုင်တင်
အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ အမှတ်(၅၄)၊ နှင်းဆီဥယျာဉ်အိမ်ရာ၊ (၂၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ (ဒေါ်မြင့်မြင့်ငြေး)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးအေးမင်း(လင်း စတူဒီယို)-ဒေါ်နေခြည်ဝင်း(ခ)ဒေါ်နိုင်နိုင်ဦး၊ (ဒေါ်နန္ဒာဝင့်)တို့၏ ချစ်လှစွာသောဖခင်၊ မောင်ဇေယံပိုင်ဟိန်း ၏ ချစ်လှစွာသော အဘိုးသည် ၂၂-၅-၂၀၂၃(တနင်္လာနေ့) နံနက် ၈:၅၀နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၂၄-၅-၂၀၂၃ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား ညှိုးငယ်စွာဖြင့်အသိပေးအပ်ပါသည်။
[ကွယ်လွန်သူအား ရည်စူး၍ ၂၈-၅-၂၀၂၃ (တနင်္ဂနွေနေ့)တွင် ရက်လည်ဆွမ်းကျွေးမည်ဖြစ်ပါသောကြောင့် ကြွရောက်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးတင်ဦး
(မော်လမြိုင်၊ အမှတ်-၆၊ အထက ကျောင်းအုပ်ကြီး)
မွန်ပြည်နယ် လက်ထောက်ပြည်နယ်ပညာရေးမှူး၊ မော်လမြိုင် ဆရာအတတ်သင်သိပ္ပံ ကျောင်းအုပ်ကြီး
အသက်(၉၂)နှစ်

မော်လမြိုင်မြို့၊ မြိုင်သာယာ ရာဇာဝိရာဇ်လမ်း၊ အိမ်အမှတ်(၁၄၅)နေ ကတိုးကေဘုန္ဓပ် မွန်သူဌေးကြီး ဦးနာအောက်၏ မြေး၊ ဆရာကြီးဦးအောင်ကြီး-ဒေါ်သန်းကြွယ်တို့၏သားကြီး၊ ဝဏ္ဏကျော်ထင် ဦးအေးဖေ-ဒေါ်စိန်အောင်တို့၏ သားသမက်၊ ဒေါ်သန်းမြင့်၏ချစ်လှစွာသော ခင်ပွန်း၊ ဦးတင်လတ်[အငြိမ်းစား ဒုဗိုလ်မှူးကြီး/ဦးဆောင်ညွှန်ကြားရေးမှူး၊ ဆ.သ.ရ(ရန်ကုန်)]-(ဒေါ်ဝင်းဝင်းမွန်း)၊ ဦးတင်ထွန်း(နီရောင်ပန်းရောင်ဆေးတိုက်)-(ဒေါ်ခင်စောလှ)၊ ဦးတင်အုန်း-ဒေါ်ခင်မာလာ(ရုပ်ရှင်သရုပ်ဆောင်)]၊ ဦးစိုးမြင့်အောင်-ဒေါ်ခင်စန်းတို့၏အစ်ကိုကြီး၊ ဒေါက်တာသက်ဦး-ဒေါ်မိုးမိုးမြင့်-Margo Momo Myint Oo(USA)၊ ဦးကြီးစိုးဦး(သထုံခရိုင်ပညာရေးမှူးရုံး)၊ ဦးတိုနီ-ဒေါ်နန္ဒာတင်ဦး၊ ဒေါက်တာမင်းဦး-ဒေါ်မိမိလတ် (မော်လမြိုင်တက္ကသိုလ်)၊ (ဦးညီညီဦး)၊ ဦးတင့်ဇော်ဦး-ဒေါ်နီလာတင်ဦးတို့၏ ချစ်လှစွာသောမိခင်၊ မြေးခြောက်ယောက်တို့၏ ချစ်လှစွာသော အဘိုးသည် ၁၃၈၅ ခုနှစ်၊ နယုန်လဆန်း ၂ ရက်၂၀-၅-၂၀၂၃ (စနေနေ့) နံနက် ၄:၄၈ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၂၄-၅-၂၀၂၃ (ဗုဒ္ဓဟူးနေ့)တွင် ပိန္နဲကုန်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးဆွေမျိုးတပည့်မိတ်ဆွေများအား ဝမ်းနည်းစွာဖြင့် အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးမြ
အသက်(၉၁)နှစ်

ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နေ (ဦးအောင်ပု-ဒေါ်မမကြီး)တို့၏သား၊ (ဦးလှလွင်-ဒေါ်စောညွန့်)တို့၏ညီ၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်နေ ဒေါ်ခင်ရီ၏ခင်ပွန်း၊ ဒေါ်မြင့်မြင့်စိုး၊ ဒေါ်တင့်တင့်စိုး၊ ဗိုလ်မှူးကြီးတင်မောင်လွင်-ဒေါ်ခိုင်ဝင်းအေး၊ (ကိုဇော်ဝင်း)၊ ဗိုလ်မှူး မင်းယုရှိန် (ငြိမ်း)-ဗိုလ်ကြီးဒေါ်စိုးစိုးမော်(ငြိမ်း)၊ ဦးဟန်ဝင်းမောင်-ဒေါက်တာစိုးစိုးထွေးတို့၏ကျေးဇူးရှင်ဖခင်ကြီး၊ ခန့်စစ်သွေး၊ ဆုပြည့်ပြည့်နိုင်၊ မြတ်နိုးရတနာရှိန်၊ ကြည်ဖြူရတနာရှိန်၊ သဒ္ဓါရတနာရှိန်၊ မြဖူးဖူးဟန်တို့၏ ချစ်လှစွာသောဘိုးဘိုးသည် ၂၂-၅-၂၀၂၃(တနင်္လာနေ့) နံနက် ၁:၀၈နာရီတွင် ရန်ကုန်မြို့၊ ကန်သာယာဆေးရုံ၊ နှလုံးအထူးကြပ်မတ်ကုသဆောင်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ

ကမ္ဘာ့အပူချိန် လျှော့ချဖို့ အိုဇုန်းလွှာကာကွယ်မှုနဲ့အတူ ဆက်လက်ဆောင်ရွက်စို့

ဒေါ်စိတင်(ခ)ဖွားဘုံ
(ပုလော/ပလမြို့)
အသက်(၉၉)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့နယ်၊ ပလမြို့နေ (ဦးပိန်-ဒေါ်ကြာမြ)တို့၏သမီး၊ (ဦးအင်ကြည်)-ဒေါ်သန်းရှင် (အမှူဆောင်၊ ပုလောမြို့နယ်အသင်း၊ ရန်ကုန်)၏မိခင်၊ ဒေါ်စိတင်(ခ)ဖွားဘုံသည် ၂၂-၅-၂၀၂၃(တနင်္လာနေ့) နံနက် ၀၀:၃၀နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၂၄-၅-၂၀၂၃(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(အမှတ်-၁၀၈၊ လေးလွှာ-A၊ ကျွန်းတောလမ်း၊ စမ်းချောင်းမြို့နယ်နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ နတ်မောက်ရပ်ကွက်၊ ဦးထွန်းမြတ်လမ်း၊ အမှတ်(၃၇)၊ Royal Garden Condo၊ အခန်းအမှတ်(9J)၊ အကျယ်အဝန်း(၁၃၇၈)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းအရောင်းအဝယ်နှင့်စပ်လျဉ်းပြီး ကန့်ကွက်နိုင်ပါသည်

အဆိုပါကွန်ဒိုတိုက်ခန်းကိုတရားဝင်ဝယ်ယူပိုင်ဆိုင်ထားသူဦးအောင်ကျော်သူ [၁၂/တမန(နိုင်)၀၆၄၃၅]ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေတစ်ဦးက ဝယ်ယူရန်ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများ ယနေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားအပြည့်အစုံဖြင့် လာရောက် ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်ဘော် (စဉ်-၄၀၃၅)
LL.B,DBL,DML,DIL,DLP,WIPO (Switzerland)
ဒေါ်အေးအေးစိုး (စဉ်-၅၈၂၇) B.Sc, Hon (IC), HGP, R.L,D.B.L
တရားလွှတ်တော်ရှေ့နေများ
ဦးရဲမြင့်ထွန်း (LL.B) (စဉ်-၅၀၅၂၂) အထက်တန်းရှေ့နေ
အမှတ်(၂၇)၊ ၁၂-လမ်း၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ရန်ကုန်မြို့။
Tel: 294766 HP: 09-5017044

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃/၁၇၊ ရတနာလမ်း၊ မြေကွက်အမှတ်(၂၁၄၅)၊ အကျယ်အဝန်း(၄၀ပေx၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးအောင်စိုး[၁၂/မဘန(နိုင်)၀၀၈၇၀၆]မှ ၎င်းသည်အဆိုပါမြေကွက်ကို လက်ရှိပိုင်ဆိုင်အကျိုးခံစားလျက်ရှိပြီး အရှည်အကျင်းကင်းရှင်းစွာဖြင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် အဆိုပါမြေကွက်အား ကျွန်ုပ်မိတ်ဆွေမှ (၂၀-၁၁-၂၀၁၇)ရက်နေ့တွင် "နှစ်ဦးသဘောတူ မြေကွက်အရောင်းအဝယ်ကတိစာချုပ်" ချုပ်ဆိုကာဝယ်ယူထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှု စာချုပ်စာတမ်း၊ အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့် ရက်မှ(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးမြင့်သန်း [၁၂/ရပသ(နိုင်)၀၈၀၈၄၂]၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်စပါယ်(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၄၇၇)
အမှတ်-၂၆၀၊ တတိယထပ်၊ အောင်သီရိလမ်း၊ မြို့သစ်ရပ်ကွက်၊ ဒေါ်ဝံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၂၀၇၈၄၈၄၊ ၀၉-၇၉၂၂၈၅၅၃၃

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ CL2-602, City Loft, Than Lyin အခန်းအား လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဖြစ်သော ဒေါ်အိအိခင်[၁၂/ပဇတ(နိုင်)၀၃၄၀၀၄]ထံမှ ကျွန်တော် ဦးကောင်းခန့်သူ [၁/မညန(နိုင်)၁၅၇၇၇၂]မှ အပြီးအပိုင်ဝယ်ယူရန်စရန်ငွေ ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးကောင်းခန့်သူ
[၁/မညန(နိုင်)၁၅၇၇၇၂]
Ph:09-5029070

ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ၁၅၃-ရပ်ကွက်၊ ဇောတိုက လမ်း၊ မြေတိုင်းရပ်ကွက်အမှတ် - ၁၅၃၊ မြေကွက်အမှတ် (၆၀၈)၊ အကျယ်အဝန်း (၄၀' x ၆၀')ရှိ ဒေါ်ခင်လှည်(အမည်ပေါက်ပါမစ်မြေကွက်နှင့်တကွ အကျိုးခံစားခွင့် အရပ်ရပ်အား ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးတင်မိုး(ဇော် (၅/မရန (နိုင်) ၀၃၃၇၂)ထံမှ ကျွန်ုပ်တို့မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဘိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါအိမ်ခြံမြေနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာချက်ပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများဖြင့် လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - ဒေါ်သဲနုစံ (LL.B., D.BL., D.I.L)
တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၅၅၆၉)
အမှတ် (၇၀/၁)၊ ၂-လမ်းသွယ် (၂)၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။
ဖုန်း - ၀၉ ၄၀၁၆ ၂၀၈၀၆၊ ၀၉ ၇၉၉ ၂၆၀၉၃၃

"အထူးဝမ်းနည်းကြေကွဲခြင်း"
ဒေါ်ခင်စိန်
အသက်(၉၀)

RC-1, အာစရိယပူဇော်ပွဲကျင်းပရေးနှင့်လူမှုအကျိုးပြုအဖွဲ့တို့၏ EC အဖွဲ့ဝင် ဒေါ်ကြည်ကြည်မြင့်၏မိခင်ကြီးသည် ၂၀-၅-၂၀၂၃(စနေနေ့) မွန်းလွဲ ၁:၅၀နာရီတွင် ကွယ်လွန်ပါ၍ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

နာယကဆရာများ၊ လူမှုအကျိုးပြုအဖွဲ့၊ ပညာဒါနအကျိုးဆောင်ကော်မတီနှင့် အာစရိယပူဇော်ပွဲ ကျင်းပရေးကော်မတီ RC-1, RUBC, BC

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါ်နယ်လီကိုကြီး(ခ)ဒေါ်ခင်မိမိကြီး
အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ သဃန်းကျွန်းမြို့နယ်၊ ဂန္ဓမာလမ်း၊ အမှတ်(၃၂၉)နေ (ဒုဗိုလ်မှူးကြီးမြတ်အေး)(ငြိမ်း)၏ချစ်လှစွာသော ဇနီး ဒေါ်နယ်လီကိုကြီး(ခ)ဒေါ်ခင်မိမိကြီးသည် ၂၀-၅-၂၀၂၃ (စနေနေ့)၊ နံနက် ၇:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

OTS(30)သူငယ်ချင်းများနှင့်မိသားစုများ

ရန်ကုန်မြို့၊ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက် အမှတ်(၇)အနောက်ရထားလမ်း၊မြေကွက်အမှတ်(၈၁၁)အကျယ် အဝန်း(၄၀x ၆၀)ပေရှိဦးလှမောင်(S/OKA-၀၀၃၁ ၂၅) အမည်ပေါက်ပါမစ်မြေကွက်နှင့်နေအိမ်အား အရောင်းအဝယ်ပြုလုပ်ခြင်းကိုကန့်ကွက်နိုင်ပါကြောင်း။

အထက်ဖော်ပြပါမြေနှင့်အိမ်အား ပါမစ်အမည်ပေါက်ကွယ်လွန်သွားပြီးနောက် ၎င်း၏တရားဝင်ဇနီးဖြစ်သူ အမွေဆက်ခံခွင့်ရှိသူ **ဒေါ်သန်းညွှန့်(၁၂/ဥတတ(နိုင်)၀၆၂၀၅၅)**ထံမှ **ဦးမြင့်အောင်(၁၂/ဥတတ(နိုင်)၀၀၅၀၉၈)**က တရားဝင်ဝယ်ယူထားပြီး အရှေ့အရှင်း ကင်းရှင်းစွာဖြင့်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်(စရန်ငွေ)ပေးချေထားပြီးဖြစ်ပါသည်။အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ပိုင်ရေးဆိုင်ခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် ရက်မှစ၍ (၇)ရက်အတွင်း နိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ- ဒေါ်နွယ်နီဆေး(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၄၃၉)
အမှတ်(၃/၃၀၄)၊ ဂန္ဓမာလမ်း၊ ဝေဘာဂီမြို့သစ်၊မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၂ ၂၂ ၁ ၁ ၀ ၀ ၀ ၇

အများသိစေရန်ကြေငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃) ရပ်ကွက်၊ ယသဝဝတီလမ်း၊ အမှတ် (၁၀၉၈)ရှိ (မှန်ခန်း)နှင့် အကျိုးခံစားခွင့်များကို ပိုင်ရှင်ဖြစ်သူ ဒေါ်လှမြင့် (TTE-၀၁၁၅၇၅) ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေတစ်ဦးမှ စရံငွေပေးချေပြီးဖြစ်ပါသည်။ အကျိုးသက်ဆိုင်၍ နစ်နာသည်ဟုအဆိုရှိလျှ မည်သူမဆို ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက် အတွင်း ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်၍ ကန့်ကွက်နိုင်ပါသည်။ အဆိုပါရက် ကျော်လွန်ပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားပါမည့်အကြောင်း အများသိစေရန်ကြော်ညာအပ်ပါသည်။

ညွှန်ကြားချက်အရ-
ဦးအောင်နိုင်
(LL.B, DB.L, DIL)
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၈၂၆)
အမှတ်(၁၀/၁၂)၊ မြေညီထပ်၊ (၃၅)လမ်း၊
ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။ ၀၉-၄၄၃၀၄၈၁၅

အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၂၅) ရပ်ကွက်၊ ဘုန်းပြည့်စုံလမ်း၊ အမှတ်(၉/D-11)နေ ဦးဇော်မင်းလတ်[၁၀/မလမ(နိုင်)၁၃၂၂၁] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်သည်မှာ-

ကျွန်ုပ်မိတ်ဆွေသည် ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း၊ ဓမ္မာရုံလမ်း၊ (၃)လွှာ၊ အမှတ်(၂၅)တွင် မှတ်ပုံတင်အမှတ်-၁၀၄၉၄၁၂၃ ဖြင့် F.S MYANMAR COMPANY LIMITED အား (၂၉. ၄. ၂၀၁၅) ရက်နေ့မှ စတင်ဖွင့်လှစ်၍ ယနေ့ထက်တိုင် အမည်ပျက်မရှိ ကောင်းမွန်သော ဂုဏ်သတင်းဖြင့် လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။ ကျွန်ုပ်မိတ်ဆွေအနေဖြင့် မည်သူတစ်ဦးတစ်ယောက်၊ လူပုဂ္ဂိုလ်အဖွဲ့အစည်းများထံမှ မည်သည့်ငွေကြေး တစ်စုံတစ်ရာကိုမျှ ရယူချေးယူထားခြင်းမျိုးမရှိပါကြောင်းနှင့် F.S MYANMAR COMPANY LIMITED အားလည်း ရုံးခွဲအနေဖြင့် မည်သည့်နေရာတွင်မှ ဖွင့်လှစ်ထားခြင်းမျိုးမရှိပါ။ သို့ဖြစ်ပါသောကြောင့် ကျွန်ုပ်မိတ်ဆွေ၏ F.S MYANMAR COMPANY LIMITED ၏ ဂုဏ်သတင်းအား ထိခိုက်နစ်နာစေရန် ရည်ရွယ်၍ ကုမ္ဗဏီနာမည်အား အလွဲသုံးစားပြုခြင်း၊ ငွေကြေးလိမ်လည်မှုများ ပြုလုပ်ဆောင်ရွက်ခြင်းတို့ မပြုလုပ်ရန်နှင့် ပြုလုပ်ခဲ့ပါက သက်ဆိုင်ရာတည်ဆဲ ဥပဒေများအရ ထိရောက်စွာအရေးယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်မော်မော်မြင့် (LL.B, D.B.L, D.I.L)	**ဒေါ်ဖြူဝေဝေအောင် (LL.B, D.B.L)**	**ဦးမျိုးသီဟ(LL.B)**
တရားလွှတ်တော်ရှေ့နေ	**အထက်တန်းရှေ့နေ**	**အထက်တန်းရှေ့နေ**
(စဉ်-၁၃၄၃)	**(စဉ်-၄၈၄၀)**	**(စဉ်-၅၂၁၇)**

တိုက်အမှတ် (၂၅)၊ (၄) လွှာ (ဘယ်)၊ ဘုရင့်နောင်လမ်း၊ (ဈ/၁၀) ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၄၅၁၀၅၉၀၆၂၄၊ ၀၉-၂၅၃၅၅ ၆ ၀ ၀ ၇ ၀ ၊ ၀ ၉ - ၇ ၇ ၇ ၂ ၅ ၁ ၁ ၇ ၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး။

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှု ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) စျေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့်ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူစွမ်းအား အရင်းအမြစ်များ မွေးထုတ်နိုင်ရန် ဘက်စုံပညာရေး ကဏ္ဍမြှင့်တင်ရေး။

❖ **နိုင်ငံရေးအနေဖြင့် ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးသွားမည်ဖြစ်ကာ အုပ်ချုပ်ရေးအနေဖြင့် ပါတီစုံဒီမိုကရေစီစနစ်နှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုစနစ်ကို ကျင့်သုံးနိုင်ရေးဆောင်ရွက်သွားမည်ဖြစ်...**

❖ **တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) သည်လည်း အစိုးရနှင့် EAO များအကြား၊ နိုင်ငံတကာအဖွဲ့အစည်းများအကြား ထားရှိခဲ့သည့် ကတိကဝတ်ဖြစ်...**

❖ **တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေးဆွေးနွေးရာတွင်လည်း အပြုသဘောဆောင်သည့် ဆွေးနွေးမှုရလဒ်များကို ဖော်ဆောင်နိုင်ခဲ့...**

❖ **တစ်နိုင်ငံလုံးငြိမ်းချမ်းရေးရရှိရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင် ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး(၂/၂၀၂၃)တွင် ပြောကြားမှုမှ ကောက်နုတ်ချက်)

ဆင်ဖြူတော်ကလေး "ရဌနန္ဒက" မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိ

နေပြည်တော် မေ ၂၂

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်းဆင်ဝိုင်းမှ ဆင်မဇာနန်းလှက ၂၀၂၂ ခုနှစ် ဇူလိုင် ၂၃ ရက် နံနက် ၆ နာရီခွဲတွင် မွေးဖွားခဲ့သည့် ဆင်ဖြူတော် (အထီး)ကလေး "ရဌနန္ဒက"သည် မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိကြောင်း သိရသည်။ စာမျက်နှာ ၁၆ ကော်လံ ၁ သို့

ရသေ့တောင်မြို့နယ် ကူတောင်တိုက်နယ်ဆေးရုံ ဆင်ဝင်အမိုးအောက်တွင် ဆေးခန်းဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနေစဉ်။

ကျန်းမာရေးဝန်ကြီးဌာနမှ နယ်လှည့်အထူးကုဆေးအဖွဲ့များ၊ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့များနှင့် ဆေးအဖွဲ့များက ဘေးအန္တရာယ်ကျရောက်ခဲ့သည့်ဒေသများတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေး

နေပြည်တော် မေ ၂၂

ကျန်းမာရေးဝန်ကြီးဌာနသည် ဆိုင်ကလုန်းမုန်တိုင်း မိုခါ ဘေးအန္တရာယ်ကျရောက်သည့် ဒေသများတွင် မေ ၁၅ ရက်မှ စတင်၍ ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိရာ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ နယ်လှည့် အထူးကုဆေးအဖွဲ့များ၊ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့များနှင့် ဆေးအဖွဲ့များက တိုက်နယ်ဆေးရုံ၊ ကျေးလက်ကျန်းမာရေးဌာန၊ ကျေးလက်ကျန်းမာရေးဌာနခွဲများမှသည် ကျေးလက်ဒေသများသို့ရောက်ရှိသည်အထိ ကွင်းဆင်းဆောင်ရွက်ခြင်း၊ ပြည်သူ့ဆေးရုံများတွင် စာမျက်နှာ ၁၆ ကော်လံ ၁ သို့ ❖

ယနေ့ ဖတ်စရာ

သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများတွင် တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိ

စာမျက်နှာ » ၁၅

. . . . . .

ဆိုင်ကလုန်းမုန်တိုင်း မိုခါတိုက်ခတ်မှုကြောင့် ရခိုင်ပြည်နယ်အတွင်း၌ နေထိုင်သူစုစုပေါင်း ၁၄၈ ဦး သေဆုံး

စာမျက်နှာ » ၁၆